မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၃၁)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်နေ့ | ၂၀၁၃ ခုနှစ်၊ မေ ၂၄ ရက်၊ သောကြာနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

ဒို့တာဝန် အရေး(၃)ပါး

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စုသို့ အလုပ်သဘောခရီးစဉ်သွားရောက်ပြီး ပြန်လည်ရောက်ရှိလာရာ နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စုသို့ အလုပ်သဘောခရီးစဉ်သွားရောက်ပြီးနောက် မေ ၂၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်က အဖွဲ့ဝင်များနှင့်အတူ ဝါရှင်တန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့သည်။

နိုင်ငံတော်သမ္မတအား အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန်းဆွေ၊ စစ်သံမှူးဗိုလ်မှူးကြီးမြင့်သိန်းနှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဝါရှင်တန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် မေ ၂၂ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ကိုရီးယားသမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး Mr. Suh Seoung-hwan၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ဌာနအကြီးအကဲနှင့် အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်ကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးညွန့်လှိုင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်မြင့်ဟိန်းနှင့် သံရုံး၊ စစ်သံရုံး ဝန်ထမ်းများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ကိုရီးယားလေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ *စာမျက်နှာ ၃ ကော်လံ ၄* ◆

ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ကိုယ်ရေးအချက်အလက်

ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး

ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ဇနီး မစ္စစ်အာကီအာဘေး

မစ္စတာ ရှင်ဇိုအာဘေးသည် ၁၉၅၄ခုနှစ် စက်တင်ဘာလ ၂၁ရက်နေ့တွင် တိုကျိုမြို့၌ မွေးဖွားခဲ့သည်။ ၁၉၉၃ခုနှစ်မှစတင်၍ ရာမဂူချီ အမှတ်(၄)ခရိုင် မဲဆန္ဒနယ်မှ အောက်လွှတ်တော်အမတ်အဖြစ် ခုနစ်နှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။ ၁၉၇၇ခုနှစ်တွင် Seikei တက္ကသိုလ် ဥပဒေရေးရာဌာနမှ နိုင်ငံရေးသိပ္ပံဖြင့် ဘွဲ့ရရှိခဲ့သည်။

၁၉၇၉ခုနှစ်တွင် မစ္စတာ အာဘေးသည် Kobe သံမဏိကုမ္ပဏီ၌ ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီး၏ လက်ထောက်အမှုဆောင်အဖြစ် နိုင်ငံရေးလမ်းကြောင်းပေါ်သို့ စတင်ရောက်ရှိခဲ့ပြီး ၁၉၉၃ခုနှစ်တွင် ရာမဂူချီ အမှတ်(၄) ခရိုင်မဲဆန္ဒနယ်မှ အောက်လွှတ်တော်အမတ်အဖြစ် ပထမအကြိမ်ရွေးချယ်ခံခဲ့ရသည်။ ၁၉၉၉ ခုနှစ်တွင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးကော်မတီအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ လူမှုရေးရာဌာန၌ ဒါရိုက်တာအဖြစ် လည်းကောင်း အသီးသီးထမ်းဆောင်ခဲ့သည်။

၂၀၀၀ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ဝန်ကြီးချုပ် ဂျူနီချီရိုကိုဇူမီအစိုးရလက်ထက်နှင့် ဝန်ကြီးချုပ်ယိုရှီရိုမိုရီ အစိုးရလက်ထက်တို့တွင် အစိုးရအဖွဲ့ နှစ်ဖွဲ့စလုံး၏ ဒုတိယရုံးအကြီးအကဲအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏ အတွင်းရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၀၄ခုနှစ်တွင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏ ခေတ္တအတွင်းရေးမှူးချုပ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးဌာနချုပ်တွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၂၀၀၅ခုနှစ်တွင် တတိယအကြိမ်မြောက် ကိုဇူမီအစိုးရလက်ထက်တွင် အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် အဖြစ်လည်းကောင်း၊ ၂၀၀၆ခုနှစ်တွင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးချုပ်အဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ်မြောက် ထပ်မံတာဝန်ယူဆောင်ရွက်ခဲ့သည်။

၁၉၈၇ ခုနှစ်တွင် မစ္စစ် အာကီ အာဘေးနှင့် ထိမ်းမြားလက်ထပ်ခဲ့သည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီး မစ္စစ် အာကီအာဘေး၏ ကိုယ်ရေးအချက်အလက်

မစ္စစ် အာကီအာဘေးသည် ၁၉၈၇ ခုနှစ်တွင် မစ္စတာ ရှင်ဇိုအာဘေးနှင့် လက်ဆက်ခဲ့ပြီး အိမ်ရှင်မ တစ်ဦးဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၅* ■

နိုင်ငံတကာ

အိုကလာဟိုးမားသို့ သမ္မတ အိုဘားမား သွားရောက်မည်

သတင်း စာမျက်နှာ ➤ ၄

ပြည်တွင်း

သတ္တသတ္တာဟမဟာဗောဓိစေတီတော် မြတ်ကြီးအနီးက အုံးသြဖွယ် ဆွဲငင်အား တစ်ခု

သတင်း စာမျက်နှာ ➤ ၈

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရိုးရာယဉ်ကျေးမှု အစဉ်အလာ ဆင်နွှဲမှာ

ကဆုန်လသည် မြန်မာ့တစ်ဆယ့်နှစ်လရာသီတွင် ဒုတိယ မြောက်လဖြစ်သည်။ တန်ခူးရေကုန် ကဆုန်ရေခန်းဟု ရှေး စာဆိုများ အဆိုရှိကြသည်။ ကဆုန်လသည် ပူပြင်းသောကြောင့် ကဆုန်နယုန် ဆွေ့ဆွေ့ခုန် ဟူ၍လည်း ဆိုကြသည်။ ကဆုန်လ ၏ပွဲတော်သည် ညောင်ရေသွန်းပွဲဖြစ်သည်။ မြန်မာတို့သည် ကဆုန်လပြည့်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကြသည်။

မြတ်ဗုဒ္ဓဗျာဒိတ်တော်ရရှိခဲ့သောနေ့၊ ဖွားမြင်သောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ နိဗ္ဗာန်စံဝင်သောနေ့၊ မဟာဗောဓိပင် ပေါက်သောနေ့များသည် ကဆုန်လပြည့်နေ့များပင်ဖြစ်သည်။ ထို့ကြောင့် ကဆုန်လပြည့်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကြသည်။ လယ်တီဆရာတော်ကြီး၏ ခုနစ်နေ့ ဘုရား ရှိခိုးတွင် "သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ လုမ္ဗိနီ၌၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်"ဟု ပါရှိရာ ယနေ့ ကဆုန်လပြည့်နေ့သည် သောကြာနေ့နှင့် ထပ်တူကျသဖြင့် ထူးခြားသည့်နေ့မြတ်ဖြစ်သည်။

ဒီပင်္ကရာမြတ်စွာဘုရားက သုမေဓာရှင်ရသေ့အား ဗျာဒိတ်ပေးသောနေ့သည် ကဆုန်လပြည့်နေ့ ဖြစ်သည်။ မဟာ သက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် သီရိမဟာမာယာ ဒေဝီ၏ ဝမ်းကြာတိုက်မှ ဘုရားအလောင်းတော်ကို မီးရှူး သန့်စင်ဖွားမြင်သောနေ့၊ ယင်းနေ့၌ ဖွားဖက်တော်များဖြစ်သော ကာဠုဒါယီအမတ်၊ ယသော်ဓရာ၊ အာနန္ဒာမင်းသား၊ ဆန္နအမတ်၊ ကဏ္ဍကစီးတော်မြင်း၊ ရွှေအိုးကြီးလေးလုံး၊ မဟာဗောဓိပင်တို့သည်လည်း တစ်နေ့တည်းတစ်ချိန်တည်း မွေးဖွား ပေါက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သစ္စာလေးပါးကို သိမြင်ကာ ဘုရားအဖြစ်သို့ရောက်တော်မူခဲ့ပြီး မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့၌ ဝါတော် ၄၅ ဝါ၊ သက်တော် ၈၀ တွင် မြတ်စွာဘုရားသည် နယ်မလ္လတိုင်း ကုသိနာရုံရှိ အင်ကြင်းတော ရိပ်ဝယ် ပရိနိဗ္ဗာန်စံပယ်တော်မူခဲ့သည်။

မြတ်ဗုဒ္ဓသည် ဗောဓိညောင်ပင်တွင် တည်မှီပွင့်တော်မူခဲ့ ခြင်းကြောင့် ကဆုန်လပြည့်နေ့ရောက်တိုင်း ညောင်ရေသွန်း ပွဲတော်ကို ကျင်းပခဲ့သည်။ ကဆုန်ညောင်ရေသွန်းပွဲတော်ကို လူမှုရေးအသင်းအလိုက် လည်းကောင်း၊ အစုအဖွဲ့အလိုက် လည်းကောင်း အလှူဒါန ကုသိုလ်ကောင်းမှုများ ပြုကြသည်။

ကဆုန်လကို မြန်မာ့ယဉ်ကျေးမှုအရ ပြိဿရာသီဟု လည်းခေါ်သည်။ ကဆုန်လတွင် ပွင့်သောပန်းသည် စံကားပန်း ဖြစ်သည်။ ကဆုန်လပြည့်နေ့ရောက်တိုင်း မြန်မာ့ယဉ်ကျေးမှု အစဉ်အလာအရ ကဆုန်ညောင်ရေသွန်းပွဲကို ဗုဒ္ဓဘာသာဝင် တို့သည် မြတ်ဗုဒ္ဓကိုရည်စူးပြီး ရှေးမူမပျက် ဘာသာရေး ထုံးတမ်းအစဉ်အလာအတိုင်း ဆောင်ရွက်ကြသည်မှာ ယနေ့ထိ တိုင်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မြို့ရှေးကျင်းမှ ဗိုလ်စောအောင် ကျောက်တိုင်

မြို့တည်သက်တမ်း နှစ်ပေါင်း နှစ်ရာကျော်ခဲ့ပြီဖြစ်သော ရွှေကျင်မြို့ ၏ မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်မှုများကား လွန်စွာအားရစရာ ကောင်းလှသည်။ ယခင် ဆယ်စုနှစ်ကျော် ကာလများဆီက အခြေအနေများနှင့် လုံးဝမတူတော့။ နယ်မြေအေးချမ်း တည်ငြိမ်မှုရှိလာခြင်းနှင့် ရေခံမြေခံ ကောင်းအခြေအနေများကို ပေါင်းစပ် လိုက်သောအခါ စီးပွားရေးအခြေ အနေ၊ ရောင်းဝယ်ဖောက်ကားမှုများ သည် အရှိန်အဟုန်ပြင်းပြင်းနှင့် ရှေ့သို့သာသွားနေတော့သည်။

မြို့ အခင်းအကျင်းကိုကြည့်၍ စီးပွားရေးအခြေအနေကို မှန်းဆနိုင် သည်။ မြို့က ခေတ်မီသပ်ရပ်လှ သည်။

သို့သော်လည်း စိတ်မကောင်း ဝမ်းနည်းစရာတစ်ခုကိုမူ ဘဝင်မကျ စရာအဖြစ် မြင်တွေ့နေရသည်။

နယ်ချဲ့ဗြိတိသျှတို့ကို တိုက် ထုတ်ခဲ့ရာတွင် စစ်တောင်းမြစ်ဝှမ်း တိုက်ပွဲများအနက် ဗမာ့လွတ်လပ်ရေး တပ်မတော်၏ ရွှေကျင်မြို့သိမ်း တိုက်ပွဲသည် ထင်ရှားလှသည်။

ဤရွှေကျင်တိုက်ပွဲ အတွင်း ရဲဘော်သုံးကျိပ်ဝင် တစ်ဦးဖြစ်သော ရှမ်းအမျိုးသား ဗိုလ်စောအောင်သည် ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်နေ့ တွင် ကျဆုံးခဲ့ရသည်။ လွတ်လပ်ရေး ကြိုးပမ်းမှုတိုက်ပွဲများတွင် ရဲဘော် သုံးကျိပ်ဝင်များထဲမှ ပထမဦးဆုံး အသက်စွန့်လွှတ်သွားခဲ့သော အာဇာ နည်သူရဲကောင်းတစ်ဦးပင်ဖြစ်သည်။

ဗိုလ်စောအောင် အထိမ်းအမှတ် ကျောက်တိုင်နှင့် ပန်းခြံသည် ထည်ဝါ ခြင်းကင်းမဲ့ကာ ရွှေကျင်မြို့ ကံ့ကော် ဝိုင်းရပ်ကွက်တွင် တည်ရှိနေသည်။ **(အပေါ်ပုံ)**

ကျောက်တိုင်နှင့် ပန်းခြံကို ထိန်းသိမ်းမည့်သူမရှိ။ ကမ္ပည်း အက္ခရာများ ရှာမရတော့။ ပန်းထဲတွင် ပန်းနှင့်တူသည့် အပင်တစ်ပင်မှမရှိ။ ကျွဲ၊ နွား စားကျက်ဖြစ်နေသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့မြင်ရသည်။ ရွှေကျင်သားစစ်စစ် အသက် ၂၀ ခန့် လူငယ်တစ်ဦးအား မေးကြည့်ရာ မည်သည့်ကျောက်တိုင်မှန်းမသိဟု ဖြေ သည်။

အသက် ၄၀ ကျော် ဆိုက်ကား ဆရာတစ်ယောက်က ဗိုလ်ချုပ် ကျောက်တိုင်ဟုဆိုသည်။ လွန်စွာဝမ်း နည်းစရာ ကောင်းလွန်းလှတော့သည်။

သိနိုင်၊ မြင်နိုင်၊ အမှတ်ရနိုင်ကြ ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

စိုးမြင့်မောင်

ဗဟိုသန်းခေါင်စာရင်းကော်မတီနှင့် သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီစည်းဝေး

နေပြည်တော် မေ ၂၃

ဗဟိုသန်းခေါင်စာရင်းကော်မတီ နှင့် သတင်းနှင့်ပြန်ကြားရေး ဆပ် ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်း အဝေး အမှတ်စဉ်(၂/၂၀၁၃)ကို မေ ၂၁ ရက် နံနက် ၁၀ နာရီက လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ၂၀၁၄ ခုနှစ် ပြည်လုံး ကျွတ်သန်းခေါင်စာရင်း ကောက်ယူ ရေးလုပ်ငန်းအကြိုအဖြစ် ၂၀၁၃ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူ ခဲ့မှု၊ ယင်းဆောင်ရွက်ချက်အပေါ် အားသာချက်၊ အားနည်းချက်များနှင့် ပြည်သူတို့၏ တုံ့ပြန်မှုများ အားနည်း ချက်များအပေါ် ပြန်လည်သုံးသပ် ဆောင်ရွက်နိုင်ရေး၊ သန်းခေါင်စာရင်း ကောက်ယူရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများအပေါ် ပြည်သူ များ သိရှိနားလည် ပူးပေါင်းဆောင် ရွက်နိုင်ရေးအတွက် အသုံးပြုဆောင် ရွက်ရမည့် နည်းစနစ်များနှင့် အဓိက လုပ်ဆောင်ရမည့်အချက်များ၊ ယင်း လုပ်ငန်းအပေါ် သတင်းနှင့် ပြန်ကြား ရေးဆပ်ကော်မတီအနေဖြင့် ကြိုးပမ်း ဖော်ဆောင်ကြရမည့်အစီအစဉ်များ နှင့် ပတ်သက်၍ ရှင်းလင်းပြောကြား သည်။

ဆွေးနွေးတင်

ထို့နောက် သတင်းနှင့်ပြန်ကြား ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးရဲတင့်က ဆပ်ကော်မတီအနေဖြင့် သန်းခေါင် စာရင်းကောက်ယူရေးလုပ်ငန်းအပေါ် ပြည်သူများအတွင်း စိမ့်ဝင်ပျံ့နှံ့သိရှိ နားလည်နိုင်စေရေးအတွက် အကောင် အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင် ပြပြီး တက်ရောက်လာကြသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မှု နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ အကြံပြုချက် များကို ရှင်းလင်းဆွေးနွေးတင်ပြကြ သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဝင်းမြင့်က သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အမျိုး သားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် မီဒီယာ ပိုင်းမှ ထိထိရောက်ရောက်ကြိုးပမ်း ဖော်ဆောင်နိုင်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ပြည်သူများထံသို့ စိုက်ပျိုးရန် ရတနာတန်းဝင်ကျွန်းပျိုးပင်များကို မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးမိုး ဖြန့်ဝေပေးစဉ်။

တစ်အိမ်ထောင် ကျွန်းသုံးပင်စိုက်ပျိုးရေးဆောင်ရွက်

သီပေါ မေ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီ ပေါမြို့နယ် သစ်တောဦးစီးဌာန၏ ကျေးလက်အိမ်ရာထူထောင်ရေး စီမံ ချက်အရ အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူကာ တုံစင့်ကျေး ရွာအုပ်စု ကျောင်းပြိန်းကျေးရွာမှ အိမ်ထောင်စု ၇၀ ၌ တစ်အိမ်ထောင် လျှင် ရတနာတန်းဝင် ကျွန်းသုံးပင်စိုက် ပျိုးခြင်းလုပ်ငန်းကို မေ ၂၂ ရက်က ဆောင်ရွက်ရာ မြို့နယ်သစ်တောဦးစီး အရာရှိ ဦးစိုးမိုး ကြီးကြပ်မှုဖြင့် တော အုပ်ကြီး ဦးနုဝင်း ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများက စုပေါင်း၍ တပျော် တပါး စိုက်ပျိုးကြသည်။ **စိုင်း(သီပေါ)**

မြန်ပြည်တစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများ အသင်းကြီး၏

တော်ဝင်စင်တာ စာအုပ်ဈေးပွဲတော်

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ တော်ဝင်မိသားစုကုမ္ပဏီ၏ စာပေ မြှင့်တင် လှုပ်ရှားမှုအစီအစဉ် အခမ်းအနားနှင့် ပူးပေါင်း၍ စာအုပ်ဈေးပွဲတော်အား ၂၀၁၃ ခုနှစ် မေလ (၂၄၊ ၂၅၊ ၂၆)ရက်နေ့များတွင် တော်ဝင်စင်တာ၌ စာအုပ်တိုက်ပေါင်း (၆၀)ကျော်မှ ၎င်းတို့ ထုတ်ဝေထားသော စာအုပ်များအား အထူးနှုန်းဖြင့် ရောင်းချပေးမည် ဖြစ်ပါသည်။ စာပေ ချစ်မြတ်နိုးသူများ လာရောက် ဝယ်ယူအားပေးနိုင်ပါသည်။

၂၄-၅-၂၀၁၃ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ပြသနေသောဇာတ်ကားများ

သမ္မတ [illegible]	ရက်စ်ဘော့စ်	[illegible]
[illegible]	ရက်စ်ဘော့စ်	[illegible]
မင်္ဂလာ(၁) [illegible]	ရက်စ်ဘော့စ်	[illegible]
TOP ROYAL [illegible]	ရက်စ်ဘော့စ်	[illegible]
နေပြည်တော် [illegible]	PEE MAK	MARIO MAURER DAVIKA HOORNE NATTAPONG CHARTPONG
[illegible]	PEE MAK	MARIO MAURER DAVIKA HOORNE NATTAPONG CHARTPONG
မင်္ဂလာ(၂) [illegible]	JURASSIC PARK 3D	SAM NEILL, LAURA DERN JEFF GOLDBLUM RICHARD ATTENBOROUGH

ပွဲချိန် [illegible] ၁၀း၀၀ နာရီ ၁၂း၃၀ နာရီ ၃း၃၀ နာရီ ၆း၃၀ နာရီ ၉း၃၀ နာရီ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်လွှတ်တော်ခေါင်းဆောင်များနှင့်တွေ့ဆုံ

နေပြည်တော် မေ ၂၃

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ လွှတ်တော်အဆောက်အအုံ (Capitol Hill)၌ အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ Ms. Nancy Pelosi ဦးဆောင်သော အောက်လွှတ်တော်ခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကွန်ဂရက်လွှတ်တော် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုသည်။ **(ယာပုံ)**

အလားတူ နိုင်ငံတော်သမ္မတသည် နံနက် ၁၀ နာရီခွဲတွင် အထက်လွှတ်တော်ဥက္ကဋ္ဌ Mr. Harry Reid ဦးဆောင်သည့် အထက်လွှတ်တော်ခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့သည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအခြေအနေ၊ ရရှိပြီးအောင်မြင်မှုများနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသည့် ပိတ်ဆို့မှုများကို အဆင့်ဆင့်ဖြေလျှော့ပေးရန် လိုအပ်သည့်အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။

အမေရိကန်လွှတ်တော် ခေါင်းဆောင်များကလည်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အသိအမှတ်ပြုပြောကြားခဲ့ကြပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သင့်သည့် အချက်များကို အပြုသဘောဖြင့် ပွင့်ပွင့်လင်းလင်း အကြံပေးဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီးများနှင့် သံအမတ်ကြီး ဦးသန်းဆွေတို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ရခိုင်နှင့် ကချင်ပြည်နယ်တို့၌ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးစည်းဝေး

နေပြည်တော် မေ ၂၃

ရခိုင်နှင့် ကချင်ပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ချက်များတွင် ကျန်းမာရေးဝန်ကြီးဌာနက ပွင့်လင်းမြင်သာစွာ ဦးဆောင်မှုဖြင့် ပါဝင်မည်ဖြစ်ပြီး ရခိုင်နှင့် ကချင်ပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍ တုံ့ပြန်ပြင်ဆင်ရာတွင် မိတ်ဖက်အဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော ပြည်သူတို့၏ ကျန်းမာရေး တိုးတက်ရေးအတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာလူငယ် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ လေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၃

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးသိန်းထွန်းဦး ခေါင်းဆောင်သော မြန်မာလူငယ်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူပါလီမန် အရှေ့တောင်အာရှဒေသဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ Cedric Foo ၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့ပြီး ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံရုံးနှင့် လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

မြန်မာလူငယ် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့်အတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ် ၂၄ ဦးလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးယာယီတာဝန်ခံ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဆွေးနွေးမေးမြန်း

အလားတူ ပြည်တွင်း ပြည်ပသတင်းထောက်များကလည်း လေဆိပ်သို့ လာရောက်သတင်းရယူပြီး နိုင်ငံတော်သမ္မတနှင့်အတူ ပြန်လည်လိုက်ပါလာသည့် အဖွဲ့ဝင်များအား ခရီးစဉ်၏ အောင်မြင်မှုအခြေအနေများကို ဆွေးနွေးမေးမြန်းကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတသည် ရန်ကုန်မြို့မှတစ်ဆင့် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိရာ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွန့်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(၁) ဦးခင်မောင်မော် ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး) မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန
(၂) ဦးတိုးအောင်မြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး) စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန
(၃) ဦးလှမော်ဦး ဒုတိယညွှန်ကြားရေးမှူးချုပ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန
(၄) ဒေါ်ယဉ်ယဉ်မြ ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာန
(၅) ဦးမင်းထွဋ် ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ပြည်တွင်းအခွန်များဦးစီးဌာန ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာန

■ *ရှေ့ဖုံးမှ*

မစ္စစ် အာကီအာဘေးသည် Sacred Heart School တွင် မူလတန်းမှ အထက်တန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့ပြီး Sacred Heart Professional Training College သို့ တက်ရောက်ခဲ့ပြီး Rikkyo တက္ကသိုလ်မှ Social Design Study for the 21th Century ဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။

ဝါသနာပါ

မစ္စစ် အာကီအာဘေးအနေဖြင့် ပြေးခြင်း၊ ဂေါက်သီးရိုက်ခြင်း၊ စပါးစိုက်ပျိုးခြင်းနှင့် ဂျပန်ဓားရှည်ဖြင့် ရိုးရာသိုင်းကစားခြင်း(Naginata)တို့ကို ဝါသနာပါသည်။ **(သတင်းစဉ်)**

တာပေမြင့်မှ
လူမျိုးတင့်မည်

Green Vision Construction Co., Ltd
Property Development and Construction Management

၈-ထပ်ခွဲ ကွန်ဒိုအဆောက်အအုံ ဆောက်လုပ်ရန်တင်ဒါခေါ်ယူခြင်း

Green Vision Property Development ကုမ္ပဏီတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ ပစ္စည်းရော လုပ်အားခနှင့် ကြီးကြပ်ခအပါအဝင် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

လုပ်ငန်းတည်နေရာ - အင်းလျားလမ်း၊ ရန်ကုန်မြို့။
အဆောက်အဦအကျယ်အဝန်း - 36'-6" x 77'-0"
အထပ်အရေအတွက် - ၈ထပ်+ထပ်ခိုး+Penthouse +Basement Car Park

တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ယနေ့မှစ၍ (၃၀-၅-၁၃)ထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်ထုတ်ယူနိုင်ပြီး နောက်ဆုံးတင်ဒါပိတ်ရက်မှာ (၇-၆-၁၃)ရက်နေ့ ညနေ(၅)နာရီ ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များနှင့် အဆောက်အအုံပုံစံများ သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

Green Vision Construction Co.,Ltd.
Ph : 01-572335, 01-1220851

နိုင်ငံတကာသတင်း

ကွန်ဂိုနိုင်ငံသို့ ဘန်ကီမွန်းသွားရောက်

ဂိုမာ မေ ၂၃

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ ဂိုမာမြို့အနီး တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ရာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း သွားရောက်ပြီဖြစ်ကြောင်း ဘီဘီစီ သတင်းတွင် မေ ၂၃ ရက်က ဖော်ပြသည်။ တိုက်ပွဲများ အသစ်တစ်ဖန်ဖြစ် ပွားနေခြင်းကြောင့် အလွန်စိုးရိမ်ပူပန်ကြောင်း၊ ကမ္ဘာ့အဖွဲ့အစည်းက ကွန်ဂိုနိုင်ငံရေး ရပ်တည်ပေးရမည်ဖြစ်ကြောင်းဘန်ကီမွန်းက ပြောကြားခဲ့သည်။ ဂိုမာမြို့အနီး နောက်ဆုံးပစ်ခတ်တိုက်ခတ်မှုတွင် သူပုန်များက ဒုံးကျည်နှစ်စင်း ပစ်ခတ်ခဲ့ရာ တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ဆိုသည်။ **(ဘီဘီစီ)**

ဘာရိန်းဝေဟင်၌ အီရန်ဒရုန်းလေယာဉ်တစ်စင်းတွေ့ရှိ

မာနာမာ မေ ၂၃

ဆော်ဒီအာရေဗျနိုင်ငံအနီး ဘာရိန်းနိုင်ငံမြောက်ပိုင်း ဝေဟင်တွင် အီရန်နိုင်ငံမှ ဒရုန်းလေယာဉ်တစ်စင်းကို မေ ၂၂ရက်က တွေ့ရှိခဲ့ကြောင်း ဘာရိန်းပြည်ထဲရေးဝန်ကြီးက မေ ၂၃ ရက်တွင်သတင်းထုတ်ပြန်သည်။ အီရန်နိုင်ငံသည် ဘာရိန်းနှင့် ဆော်ဒီအာရေဗျနိုင်ငံဝေဟင်ပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်ပျံသန်းမှုများ တိုးမြှင့်လုပ်ဆောင်လာလျက်ရှိကြောင်း ဘာရိန်းပြည်ထဲရေးဝန်ကြီး အဗ္ဗဒူလာအယ်ခါလီဖာက ပြောကြားသည်။ အီရန်နိုင်ငံသည် ဒေသတွင်းနိုင်ငံများ၏ ဝေဟင်ပိုင်နက်ကို ကျူးကျော်ဝင်ရောက်ထောက်လှမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ **(ဆင်ဟွာ)**

လန်ဒန်၌ ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦး အကြမ်းဖက်အသတ်ခံရ

လန်ဒန် မေ ၂၃

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အရှေ့တောင်ပိုင်းတွင် မေ ၂၂ ရက်က သံသယဖြစ်ဖွယ် အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ကြောင့် ဗြိတိန်တပ်ဖွဲ့မှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရကြောင်း ဗြိတိန်အရာရှိများက အတည်ပြုပြောကြားသည်။

အခင်းဖြစ်ပွားသည့် နေရာမှာ လန်ဒန်မြို့အရှေ့တောင်ပိုင်း ဝုလ်ဝစ်အရပ်တွင်ဖြစ်ပြီး အကြမ်းဖက်မှုတန်ပြန်ချေမှုန်းရေး ရဲတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီးခဲ့ရာ ဒဏ်ရာကြောင့် ယင်းအကြမ်းဖက်တိုက်ခိုက်သူအမျိုးသားနှစ်ဦးအား ဆေးရုံသို့ တင်ပို့ထားပြီဖြစ်သည်။ အဆိုပါအမျိုးသားနှစ်ဦးအနက် လက်တွင်သွေးများ ပေကျံလျက်ရှိသော အမျိုးသားတစ်ဦးက "ဗြိတိသျှတပ်ဖွဲ့ဝင်တွေဟာ မူဆလင်တွေကို နေ့စဉ် သတ်ဖြတ်နေတာမို့ အခုလိုတိုက်ခိုက်ခြင်းဖြစ်တယ်" ဟု လမ်းသွားလမ်းလာများအား ပြောကြားခဲ့သည်။

ထိုအခင်းဖြစ်ပွားမှုကြောင့် ပြင်သစ်နိုင်ငံသို့ ခရီးထွက်နေသော ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် ခရီးစဉ်မပြီးဆုံးမီ မေ ၂၂ ရက်က ဗြိတိန်နိုင်ငံသို့ ပြန်ရောက်လာပြီးနောက် အစိုးရဦးဆောင်သောအကြမ်းဖက်မှုတုံ့ပြန်ရေးအတွက် အစည်းအဝေးကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ နိုင်ငံရေးသမားများ၊ ဗြိတိန်နိုင်ငံ၏ထိပ်တန်းရဲတပ်ဖွဲ့အရာရှိများနှင့် အမ်အိုင်-၅ အကြီးအကဲသစ်တို့ တက်ရောက်ခဲ့ကြသည်။ ဝန်ကြီးချုပ်ကင်မရွန်းသည် ကော်ဘရာအရေးပေါ် တုံ့ပြန်ရေးကော်မတီကို ကြီးကြပ်ဆောင်ရွက်မည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် လန်ဒန်မြို့တစ်ဝိုက်ရှိ စစ်စခန်းများ၌လည်း လုံခြုံရေးတိုးမြှင့်ချထားလိုက်သည်။

လန်ဒန်မြို့အရှေ့တောင်ပိုင်း ဝုလ်ဝစ်အရပ်ရှိ ဂျွန်ဝီလ်ဆင်လမ်းတွင် မေ ၂၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုတွင် ရဲတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီးခဲ့သူ ၎င်းအမျိုးသားနှစ်ဦးအနက် တစ်ဦးမှာ ဒဏ်ရာပြင်းထန်ပြီး စိုးရိမ်ရသည့် အခြေအနေရှိသည်။ နောက်တစ်ဦးအား ရရှိသောဒဏ်ရာများကို ဆေးကုသပေးလျက်ရှိသည်။

မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်အရ လူနှစ်ယောက်က ဘာသာရေးကြွေးကြော်သံကို ကြွေးကြော်ကာ ဗြိတိန်တပ်သားကို ထိုးခုတ်တိုက်ခိုက်သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ယင်းနောက် ၎င်းတို့နှစ်ဦးသည် ထွက်ပြေးခြင်းမပြုဘဲ အနီးရှိလူများထံ ၎င်းတို့၏ပုံနှင့် သေဆုံးသူပုံတို့ကို ဓာတ်ပုံနှင့် ဗီဒီယိုအရိုက်ခံခဲ့ကြသည်။

အဆိုပါအကြမ်းဖက်သမားနှစ်ဦးသည် ဗြိတိန်တပ်ဖွဲ့ဝင် တစ်ဦးအား မည်သို့တိုက်ခိုက်သတ်ဖြတ်ခဲ့သည် ကို အတိအကျ မတွေ့ရှိရသော်လည်း ဓာတ်ပုံအချို့တွင်မူ အမျိုးသမီးတစ်ဦးနှင့် စကားပြောနေသော အမျိုးသားတစ်ဦးလက်၌ သားလှီးဓားတစ်လက်ကိုင်ထားသည်ကို တွေ့ရသည်ဟု သတင်း၌ ဖော်ပြထားသည်။ ဗြိတိန်ရှိ မွတ်စလင်အဖွဲ့ချုပ်က ယင်းလုပ်ရပ်သည် ဘာသာရေးအပေါ်တွင် အခြေမခံသော ရိုင်းစိုင်းသည့် အကြမ်းဖက်မှုတစ်ခုသာဖြစ်ကြောင်း ပြစ်တင်ရှုတ်ချခဲ့သည်။

(ဘီဘီစီ)

အိုကလာဟိုးမားသို့ သမ္မတအိုဘားမား သွားရောက်မည်

ဝါရှင်တန် မေ ၂၃

လေဆင်နှာမောင်းဒဏ်ကြုံတွေ့ခံစားခဲ့ရသော အိုကလာဟိုးမားပြည်နယ်ရှိ နယ်မြေများသို့ အမေရိကန်သမ္မတအိုဘားမား မေ ၂၆ရက်၌ သွားရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က မေ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်သမ္မတအိုဘားမားအနေဖြင့် အိုကလာဟိုးမားစီးတီးသို့ တစ်ရက်ခရီး သွားရောက်မည်ဖြစ်ပြီး လေဆင်နှာမောင်းတိုက်ခတ်မှုဒဏ်ကြုံတွေ့ခံစားရမှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုရန်ဖြစ်ကြောင်း အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူ ဂျေးကာနေက ပြောကြားသည်။ **(ဆင်ဟွာ)**

အသက် ၈၀ အရွယ် ဂျပန်အမျိုးသားကြီး ကမ္ဘာ့အသက်ကြီးဆုံးတောင်တက်သမားဖြစ်လာ

ခတ္တမန္ဒူ မေ ၂၃

အသက် ၈၀ အရွယ်ရှိ ဂျပန်အမျိုးသားကြီး ယူအိချိရိုမီအူရာသည် မေ ၂၃ရက်က ဧဝရက်တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့သည့် ကမ္ဘာ့အသက်ကြီးဆုံးလူဖြစ်လာခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၎င်းသည် မေ ၂၃ ရက် နံနက် ၉နာရီ ၁၅မိနစ်က ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့ပြီး ယင်းနေ့နံနက်မှာပင် မှတ်တမ်းသစ်တင်နိုင်ခဲ့ကြောင်း ခရီးသွားလုပ်ငန်းနှင့် မြို့ပြလေကြောင်းဝန်ကြီးဌာန တောင်တက်ဌာနအဖွဲ့မှ အရာရှိတစ်ဦးဖြစ်သည့် ဂျာနင်ဒါရှရက်စ်သာက ပြောကြားခဲ့သည်။

၂၀၀၉ ခုနှစ် နိုဝင်ဘာလက အသက်ကြီးဆုံး တောင်တက်သမားအဖြစ် ယခင်က နီပေါနိုင်ငံသား မင်ဘဟာဒူရှာချန်က မှတ်တမ်းတင်ထားကြောင်း အသက် ၈၀ အရွယ်ရှိ ဂျပန်အမျိုးသားကြီးက ပွင့်လင်းစွာ ပြောကြားခဲ့သည်။

ကမ္ဘာ့ဂင်းနက်စ်မှတ်တမ်းတွင် ယခင်ရှာချန်၏နေရာကို ယခုအခါ မီအူရာက အစားထိုးဝင်ရောက်ခဲ့သည်။ မီအူရာသည် ၂၀၀၃ ခုနှစ် အသက် ၇၀ အရွယ်တွင် အဆိုပါတောင်ထိပ်သို့ ပထမဆုံးတက်ရောက်ခဲ့သည်။ ၎င်းသည် အသက် ၇၅ နှစ်ပြည့်သည့် ၂၀၀၈ ခုနှစ်မေလက နောက်တစ်ကြိမ်ယင်းတောင်ထိပ်သို့ တက်ရောက်ခဲ့သော်လည်း ဂင်းနက်စ်စံချိန်မတင်နိုင်ခဲ့ဟုဆိုသည်။ **(ဆင်ဟွာ)**

AYEYARWADY BANK
your trusted partner

ဧရာဝတီဘဏ် လီမိတက် ၏
(၃၆) ဘဏ်မြောက် ရန်ကုန်ဘဏ်ခွဲ(၈) ပါရမီ အား
၂၀၁၃ ခုနှစ်၊ မေလ (၂၃)ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်လိုက်ပါကြောင်း
မိတ်ဆွေ အပေါင်းတို့အား ဝမ်းမြောက်ဝမ်းသာစွာဖြင့်
သတင်းကောင်းပါးအပ်ပါသည်။

ရန်ကုန်ဘဏ်ခွဲ(၈)ပါရမီ
အမှတ်(၁၀၅-ဒီ)၊ ပါရမီလမ်းသစ်၊ (၁၀)ရပ်ကွက်၊ (၃)မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁ ၉၆၆၉၅၆၉ ~ ၃၃
ဖက်(စ်) - ၀၁ ၉၆၆၉၅၇၈ ~ ၃၉

တိုးတက်မှုနှင့်တစ်ပြေးညီ
စိတ်ချယုံကြည်
ဧရာဝတီ

ရန်ကုန် (ရုံးချုပ်) - အမှတ်(၁) ဘုရင့်နောင်လမ်းမကြီး (ရွာမကွေ့အနီး) လှိုင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၅၀၀၁၂၃၊ ၅၃၁၀၆၇-၉၊ ၅၃၁၀၇၈-၉ ဖက်(စ်) - ၀၁ ၅၃၀၉၆၈၊ ၅၂၇၇၉၇
www.ayabank.com

သတင်းဆောင်းပါး

လွတ်လပ်သည့်မီဒီယာသည် ဒီမိုကရေစီလူ့ဘောင်၏ အခြေခံအုတ်မြစ်ဖြစ် မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ပါဝင်ပူးပေါင်းလုပ်ဆောင်သွားမည်

အမေး/အဖြေ
သတင်းလုလင်

ယမန်နေ့မှအဆက်

ဒုတိယအကြိမ်မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရန်ကုန်မြို့ရှိကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပခဲ့ရာ နိုင်ငံတကာမီဒီယာအဖွဲ့အစည်းများ၊ နိုင်ငံခြားသတင်းဌာနများ၊ ပြည်တွင်းမီဒီယာများမှ သတင်းထောက်များ၊ အယ်ဒီတာများက မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာဆွေးနွေးခဲ့ကြသည်။ မိမိတို့သတင်းအဖွဲ့သည် ညီလာခံကျင်းပရာ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်သို့ သွားရောက်ကာ သိလိုသည်များကို တွေ့ဆုံမေးမြန်းခဲ့ပြီး အများပြည်သူသိရှိနိုင်ရန် တင်ပြလိုက်ရပါသည်။

ဦးသီဟစော (OpenNews ဂျာနယ်၊အယ်ဒီတာချုပ်)
မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)

မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံကျင်းပတာ ဒုတိယအကြိမ်တိုင်ခဲ့ပါပြီ။မနှစ်က အင်းလျားလိတ်မှာ ဒီလိုမျိုးညီလာခံကျင်းပခဲ့ပါတယ်။အဲဒီတုန်းက မီဒီယာလောကမှာ အခြေအနေရှုပ်ထွေးနေတဲ့အချိန်၊ နောက်တစ်ခုက သတင်းလွတ်လပ်ခွင့်နဲ့ တော်တော်လေးဝေးတဲ့အချိန်ဖြစ်တယ်။ဆိုပါစို့ အဲဒီတုန်းက ဆင်ဆာရှိနေသေးတယ်။ ပုဂ္ဂလိကသတင်းစာတွေလည်း မပေါ်သေးဘူး။နောက်ပြီး မီဒီယာဥပဒေတွေကလည်း အကြမ်းထည်လုပ်တဲ့အဆင့်ပဲရှိသေးတယ်။ ဒါပေမယ့် အကုန်လုံးက ရှေ့ကိုမျှော်ကြည့်ပြီးတော့ ဒါတွေဟာ တစ်နှစ်အတွင်းမှာ ဖြစ်လာမယ်လို့ မျှော်လင့်ခဲ့ကြတယ်။

အဲဒီတုန်းက ပြန်ကြားရေးဝန်ကြီးဌာနက ပြောတာက တစ်နှစ်အတွင်းမှာ ဆင်ဆာကို ဖျက်သိမ်းမယ်။တစ်နှစ်အတွင်းမှာ ပုဂ္ဂလိကသတင်းစာတွေ ထွက်ပေါ်အောင်လုပ်မယ်လို့ ပြောခဲ့ပါတယ်။ဒီလိုပြောခဲ့တဲ့အတိုင်း ဖယ်ရှားသွားတယ်။ ပုဂ္ဂလိကသတင်းစာတွေကလည်း တစ်နှစ်သာသာလေးမှာပဲ ပေါ်ထွက်လာတယ်။ဒါတွေဟာ ကောင်းတဲ့အချက်တွေပါ။အဲဒီတုန်းက ထားရှိခဲ့တဲ့ မျှော်မှန်းချက်တွေ အခုအကောင်အထည်ပေါ်လာတာပါ။

ညီလာခံနှစ်ခုအကြားကာလမှာ အခြားပြောင်းလဲမှုတွေရှိတယ်။ ဆိုပါစို့ မီဒီယာဥပဒေကို အဲဒီတုန်းက ပြန်ကြားရေးဝန်ကြီးဌာနက ရေးဆွဲနေတဲ့ အကြမ်းထည်အဆင့်ပဲရှိခဲ့တယ်။နောက်ပိုင်းမှာ Press Council ပေါ်လာတယ်။ Press Council က ရေးတဲ့ မီဒီယာဥပဒေကြမ်းနဲ့ ပြန်ကြားရေးဝန်ကြီးဌာနကရေးတဲ့ မီဒီယာဥပဒေကြမ်းကို ပြန်လည်ညှိနှိုင်းတဲ့အဆင့်ကိုရောက်လာခဲ့တယ်။ ဒါက ကြားကာလရဲ့ တိုးတက်ပြောင်းလဲမှုတွေပါ။

အခုညီလာခံမှာ ပြန်လည်သုံးသပ်မှုတွေပြုလုပ်ကြမယ်။ ရှေ့မှာလည်း ဒီထက်ပိုပြီးကောင်းအောင် မြန်မာနိုင်ငံရဲ့ မီဒီယာကိစ္စတွေအတွက် ဘာတွေဆက်လုပ်ကြမယ်ဆိုတာကို ဆွေးနွေးကြမှာပါ။

မီဒီယာလွတ်လပ်ခွင့်ဟာ မီဒီယာတွေအတွက် အရေးကြီးတယ်။ မီဒီယာသမားတွေအနေနဲ့ လွတ်လပ်ခွင့်ကိုလိုချင်တယ်။ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်တဲ့အခါမှာ မီဒီယာက ပြဒါးတိုင် တစ်ခုလိုပါ။ မီဒီယာလွတ်လပ်ခွင့် များများရှိတယ်ဆိုရင် ဒီနိုင်ငံမှာ ဒီမိုကရေစီဖော်ဆောင်မှု ပီပြင်တယ်လို့ဆိုနိုင်တယ်။ ဒီမိုကရေစီဖော်ဆောင်မှု ပီပြင်မှု ရှိ၊ မရှိ နိုင်ငံတကာမီဒီယာရဲ့ အနေအထားကိုကြည့်ပြီး တိုင်းတာနေကြပါတယ်။ မီဒီယာလွတ်လပ်ခွင့် များများရလေ တိုင်းပြည်ရဲ့ဂုဏ်ဒြပ်နဲ့ အစိုးရရဲ့ပြုပြင်ပြောင်းလဲမှုတွေ အောင်မြင်မှုရလေလေ ဖြစ်မှာပါ။ ဒါကြောင့် မီဒီယာလွတ်လပ်ခွင့်ဟာ အရေးကြီးတယ်လို့ ကျွန်တော်ထင်ပါတယ်။ မြန်မာနိုင်ငံမှာမီဒီယာလွတ်လပ်ခွင့်တိုးတက်မှုရှိလာစေဖို့ ဒီညီလာခံဟာအရေးပါတယ်လို့ ကျွန်တော်ယူဆပါတယ်”ဟု ရှင်းလင်းပြောကြားသည်။

ဦးကိုကိုအောင်
ဘီဘီစီ(မြန်မာပိုင်းအစီအစဉ်)

ဘီဘီစီ(မြန်မာပိုင်းအစီအစဉ်)မှ ဦးကိုကိုအောင်နှင့်တွေ့ဆုံရာတွင် သူကယခုကျင်းပသည့် ညီလာခံနှင့်ပတ်သက်၍ ၎င်း၏အမြင်ကို ပြောပြသည်။

အစိုးရက ပွင့်လင်းအောင်လုပ်ဖို့ ကြိုးစားမယ်ဆိုပြီး လုပ်ကိုင်နေတာကို သတိပြုမိပါတယ်။ လူတွေ အားလုံးပူးပေါင်းပါဝင်မှုကိုလည်း အစိုးရက လိုလားတယ်။ အများရဲ့အမြင်ကို လိုချင်တယ်။ဒီနေရာမှာ အစိုးရက မီဒီယာကို ဖွင့်ပေးချင်တဲ့ဆန္ဒက တစ်ပိုင်းပါ။ တစ်ဖက်မှာ အစိုးရကထိန်းချုပ်မှုတွေ လုပ်ဦးမှာလားလို့ မီဒီယာလောကသားတွေ စိုးရိမ်ပူပန်မှုတွေရှိနေတယ်။ ဘာပဲဖြစ်ဖြစ် အခုလို မီဒီယာဖွံ့ဖြိုးရေးညီလာခံကြီးကျင်းပပြီး ဆွေးနွေးကြခြင်းဖြင့် အရင်က တစ်ဖက်နဲ့ တစ်ဖက်မရှင်းမလင်းဖြစ်ခဲ့တာတွေ ပိုမိုရှင်းလင်းသွားမယ်လို့ ကျွန်တော်ထင်ပါတယ်။

အစိုးရ၏ မီဒီယာပြုပြင်ပြောင်းလဲရေးအစီအစဉ် အကောင်အထည်ဖော်နေမှုနှင့် ပတ်သက်၍ ဦးကိုကိုအောင်က ၎င်း၏အမြင်ကို ဆက်လက်ပြောကြားရာတွင်-

အစိုးရအနေနဲ့ မီဒီယာပြုပြင် ပြောင်းလဲရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ ပြည်သူတွေအားလုံးရဲ့ အကျိုးစီးပွားစတာတွေအားလုံးကို ကြည့်ရပါတယ်။ တစ်ဖက်မှာ ဒီမိုကရေစီနည်းလမ်းနဲ့အညီ ဖွင့်ပေးရမယ့်အပိုင်းရှိတယ်။ မီဒီယာသမားတွေဘက်က ကြည့်ရင်တော့ ဘက်လောက်လွတ်လွတ်လပ်လပ်တင်ပြနိုင်မလဲ ဆိုတာပါ။ အဲဒီလိုတင်ပြရင် အစိုးရဘက်က တစ်ဖက်ကထိန်းချုပ်မှုတွေ လုပ်လာဦးမှာလားဆိုတဲ့ စိုးရိမ်ပူပန်မှုတွေရှိနေပါတယ်။ ဒါပေမယ့် ဆွေးနွေးကြရင်းနဲ့ အဖြေပေါ်လာမှာဖြစ်ပါတယ်။

အစိုးရရဲ့ မီဒီယာပြုပြင်ပြောင်းလဲရေးဟာ ပုံနှိပ်မီဒီယာဘက်မှာပိုပြီး အားသာနေတယ်လို့ ကျွန်တော်ထင်ပါတယ်။ မြန်မာနိုင်ငံမှာ ပုံနှိပ်မီဒီယာက ပိုပြီးအားသာနေတယ်လို့ ကျွန်တော်တွေ့ရတယ်။ ပုံနှိပ်မီဒီယာနဲ့ပတ်သက်လို့ အတွေ့အကြုံတွေ အများကြီးရှိတယ်။ ကျွန်တော်လေ့လာမိသလောက်ပြောရရင် အသံလွှင့် မီဒီယာဆိုရင် ထိန်းချုပ်တဲ့သူအနည်းစုပဲရှိတယ်။ ပုံနှိပ်မီဒီယာမှာတော့ ထိန်းချုပ်တဲ့လူပိုများတယ်၊ ပြည်တွင်းမှာ ကျွန်တော်သတင်းလိုက်တဲ့အခါ ရုပ်မြင်သံကြားကလွဲရင် ရေဒီယိုက သတင်းလိုက်ယူတာနည်းတယ်။ ပြည်တွင်းမီဒီယာမှာ ရေဒီယိုက သတင်းလိုက်တာမျိုးတွေ ပိုတွေ့ရရင်ကောင်းမယ်။ မီဒီယာလွတ်လပ်ခွင့်ဆိုရာမှာ Platform တစ်ခုတည်းမရှိသင့်ဘဲ Platform အများကြီးရှိသင့်ပါတယ်။ ဒီအချက်နဲ့ ပတ်သက်လို့ ကျွန်တော်ပြောတာ စောကောင်းစောနေမယ်၊ မြန်မာ့ရေဒီယိုနဲ့ ရုပ်မြင်သံကြားက ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေရဲ့ ရှင်းလင်းပြောကြားချက်ထဲမှာ မကြာခင် အကောင်အထည်ပေါ်လာမယ်လို့ဆိုတယ်။ ကျွန်တော်တို့ကလည်း မျှော်လင့်စောင့်စားနေကြပါတယ်။

မြန်မာနိုင်ငံရဲ့ လူငယ်သတင်းသမားများနဲ့ ပတ်သက်ရင် မြန်မာနိုင်ငံက လူငယ်သတင်းသမားတွေဟာ အတော်ကြိုးစားကြတာကို တွေ့ရတယ်။ သတင်းတစ်ခုခုဖြစ်လာရင် ရှေ့တန်းမှာသူတို့ရောက်နေကြတယ်။ မပွင့်လင်းခင်ကာလကလည်း လူငယ်တွေပဲလုပ်ကိုင်ခဲ့ကြတာပါ။ အတွေ့အကြုံနည်းလို့မီဒီယာသမား မလုပ်ရဘူးဆိုတာမဖြစ်သင့်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းဟာလည်း ကျောင်းသားဘဝမှာပဲ လူငယ်အယ်ဒီတာလုပ်ခဲ့တာပါ။ အားနည်းချက်တွေ ရှိကောင်းရှိနိုင်ပေမယ့် လုပ်ကိုင်ရင်းနဲ့ပဲ အတွေ့အကြုံတွေ အများကြီးရလာပြီး Professionalism ကောင်းလာမှာပါဟု ၎င်း၏အမြင်ကို ဆက်လက်ပြောပြခဲ့သည်။

ဦးအေးချမ်းနိုင်
ညွှန်ကြားရေးမှူး(DVB)

DVB မှ ညွှန်ကြားရေးမှူး ဦးအေးချမ်းနိုင်နှင့် တွေ့ဆုံရာတွင် ယခုကျင်းပသော ညီလာခံနှင့်ပတ်သက်၍ ၎င်း၏အမြင်ကို သိခွင့်ရခဲ့သည်။

ပြန်ကြားရေးဝန်ကြီး ဦးအောင်ကြည်က အစိုးရမီဒီယာကို လွတ်လပ်တဲ့ မီဒီယာအဖြစ် ပြောင်းလဲမယ်။ Public Service Media အဖြစ် အသွင်ပြောင်းပေးမယ်ဆိုတာနဲ့ပတ်သက်ပြီး ကျွန်တော်ထူးခြားစွာ မှတ်သားမိပါတယ်။ အစိုးရရဲ့ မီဒီယာကို အစိုးရရဲ့ထိန်းချုပ်မှုရော ဈေးကွက်ရဲ့ ထိန်းချုပ်မှုရော လွတ်အောင်လုပ်ပြီး လွတ်လပ်တဲ့ Public Service Media ဖြစ်အောင် လုပ်မယ်ဆိုတဲ့ ကတိပြုချက်ကို ကျွန်တော်သတိပြုမိပါတယ်။ နိုင်ငံပိုင်မီဒီယာဆိုပေမယ့် တကယ်တမ်းပိုင်တာက ပြည်သူတွေပါ။ ပြည်သူကပိုင်ပြီး လွတ်လပ်တဲ့ မီဒီယာတစ်ခုကို ဖန်တီးမယ်ဆိုတာ သိပ်ကောင်းပါတယ်။

ဒီနေ့ထွက်ပေါ်လာတဲ့ အများပြည်သူဝန်ဆောင်မှုမီဒီယာ ဥပဒေမူကြမ်းကို ဖတ်ကြည့်ရာမှာ အတော်များများကောင်းပါတယ်။ ဒါပေမယ့် အရေးကြီးတဲ့အချက်က Media Watch-Dog ပုံစံမျိုးမဖြစ်သင့်ဘူး။ ပြောရရင် လိုင်စင်ထုတ်ပေးတဲ့ ဘုတ်အဖွဲ့က အဲဒီလိုင်စင်ကို ပြန်ရုပ်သိမ်းနိုင်တယ်ဆိုတာမျိုးပါ။ အဲဒီအချက်နဲ့ ပတ်သက်လို့ သူတို့ပြန်ပြင်မယ်လို့ ပြောနေပါတယ်။ ပုံနှိပ်မီဒီယာနဲ့ပတ်သက်လို့ ကျွန်တော့်အမြင်အရ လိုင်စင်ဆိုတာမရှိသင့်ဘူး။ မှတ်ပုံတင်တာတော့ရှိရမယ်။ လိုင်စင်လျှောက်မယ်ဆိုကတည်းက ပြန်ရုပ်လို့ရတယ်ဆိုတဲ့သဘော ဖြစ်နေတယ်။ ရုပ်သံလွှင့်မီဒီယာမှာတော့ လိုင်စင်လျှောက်တာ သဘာဝကျတယ်။ ဘာကြောင့်လဲဆိုတော့ ရေဒီယိုပဲဖြစ်ဖြစ်၊ ရုပ်မြင်သံကြားပဲဖြစ်ဖြစ် အသံလှိုင်းက အကန့်အသတ်ရှိတာကြောင့်ပါ။ လူတိုင်း ရေဒီယို၊ ရုပ်မြင်သံကြား အသံလွှင့်ရုံ ထောင်လို့မရဘူး။ ဒါကြောင့် ဘယ်သူတွေကို လိုင်စင်ချပေးမယ်ဆိုတာကို ဥပဒေပြဋ္ဌာန်းပေးရမယ်။ ဒါပေမယ့် ပုံနှိပ်မီဒီယာမှာ အကန့်အသတ်မရှိသင့်ဘူး။ ဘယ်သူမဆို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း ထုတ်ခွင့်ရှိသင့်တယ်။

အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေး အစီအစဉ်အပေါ် အခုအပြောင်းအလဲက မထင်မှတ်တဲ့အရာပါ။ အစိုးရသစ်တာဝန်ယူလာပြီးတဲ့နောက် ပြောင်းလဲလာခဲ့တာဟာ အများကြီးအားတက်စရာပါ။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေဟာ မြန်ဆန်ပါတယ်။ ဒါပေမယ့် အပြောင်းအလဲဟာ အောက်ခြေလူထုအထိ ရောက်ဖို့လိုတယ်။ အချိန်ယူရမှာဖြစ်ပေမယ့် အများကြီး အားတက်စရာကောင်းလှပါတယ်ဟု မှတ်ချက်ပြုပြောကြားသွားသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၂)မှ တာဝန်ယူ ကြီးကြပ်လျက်ရှိသော ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	မြစ်ကျောက်စရစ်	၆၁၆ ကျင်း
၂။	မြစ်သဲ	၃၁၅ ကျင်း
၃။	လိပ်သဲခွဲကျောက်မျိုးစုံ	၉၃၅ ကျင်း
၄။	ကျောက်ရောမြေ	၂၈၈ ကျင်း
၅။	တောသစ်	၁၈၀ တန်

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၅-၅-၂၀၁၃ ရက်မှ ၇-၆-၂၀၁၃ ရက်အထိ
တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်နှင့်အချိန် - ၈-၆-၂၀၁၃ရက် မွန်းလွဲ ၁၃း၀၀နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့ ၂၊ ဧရာဝတီတံတား(ရတနာပုံ) စီမံကိန်းဝင်း၊ အမရပူရမြို့နယ်၊ ဖုန်း-၀၇၂-၂၂၂၈၀

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီးရုံး အထူးစီမံကိန်းကြီးအဖွဲ့(၂)၊ ဧရာဝတီတံတား(ရတနာပုံ)စီမံကိန်းဝင်းတွင် ၂၃-၅-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၂)မှ တာဝန်ယူကြီးကြပ်လျက်ရှိသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် မန္တလေး-တကောင်း-ဗန်းမော် မဟာဗျူဟာလမ်း၏ လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	မြစ်ကျောက်စရစ်	၄၉၁ ကျင်း
၂။	မြစ်သဲ	၄၆၁ ကျင်း
၃။	လိပ်သဲခွဲကျောက်မျိုးစုံ	၃၇၃၃ ကျင်း
၄။	ကျောက်ရောမြေ	၇၅၆ ကျင်း
၅။	တောသစ်	၁၈၉ တန်

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၅-၅-၂၀၁၃ ရက်မှ ၇-၆-၂၀၁၃ ရက်အထိ
တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်နှင့်အချိန် - ၈-၆-၂၀၁၃ ရက် မွန်းလွဲ ၁၃း၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့(၂)၊ ဧရာဝတီတံတား(ရတနာပုံ)၊ စီမံကိန်းဝင်း၊ အမရပူရမြို့နယ်၊ ဖုန်း-၀၇၂-၂၂၂၈၀

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီးရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့(၂)၊ ဧရာဝတီတံတား(ရတနာပုံ)စီမံကိန်းဝင်းတွင် ၂၃-၅-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၂)မှ တာဝန်ယူကြီးကြပ်လျက်ရှိသော ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	မြစ်ကျောက်စရစ်	၂၂၉ ကျင်း
၂။	မြစ်သဲ	၂၇၈ ကျင်း
၃။	လိပ်သဲခွဲကျောက်မျိုးစုံ	၃၁၇၁ ကျင်း
၄။	ကျောက်ရောမြေ	၂၀၀၉ ကျင်း
၅။	တောသစ်	၂၄၉ တန်

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၅-၅-၂၀၁၃ရက်မှ ၇-၆-၂၀၁၃ရက်အထိ
တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်နှင့်အချိန် - ၈-၆-၂၀၁၃ရက် မွန်းလွဲ ၁၃း၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့ (၂)၊ ဧရာဝတီတံတား (ရတနာပုံ) စီမံကိန်းဝင်း၊ အမရပူရမြို့နယ်၊ ဖုန်း-၀၇၂-၂၂၂၈၀

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီးရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့(၂)၊ ဧရာဝတီတံတား(ရတနာပုံ)စီမံကိန်းဝင်းတွင် ၂၃-၅-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

သတင်းဆောင်းပါး

ရွက်သစ်ဝေချိန်နှင့်အတူ နှလုံးရွှင်ပြုံးပီတိဖုံးစေမည့် နေပြည်တော်သတ္တဌာနဆီသို့(၅)

စေတနာမောင်

(ယမန်နေ့မှအဆက်)

ယခု သတ္တသတ္တာဟစေတီတော် တည်ဆောက်ရာတွင် နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးများ၊ ဒေသခံ ဩဝါဒါစရိယဆရာတော်ကြီး များထံ ဩဝါဒခံယူ၍ ရွှေသုဝဏ် ဆရာတော်ကြီး၏ လမ်းညွှန်ချက်၊ ပိဋကတ်ကျမ်းဂန်တော်လာ အဆို အမိန့်များ၊ စေတီတော်ကိုးကွယ်ခြင်းနှင့် စပ်လျဉ်းသည့် သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ မဟာ မင်္ဂလာကိုးမျိုးတို့ဖြင့် တည်ဆောက် ခဲ့ခြင်းဖြစ်ကြောင်းနှင့် တည်ဆောက်မှု ကုန်ကျစရိတ်များနှင့် ပတ်သက်၍ အလှူငွေများဖြင့်သာ သုံးစွဲခဲ့ခြင်းဖြစ် ကြောင်း သိရပါသည်။ သို့ဖြစ်ရာ ထို သို့သော အလှူရှင်ပုဂ္ဂိုလ်ထူးများ အတွက် နောင်တွင်လည်း သာသနာ အကျိုးရည်မျှော်၍ ဆက်လက်ပါဝင် လှူဒါန်းနိုင်ကြပါစေကြောင်း မုဒိတာ ပွားမိပါသည်။ အားလုံးလည်း မုဒိတာ ပွားနိုင်ကြပါစေ။

တည်ထားပြီးစီးသည့် စေတီတော်၏ရွှေထီးတော်တွင် ရတနာပစ္စည်းများ ကပ်လှူပူဇော်ရန်အတွက် ရတနာ ပစ္စည်းများအား နေပြည်တော်စည်ပင် သာယာရေးကော်မတီသို့ မေလ ၂ ရက် နေ့မှ စတင်လှူဒါန်းခဲ့ကြရာ မေလ ၂၃ ရက်နေ့အထိ စုစုပေါင်းရတနာ ပစ္စည်းတန်ဖိုးကျပ် ၇၅၂ သိန်းနှင့် ငွေသား ကျပ် ၇၀ ဒသမ ၉၅သိန်းရှိပြီ ဖြစ်ပါသည်။

ရွှေထီးတော်တွင် ပူဇော်ရန် ဦးသိန်းဟန်(မြန်မာ့မီးရထားပို့ဆောင်ရေး ဌာန-ငြိမ်း)က လှူဒါန်းသည့် ခန့်မှန်းငွေကျပ် ၇၅၃၇၀၀၀ တန်ဖိုးရှိ ရတနာပစ္စည်းများ။

အလှူရှင်များ လှူဒါန်းထားသည့် ရတနာပစ္စည်းများနှင့် ဌာပနာများကို ဌာပနာပုံကျမ်းနှင့်အညီ ဌာပနာသွင်း လှူမည်ဖြစ်ပြီး ဝတ္ထုငွေများကို စေတီတော်ကြီး၏ ထာဝရငွေ ပဒေသာပင်အဖြစ် စီစဉ်သွားမည် ဖြစ်ကြောင်း သိရသည်။

စေတီတော်ဖြစ်မြောက်ရေးအတွက် ကိုယ်အား၊ ပစ္စည်းအား၊ စေတနာအား၊ သဒ္ဓါအားတို့ဖြင့် ကဏ္ဍအသီးသီး တွင် ကျရာတာဝန်ကို တတ်စွမ်းသမျှ ပါဝင်ခဲ့ကြသူများအနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်ခွင့်ရရှိခြင်းသည် တစ်သက် တာတွင် ဝမ်းမြောက်ဂုဏ်ယူဖွယ် ဖြစ် သည်ဟု ခံယူမိပါသည်။

မြင့်မြတ်လှသော လူ့ဘဝကို ရရှိ လာသည့်အခါ ကြုံခဲလှသည့်သာသနာ နှင့် ကြုံခွင့်ရ ရလျက်ရှိပါသည်။ ယင်းသို့ ကြုံတွေ့ရာတွင်လည်း ပြုနိုင် ခဲလှသော သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး တည်ဆောက်ရာ တွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ကဏ္ဍ အလိုက် ပါဝင်ဆောင်ရွက်ခွင့်ရသည် ပင်လျှင် မော်ကွန်းတင်ထိုက်၊ တစ်သက်မမေ့ထိုက်သည့် ကုသိုလ်၊ အာစိဏ္ဏကံကုသိုလ် ဖြစ်သည့်အတွက် အလွန်တရာ မွန်မြတ်လှသည့်ကုသိုလ် ဖြစ်သည်ဟုလည်း ယုံကြည်မိပါသည်။

နိုင်ငံတစ်ဝန်းလုံးတွင် တည်ထား ကိုးကွယ်ထားသည့် စေတီတော်များ သည် မရေမတွက်နိုင်အောင် များပြား လှပါသည်။ ထိုသို့သောစေတီပုထိုး တို့မှာ အမျိုးမျိုးသောပုံစံများဖြင့် တည် ထားကိုးကွယ်ကြပါသည်။ သို့သော် ယခုကဲ့သို့သောစေတီတော်မျိုးသည် အင်မတန်ရှားပါးပါသည်။ ဗုဒ္ဓဂယာနှင့် ပတ်သက်၍ ရန်ကုန်၊ ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင်စသည့် နေရာမျိုးတွင် အသွင်အမျိုးမျိုးဖြင့် တည်ရှိနေသော် လည်း ယခုသတ္တဌာနမှာမူ အများနှင့် မတူ တစ်မူထူးခြားလျက်ရှိပါသည်။ အကြောင်းမှာ ဤစေတီတော် မတည် ဆောက်မီကတည်းက ပညာရှင် လေ့လာရေးအဖွဲ့ဖြင့် စနစ်တကျ တိုင်းတာပုံဖော်ကာ အိန္ဒိယနိုင်ငံ သတ္တ ဌာနတည်ရှိသည့်အတိုင်း အမြင့်၊ ဉာဏ်တော်၊ အကွာအဝေး၊ အတိုင်း အတာများတူညီအောင် မြန်မာ့မူဟန်၊ သဏ္ဍာန်တို့ဖြင့် တည်ဆောက်ထား ခြင်းကြောင့်ပင် ဖြစ်ပါသည်။

ယနေ့သည် သဗ္ဗညုတရွှေဉာဏ် တော်ရတော်မူပြီး မြတ်စွာဘုရား အဖြစ်ပွင့်တော်မူရာ နေ့ထူး နေ့မြတ် ဗုဒ္ဓနေ့ဖြစ်ပါသည်။ သတ္တဌာနဟူသည် ဘုရားဖြစ်တော်မူပြီး သီတင်းသုံးခဲ့ သည့် ဌာနများဖြစ်ပါသည်။ သို့ဖြစ်၍ ဘုရားဖြစ်တော်မူခဲ့သည့်နေ့တွင် ယခု ကဲ့သို့ ရွှေထီးတော်တင်မဟာမင်္ဂလာ ကျင်းပရခြင်းဖြစ်ပါသည်။

သတ္တဌာနတွင်ပါဝင်သည့် မြတ်စွာ ဘုရားပွင့်တော်မူရာ ဗောဓိပင်သည် သံဝေဇနီယလေးဌာနတွင် တစ်ခုအပါ အဝင်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျန်ရှိ သည့် သံဝေဇနီယ(၃)ဌာနကိုလည်း ယခု သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်သွားမည်ဖြစ် ကြောင်း သိရှိရပါသည်။

သံဝေဇနီယလေးဌာန (သံဝေဂရ စေတတ်သော ဌာနလေးပါး)နှင့် ပတ်သက်၍ အရှင်အာနန္ဒာအား မြတ်စွာဘုရားမိန့်တော်မူပုံကို ဤ နေရာတွင် ဆဋ္ဌသံဂါယနာတင် ပိဋ္ဌ ကတ်တော် ဒီဃနိကာယ်ဝင် သုတ္တန် ပိဋ္ဌကတ် မဟာဝဂ်ပါဠိတော်မှ ကောက်နုတ် ပူဇော်ဖော်ပြလိုပါသည်။

"ဤ(လုမ္ဗိနီ)ဌာန၌ မြတ်စွာဘုရား သည် ဖွားတော်မူ၏၊ အာနန္ဒာ ဤဌာန သည်လည်း သဒ္ဓါတရားရှိသော အမျိုး သားသည် ဖူးမြော်ထိုက်သော (ဖူးမြော် သူအား) သံဝေဂရစေတတ်သော ဌာန ပေတည်း။

ဤ(မဟာဗောဓိ)ဌာန၌ မြတ်စွာ ဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏၊ အာနန္ဒာ ဤဌာနသည်လည်း သဒ္ဓါ တရားရှိသော အမျိုးသားသည် ဖူးမြော် ထိုက်သော (ဖူးမြော်သူအား) သံဝေဂ ရစေတတ်သော ဌာနပေတည်း။

ဤ(မိဂဒါဝုန်)ဌာန၌ မြတ်စွာ ဘုရားသည် အမြတ်ဆုံးဖြစ်သော တရားတော်ဓမ္မစက်ကို ဟောကြား လည်စေတော်မူ၏၊ အာနန္ဒာ ဤဌာန သည်လည်း သဒ္ဓါတရားရှိသော အမျိုး သားသည် ဖူးမြော်ထိုက်သော (ဖူးမြော် သူအား) သံဝေဂ ရစေတတ်သော ဌာနပေတည်း။

ဤ(ကုသိနာရုံ)ဌာန၌ မြတ်စွာ ဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ အာနန္ဒာ ဤဌာနသည်လည်း သဒ္ဓါ တရားရှိသောအမျိုးသားသည် ဖူးမြော် ထိုက်သော (ဖူးမြော်သူအား) သံဝေဂ ရစေတတ်သော ဌာနပေတည်း။

အာနန္ဒာ သဒ္ဓါတရားရှိသော အမျိုး သားသည် ဖူးမြော်ထိုက်ကုန်သော (ဖူးမြော်သူအား) သံဝေဂရစေတတ် သောဌာနတို့သည် ဤလေးပါးတို့ပေ တည်း။

အာနန္ဒာ သဒ္ဓါတရားရှိကုန်သော ရဟန်း၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့သည် ဤလေးဌာန တို့ကို (အောက်မေ့လျက်) လာရောက် ကုန်လတ္တံ့၊ အာနန္ဒာစေတီပုထိုးတို့ကို ဖူးမြော်ရန် သွားလာလှည့်လည်သော သူတို့သည် ကြည်ညိုသောစိတ်ရှိလျက် သေကုန်ငြားအံ့၊ ထိုသူအားလုံးတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ကုန်လတ္တံ့ဟု (မိန့်တော်မူ၏)။"

သို့ဖြစ်ရာ ကျန်ရှိသည့် သံဝေ ဇနီယ(၃)ဌာနကို ထပ်မံတည်ဆောက် ပြီးပါကလည်း ယခုကဲ့သို့ သဒ္ဓါတရား ပိုမိုထက်သန်စရာ၊ ကုသိုလ်တရား ပိုမို ပွားများနိုင်စရာအကြောင်း ဖြစ်ပေါ် ရဦးမည်ဖြစ်ပါသည်။

ဘုရားဖူးပြည်သူများ အပန်းဖြေ နိုင်ရန်အတွက် မဟာဗောဓိစေတီ အနီးရှိ သပြေစမ်းဆည် ပတ်လမ်းကို ကွန်ကရစ်ဖြင့် ဖောက်လုပ်ထားပြီး အရှည်ပေ ၆၈၀၀ ရှိပါသည်။ မြန်မာ ပြည်အနှံ့မှ ဘုရားဖူးများ လာရောက် လျှင် တည်းခိုနိုင်ရန်အတွက် အမျိုး သားအိပ်ဆောင်တစ်ဆောင်နှင့် အမျိုး သမီးအိပ်ဆောင် နှစ်ဆောင်ကို တည် ဆောက်ပေးထားပါသည်။ ၎င်း အဆောင်များတွင် လေဝင်လေထွက်

သတ္တဌာနအနီး ဖောက်လုပ်ထားသည့် ကန်ပတ်လမ်း။

ကောင်းအောင် ပြတင်းပေါက်များကို အောက်ခြေကြမ်းခင်းနှင့် တစ်ညီတည်း ဖွင့်၍ရအောင် စီစဉ်ပေးထားပါသည်။ အိပ်ဆောင်အနီး မလှမ်းမကမ်းတွင် သန့်စင်ခန်းများကို ပုံမှန်ထက်သာလွန် ကောင်းမွန်အောင် ဆောက်လုပ်ပေး ထားပါသည်။ ပတ်ဝန်းကျင်ညစ်ညမ်း မှုမရှိစေရေး ထိန်းသိမ်းလျက်ရှိပြီး ငွေကြေးသက်သာစွာဖြင့် စားသုံးနိုင် အောင် စားသောက်ဆိုင်ခန်းများကို လည်း ရေရှည်အကျိုးရှိခိုင်ခံ့စေရန် စီမံတည်ဆောက်ပေးထားပါသည်။ ထပ်မံတိုးချဲ့ ဆောင်ရွက်မည်ဖြစ် ကြောင်းလည်း သိရှိရပါသည်။ စေတီ တော်ပရဝဏ်အတွင်း ယာဉ်ရပ်နားရန် နေရာစီစဉ်ထားပြီး မြေယာရှုခင်းနှင့် ပန်းအလှပင်များစိုက်ပျိုး၍ ပတ်ဝန်း ကျင်သန့်ရှင်းရေးကို စဉ်ဆက်မပြတ် တာဝန်ယူထိန်းသိမ်းဆောင်ရွက်သွား မည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

ဤနေရာသည် နေပြည်တော်- တပ်ကုန်းကားလမ်းတွင် တည်ရှိသည့် အတွက် မော်တော်ယာဉ်လိုင်းများ ရှိပြီးဖြစ်သော်လည်း နောက်ပိုင်းတွင် မော်တော်ယာဉ်များ စီစဉ်ပေးရန်အစီ အစဉ်ရှိကြောင်း သိရပါသည်။ ရေရှည် ထိန်းသိမ်းစောင့်ရှောက်ရေး အပိုင်း တွင်မူ သတ္တဌာနဘုရားနှင့်ပတ်သက် ၍ ဂေါပကအဖွဲ့စည်းဆောင်ရွက်သွား မည်ဖြစ်ပြီး တရားစခန်းကို နေပြည် တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

ကားလမ်းနှင့်ကပ်လျက်တွင် တရား ပွဲနှင့်ဖျော်ဖြေပွဲပြုလုပ်နိုင်ရေး စင်မြင့် တစ်ခု တည်ဆောက်ပြီးဖြစ်ပါသည်။ ယခုမေလ ၂၄၊ ၂၅၊ ၂၆ တို့တွင် တရားပွဲများ ပြုလုပ်သွားမည်ဖြစ်ပြီး မေလ ၂၇၊ ၂၈ ရက်တို့တွင် မြဝတီ အငြိမ့်ဖြင့် ဖျော်ဖြေမည်ဖြစ်ပါသည်။ နောင်နှစ်များတွင်မူ နှစ်စဉ် ကဆုန် လပြည့်နေ့တိုင်း ဘုရားပွဲပြုလုပ်မည် ဖြစ်ပြီး ပျော်ပွဲ ရွှင်ပွဲ၊ ငါးလွှတ်ပွဲ၊ တရားပွဲနှင့် ဇာတ်ပွဲများပြုလုပ်ရန် လျာထားပါသည်။

တစ်နယ်တစ်ကျေးမှ လာရောက် ကြသည့် ဘုရားဖူးများကို မြင်တွေ့ရ သည်မှာ လွန်စွာ ပီတိဖြစ်စရာဖြစ်ပါ သည်။ ဗုဒ္ဓဂယာနှင့်တူသည်ဟု ပြော ဆိုသံများကိုလည်း ဘုရားဖူးပြည်သူ များထံမှ ကြားသိရသည့်အတွက် ကြည်နူးပီတိဖြစ်ရပါသည်။ မဟာ ဗောဓိစေတီထဲတွင် ပြခန်းပြသခြင်း အတွက် စဉ်းစားဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရှိရပါသည်။

နေပြည်တော် ဗုဒ္ဓဂယာဟု အများခေါ်ဆိုသော သတ္တသတ္တာဟ မဟာဗောဓိစေတီတော် တည်ဆောက် ရေးလုပ်ငန်းများ မပြီးမြောက်မီအချိန် ကစတင်ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက် ဖူးမြော်လျက်ရှိကြပါသည်။

ကုသိုလ်ကောင်းမှုဟူသည် အခွင့် အခါသာမှ ပြုခွင့်ရပါသည်။ ဆိုလို ရင်းမှာ ဘုရားရှင်၏သာသနာနှင့်ကြုံ၊ စေတနာ၊ သဒ္ဓါတရားလည်းရှိ၊ ခေတ် ကာလကောင်း၊ အချိန်ကောင်း၊ အခါ ကောင်းမှ ပြုလုပ်နိုင်သည့်အမှုကိစ္စ ဖြစ်ပါသည်။ သို့ဖြစ်၍ ယခုကဲ့သို့သော အခြေအနေ ကောင်းရှိနေချိန်တွင် အခါအခွင့်သင့်သည့်အခါ နွေရာသီ တွင်ဖွင့်လှစ်သည့် သတ္တသတ္တာဟ တရားစခန်းသို့ လာရောက် အားထုတ်နိုင်ရန် ဖိတ်ခေါ်လိုပါသည်။ သို့နည်းတူ သတ္တသတ္တာဟ မဟာ ဗောဓိစေတီတော်မြတ်ကြီးအပါအဝင် နေပြည်တော်သတ္တဌာနဆီသို့ ရောက် ဖြစ်အောင်၊ ဖူးဖြစ်အောင် ကြိုးစား လာရောက်ဖူးမြော်နိုင်ရန် စေတနာ ဖြင့် ဖိတ်ခေါ်တိုက်တွန်းလိုပါသည်။

ဓမ္မမိတ်ဆွေများခင်ဗျား-

လယ်တီဆရာတော်ကြီး ရေးသား တော်မူသည့် သတ္တဌာန ဘုရားရှိခိုး လင်္ကာကို ပူဇော်ကြည်ညိုနိုင်စေရန် အလို့ငှာ အလျဉ်းသင့်၍ ဓမ္မဒါန အဖြစ် မျှဝေပေးလိုက်ပါရစေ။

လယ်တီဆရာတော်ကြီး ရေးသား တော်မူသည့် သတ္တဌာနဘုရားရှိခိုး လင်္ကာ

ဘုန်းရောင်ထွန်းထိန်၊ စောမုနိန်။ ပညိန္ဒြေ၊ ခြွေရာမှန်ဘိ၊ ဗောဓိကြင့်နန်း၊

ဘုရားဖူးတည်းခိုဆောင် တည်ဆောက်ထားမှု။

ရွှေရောင်နန်းဝယ်၊ ထူးဆန်းအံ့လောက်၊ မြေမှပေါက်သား၊ ရောင်တောက်မာရ် နှင်၊ ရွှေပလ္လင်ထက်၊ သဗ္ဗညုတ၊ ဉာဏ် ကိုရပြီး၊ သတ္တာဟရက်၊ ဖွဲ့ခွေလျက်ပင်၊ ငြိမ်သက်တင့်တယ်၊ သုံးစံပယ်သည်။ ဘုန်းကြွယ် လက်ဦးပွဲပေကို။

နှစ်ကြိမ်မြောက်ထ၊ သတ္တာဟ တွင်၊ မာရပယ်လှန်၊ ပလ္လင်ပုံမှ၊ ဒေသန် တူရှု ရပ်တော်မူလျက်၊ ကြည်ဖြူငြိမ်း ချမ်း၊ ပလ္လင်နန်းကို၊ ဖြောင့်တန်းစက္ခု၊ စိမ်းစိမ်းရှုလျက်၊ သုံးလူ့ရှင်ပင်၊ ပျော် စံရွှင်သည်။ ကြည်လင်ညွတ်နူးဖွယ် ပေကို။

သုံးကြိမ်မြောက်ထ၊ သတ္တာဟ တွင်၊ ဗောဓိပင်မှ၊ မြောက်ခွင်ဥတ္တရာ၊ စင်္ကြံသာ၌၊ လူးလာတုံ့ခေါက်၊ ကြွချီ လျှောက်၍၊ ဘုန်းတောက်ဘုရား၊ ပျော်စံစားသည်။ တရားဆင်ခြင်လျက် ပေကို။

လေးကြိမ်မြောက်ထ၊ သတ္တာဟ တွင်၊ ဗောဓိပင်နှင့်၊ ပလ္လင်ထွန်းတောက်၊ အနောက်မြောက်ဝယ်၊ အံ့လောက် ဖွယ်ရာ၊ ရတနာရိပ်ငြိမ်၊ စံရွှေအိမ်၌၊ ကြိမ်ကြိမ်ဖန်ခါ၊ ဘိဓမ္မာကို၊ မဟာ ဉာဏ၊ သာဂရဖြင့်၊ ဗုဒ္ဓရှင်ပင်၊ သုံး ဆင်ခြင်သည်။ ရောင်ရှင်ခြောက်ဖြာ ညီးလို့ကို။

ငါးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ ရှေ့ခွင်ပြုဗ္ဗာ၊ ရပ်ဒိသာ ဝယ်၊ ကြီးစွာမြင့်ခေါင်၊ ဆိတ်ကျောင်း ညောင်၌၊ ဘုန်းခေါင်ပရမေ၊ စံပယ် နေသည်။ ရိုသေမြတ်နိုးဖွယ်ပေကို။

ခြောက်ကြိမ်မြောက်ထ၊ သတ္တာ ဟတွင်၊ ပလ္လင်ရွှေညောင်၊ အရှေ့ တောင်၌၊ မြရောင်လိုလို၊ ရေညှိပြည့် လျှမ်း၊ ကြာပန်းညွတ်ရုံ ပန်းမျိုးစုံသည်၊ မုစလိန္ဒာ၊ အိုင်သာဖြန့်ကျင်း၊ ကျည်း ပင်ရင်းဝယ်၊ သနင်းလူ့ဆွေ၊ စံပယ် နေသော်၊ မိုးလေထန်ပြင်း၊ သွန်းချ ခြင်းကြောင့်၊ မြွေမင်းရန်တန့်၊ ပါးပျဉ်း ဖြန့်လျက်၊ ချီးအံ့တန်ခိုး၊ ဆောင်းကာ မိုးသည်။ ရှေးကျိုးသမ္ဘာတော်ကြောင့် ကို။

ခါသတ္တမ၊ သတ္တာဟတွင်၊ ဗောဓိ ပင်မှ၊ တောင်ပြင်လက်ျာ၊ မြေမျက် နှာဝယ်၊ ရာဇာယတန၊ မည်ရခေါ်တွင်၊ လင်းလွန်းပင်၌၊ သဗ္ဗညုဖျား၊ ပျော်စံ စားသည်။ ကြီးမားဉာဏ်တော်ဖွင့်လို့ ကို။

ထိုခုနစ်ပါး၊ အရပ်များကို၊ ရှေ့ သွားသဒ္ဓါ၊ ကြည်ညိုစွာလျှင်၊ ဝန္ဒာ နာမာန၊ ဂါရဝဖြင့်၊ ဦးချညွတ်ကျိုး၊ ကျွန်ုပ်ရှိခိုးသည်။ ကောင်းကျိုးခပ်သိမ်း ပြည့်စေသော်။ ။

အချုပ်အားဖြင့်ဆိုရသော် ယခု အခါ ဥဒယရံသီကုန်းတော်၌တည်ထား သည့် သတ္တသတ္တာဟ မဟာဗောဓိ စေတီတော် ရွှေထီးတော်တင်လှူပွဲ နှင့်ဘုရားအနေကဇာတင်ပွဲကိုမေလ ၂၄ ရက်(ယနေ့)တွင် ကျင်းပနိုင်ပြီ ဖြစ်ရာ စာရေးသူတို့ နိုင်ငံအတွက် ဂုဏ်ယူစရာ ဆုထူးကြီးကို ဆောင် ကြဉ်းပေးလိုက်နိုင်ခြင်းပင် ဖြစ်ပါ သည်။ သို့အတွက် အနယ်နယ်အရပ်ရပ် မှ ဘုရားဖူးပြည်သူများ လာရောက် ဖူးမြော်ကုသိုလ် ယူနိုင်ကြပြီဖြစ်ပါ ကြောင်း၊ ပြည်သူအပေါင်း စိတ်အေး ချမ်းသာပြီး ကြည်ညိုသဒ္ဓါပွားများ နိုင်ကြပါစေကြောင်း၊ ငြိမ်းချမ်းသာယာ ပြီး မဟာမင်္ဂလာအပေါင်းနှင့် ခညောင်းနိုင်ပါစေကြောင်း ဆုမွန် ကောင်းတောင်းရင်း ကုသိုလ်တရား ပွားများနိုင်ရန် နိဗ္ဗာန်အကျိုးမျှော်၍ ကုသိုလ်စေတနာ ရှေ့ထားလျက် သတင်းကောင်းပါးလိုက်ရကြောင်းပါ ခင်ဗျား။ ။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်သပြေလမ်း၊ ယုဇနပလာဇာ၊ တိုက်(၁၇)၊ အခန်း(၂)နေ ဦးသိန်းထွန်း ၁၃/ကမန(နိုင်)၀၀၉၂၃၅သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ပူးတွဲပါစာချုပ်အမှတ်ဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

PRINCO

CD-R
700MB/80 Min

DVD±R
4.7GB 120min

မှတ်ပုံတင်စာချုပ်အမှတ်-၉၇၇၈/ ၂၀၁၀

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် CD-R, DVD-R အချပ်လွတ်(အရောင်၊ အရွယ်အစား)အမျိုးမျိုးတို့ဖြင့် မြန်မာနိုင်ငံတွင် တင်သွင်း၊ ထုတ်လုပ်၊ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပြီး အဆိုပါပစ္စည်းများ ထည့်သွင်းအသုံးပြုသော စက္ကူအမျိုးမျိုး၊ ပလတ်စတစ်အိတ်အမျိုးမျိုး၊ ပလတ်စတစ်ဘူးအမျိုးမျိုး၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း၊ အသားတံဆိပ်အမျိုးမျိုးတို့အပေါ်တွင် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ဖိနှိပ်၍၊ကပ်နှိပ်၍၊ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအနှံ့အပြားတွင် လက်လီလက်ကား ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည် ဖြစ်ပါ သည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တစ်စိတ်တစ်ဒေသ ဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား တုပ၍ သော်လည်းကောင်း ပြုလုပ်သုံးစွဲပြီး ကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသူများအား တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း(LL.B, D.B.L)အထက်တန်းရှေ့နေ
အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

ဆိပ်ကမ်းသာယာလှပရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဆောင်ရွက်

ရန်ကုန် မေ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် တိုင်းရင်းသားလုပ်ငန်းရှင်များပိုင် ပုဂ္ဂလိကဆိပ်ကမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆိပ်ကမ်းသာယာလှပရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များစစ်ဆေးရန်အတွက် မေ ၂၁ ရက် နံနက်ပိုင်းက အေးရှားဝေါလ်ဆိပ်ကမ်းသို့ရောက်ရှိရာ အေးရှားဝေါလ်အလုပ်အမှုဆောင်ဒါရိုက်တာ ဦးထွန်းမြင့်နိုင်နှင့်တာဝန်ရှိသူများက အေးရှားဝေါလ်ဆိပ်ကမ်းအစည်းအဝေးခန်းမ၌ ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ထပ်မံတိုးချဲ့မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အေးရှားဝေါလ်ဆိပ်ကမ်းတံတားများ (AWPT) တွင် ၁၀၅ မီတာရှိ စားအုန်းဆီတင်သင်္ဘောဆိုက်ကပ်နိုင်သော ဆီတင်တံတားတစ်ခုနှင့် အထွေထွေကုန်ပစ္စည်းနှင့် ကုန်သေတ္တာတင်သင်္ဘောငါးစင်း ဆိုက်ကပ်နိုင်သော အရှည်မီတာ ၁၀၀၀ ရှိ ဆိပ်ခံတံတားရှိပြီး ပင်လယ်ရေကြောင်းဖြင့် စားအုန်းဆီတင်သွင်းမှုမှာ တစ်နှစ်လျှင် စားအုန်းဆီတန်ချိန် ၃၀၇၀၁၂ တန်ရှိခဲ့ရာ ယင်းတို့မှ ၇၀ ရာခိုင်နှုန်းခန့်ကို ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သေတ္တာ ကိုင်တွယ်မှုပမာဏသည် ၂၀၁၁-၂၀၁၂ ခုနှစ်များတွင် TEU သုံးသိန်းကျော်ခန့် ကိုင်တွယ်ဆောင်ရွက်ရ၍ ရန်ကုန်ဆိပ်ကမ်းတစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်းကိုင်တွယ်ဆောင်ရွက်နေကြောင်း၊ထပ်မံ၍ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့်အကျိုးတူ ထီးတန်းဆိပ်ခံတံတားဆောက်လုပ်လျက်ရှိပြီး ယခုအခါ တံတားနှစ်စင်း အရှည် ၄၃၈ မီတာ ပြီးစီးကာ သင်္ဘောသုံးစင်းတစ်ပြိုင်တည်း ဆိုက်ကပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဆိပ်ကမ်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ထပ်မံ၍ အလုံသစ်စက် ဧရိယာအတွင်း ဆိပ်ခံတံတားများ တိုးချဲ့ဆောက်လုပ်ရန် အစီအစဉ်ရှိကြောင်း၊ နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ဆိပ်ကမ်းတွင် ဝန်ထမ်းအင်အား ၈၁၁ ဦး ခန့်ထားပြီးဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၏ တိုင်းရင်းသားလုပ်ငန်းရှင်များ ယနေ့နိုင်ငံခြားသားများနှင့် တန်းတူရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည်ကိုတွေ့ရ၍ ဝမ်းမြောက်မိကြောင်း၊ ဆိပ်ကမ်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဖြစ်ရာ ယခုထက်ပိုမိုတိုးတက်အောင် တီထွင်ကြံဆလုပ်ကိုင်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ ပထမဦးဆုံးဆန်တင်ပို့နေသည့် M.V MUSASHI ဆန်တင် သင်္ဘော၏ ဆန်တင်ဆောင်နေမှုကိုလည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း(MIP)၌ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် တိုးချဲ့တည်ဆောက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မြန်မာ့စက်မှုဆိပ်ကမ်း အစည်းအဝေးခန်းမဆောင်၌ တာဝန်ရှိသူများက လက်ရှိမိမိတို့ဆိပ်ကမ်းတွင် အထွေထွေကုန်ပစ္စည်းနှင့် ကုန်သေတ္တာတင်သင်္ဘောနှစ်စင်းဆိုက်ကပ်နိုင်သော အရှည်မီတာ ၄၀၀ ရှိ ဆိပ်ခံတံတားရှိပြီး ထပ်မံ၍ သင်္ဘောသုံးစင်း ဆိုက်ကပ်နိုင်သော အရှည်မီတာ ၄၇၀ ရှိ ဆိပ်ခံတံတားကို တည်ဆောက်လျက်ရှိကြောင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ်များတွင် ကုန်သေတ္တာ TEU ၁၄၀၀၀၀ ခန့် ကိုင်တွယ်ဆောင်ရွက်ရ၍ ရန်ကုန်ဆိပ်ကမ်းတစ်ခုလုံး၏ ၂၅ ရာခိုင်နှုန်းကိုင်တွယ်ဆောင်ရွက်နေကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများအနေဖြင့် လက်ရှိမိမိဆိပ်ကမ်းတွင် ဝန်ထမ်းအင်အား ၃၈၇ ဦးခန့်ထားပြီး တံတားများအားလုံးပြီးစီးပါက ဝန်ထမ်းအင်အား ၁၀၀၀ ကျော် ခန့်ထားနိုင်ကြောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်သည့် စည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရန်နှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော လုပ်ငန်းများ ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီဆောင်ရွက်နေသည်ကို တွေ့ရှိရ၍ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ယခုထက် ပိုမိုတိုးတက်အောင်တီထွင်ကြံဆလုပ်ကိုင်ကြရန် တိုက်တွန်းပြောကြားသည်။

ကြည့်ရှု

ဆက်လက်၍ လန်းပြီပင်လယ်ရေကြောင်းကုမ္ပဏီလီမိတက်ပိုင် ဗိုလ်အောင်ကျော်ဆိပ်ကမ်း (BSW) သို့ရောက်ရှိပြီး ကုန်ပစ္စည်းထုတ်ယူမှုလျင်မြန်ချောမွေ့စေရန် ဆောင်ရွက်ထားရှိသည့် One Stop Service ဖြင့် ကုန်သေတ္တာနှင့် ကုန်ပစ္စည်းများ ထုတ်ယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်တထောင်ဆိပ်ကမ်းနယ်မြေသာယာလှပရေးနှင့်ဖွံ့ဖြိုးရေးစီမံကိန်းဧရိယာသို့ ရောက်ရှိရာ လှလှပပကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးကျော်မျိုးထွန်းက ဗိုလ်တထောင်ဆိပ်ကမ်းနယ်မြေတွင် တည်ဆောက်မည့် ရေပေါ်ဟိုတယ်နှင့်ပတ်သက်၍ လည်းကောင်း၊ PEARLAND Co., Ltd. အမှုဆောင်ဒါရိုက်တာ ဒေါ်သီရိက ဗိုလ်တထောင်ဆိပ်ကမ်းနယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေပြုပြင်ခြင်း (Reclaim)ကို ၂၀၁၃ ခုနှစ်တွင် အပြီးဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်မှစတင်၍ ဆိပ်ကမ်းနှင့် လိုက်လျောညီထွေသည့် အဆောက်အအုံ၊ အပန်းဖြေစခန်းများ၊ ဈေးဝယ်စင်တာများ၊ စားသောက်ဆိုင်များ တည်ဆောက်သွားမည်ဖြစ်ကြောင်းတို့ကိုလည်းကောင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကုမ္ပဏီများအနေဖြင့် သဘာဝပတ်ဝန်းကျင်မထိခိုက်အောင် အဓိကထားဆောင်ရွက်ရမည်ဖြစ်ပြီး နဂိုရှိသော သဘာဝအလှများနှင့် လိုက်ဖက်ညီစွာတည်ဆောက်ရန်နှင့်ပတ်ဝန်းကျင်သာယာလှပရေးကို ဦးစားပေးဆောင်ရွက်ရန်မှာကြားခဲ့သည်။

(သတင်းစဉ်)

အဆင်းလမ်းမှာ ရှေ့နောက်တိုက်မိပြီး ကျောက်ကားနှစ်စီးဘေးစောင်းလဲ

မူဆယ် မေ ၂၃

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်-လားရှိုး-မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မူဆယ်နှင့် မိုင်းယု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အကြား တုန်ခန်ရွာအနီးတွင် တောင်မှမြောက်သို့ မောင်းနှင်လာသော လမ်းခင်းကျောက်ကြီးများ တင်ဆောင်လာသည့်ကားကို ရှိပင်ကျောက်များ တင်လာသည့်ကားက အဆင်းတွင် အရှိန်လွန်ကာနောက်မှ ဝင်တိုက်မိသည့်အတွက် ကားနှစ်စီးစလုံး လမ်းဘေးသို့ တိမ်းမှောက်သွားခဲ့သည်။ **(ယာပုံ)**

"လူအသေအပျောက် မရှိပါဘူး။ ကံကောင်းတယ်ပြောရမယ်၊ ဒီနေရာကအဆင်းချည်းဘဲ၊ ဒီကအထက်ဘက် အထက်တုန်ခန်ရွာနားကစတဲ့ အဆင်းကြီးဟာ နှစ်မိုင်လောက်ရှည်ပြီး မူဆယ်မြို့အဝင်နားက နမ့်ခွန်ရွာဓာတ်ဆီဆိုင်နားရောက်ပါတယ်။ ကားကြီးတွေ တုန်ခန်ရွာအလွန် အဆင်းကွေ့မှာ အရှိန်လွန်လဲတာ မကြာခဏတွေ့ရတယ်။ အထူးသဖြင့် ဝန်တင်တဲ့ကားတွေ ဖြစ်တာများပါတယ်။ အခုအချိန်ကာလမှာ မူဆယ်မြို့ပြစီမံကိန်းတွေရယ်၊ တိုက်တာအိမ်တွေ ဆောက်လုပ်ကြတာကြောင့် မြေသယ်ကား၊ ကျောက်သယ်ကားကြီးတွေမပြတ်တွေ့နေရပါတယ်။ဒီအဆင်းလမ်းကို ဝန်တင်ကားကြီးတွေအတွက် ရှောင်ကွင်းလမ်းတစ်လမ်း အမြန်ဖောက်ဖို့ လိုအပ်နေပါပြီ။ ယာဉ်မောင်းတွေလည်း သတိထားမောင်းသင့်ပါတယ်။ ဖြစ်လိုက်ရင် တခြားခရီးသွားယာဉ်တွေ၊ လူတွေအတွက်ပါ စိုးရိမ်ကြရတယ်" ဟု ကားမှောက်သည့်နေရာတွင် တွေ့ရသော နယ်ခံတစ်ဦးက ပြောပြသည်။

ယင်းလမ်းပိုင်းသည် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်နှင့် မူဆယ်မြို့ကြားလမ်းပိုင်းဖြစ်ပြီး အဝေးပြေးလူစီးယာဉ်ကြီးများ၊ ကုန်ပစ္စည်းများ၊ သစ်သီးများတင်သည့်ကားများ၊ တွဲကားကြီးများ၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ကျောက်သယ်ကားကြီးများ၊ အဆင်းအတက် အသွားအလာအလွန်များသောနေရာဖြစ်ပြီး ယာဉ်တန်းကြီးများသဖွယ် မကြာခဏ ယာဉ်ကြောပိတ်ဆို့တတ်သော လမ်းပိုင်းဖြစ်သည်။

သိန်းဇော်(ရွှေလီဦး)

World Health Organization

၂၀၁၃ ခုနှစ် မေလ (၃၁) ရက်နေ့

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

'ဆေးလိပ်ဆေးရွက်အန္တရာယ်၊ ပြည်သူအများ သတိပြုဖွယ်
အရောင်းမြှင့်တင် ကြော်ငြာများ၊ ဥပဒေဖြင့် တားမြစ်ထား'

ကျန်းမာရေးဝန်ကြီးဌာန

ဆီးဂိမ်းအတွက် လေ့ကျင့်နေသည့် မြန်မာယူ -၂၃နှင့် MNL ညွှန့်ပေါင်းအသင်းတို့ခြေစမ်းမည်

နေပြည်တော် မေ ၂၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် စနစ်တကျဆောင်ရွက်နေပြီး မြန်မာယူ- ၂၃ အသင်းကိုလည်း ပဏာမကစားသမား ၃၀ ဖြင့် ဖွဲ့စည်းကာ မေ ၂၁ ရက်မှ ၃၁ ရက်အထိ တောင်ကြီးမြို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည်။

အဆိုပါ မြန်မာယူ-၂၃ အသင်းတွင် လက်ရှိ MNL ၌ ခြေစွမ်းပြနေသည့်လူငယ်ကစားသမားများပါဝင်ပြီး လေ့ကျင့်မှုများ ပြင်းပြင်းထန်ထန်ပြုလုပ်လျက်ရှိသည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် အကြိုပြင်ဆင်မှုအနေဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် အနယ်နယ်အရပ်ရပ်မှ ဘောလုံးဝါသနာရှင်များ ကြည့်ရှုနိုင်ရန်အတွက် မေ ၂၆ ရက် ညနေ ၄ နာရီတွင် တောင်ကြီးမြို့ရှိ KBZ ကွင်းတွင် အထူးခြေစမ်းပွဲအဖြစ် MNL ညွှန့်ပေါင်းအသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ MNL ညွှန့်ပေါင်းအသင်းတွင် ပါဝင်မည့် နိုင်ငံခြားသားကစားသမားများမှာ လက်ရှိ MNL တွင် ခြေစွမ်းပြနေသည့် ကစားသမားများဖြစ်သောကြောင့် ယင်းခြေစမ်းပွဲမှာ အကြိတ်အနယ်ရှိမည့် ပွဲကောင်းတစ်ပွဲ ဖြစ်လာမှာသေချာသည်။

ခြေစမ်းပွဲမစမီ မွန်းလွဲ ၁ နာရီ မှစ၍ R ဇာနည်၊ နီနီခင်ဇော်၊ ချစ်စနိုးဦး စသည့်နာမည်ကြီး တေးသံရှင်၊ အနုပညာရှင်များက ဖျော်ဖြေကြမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းက ယင်းခြေစမ်းပွဲတွင် အနိုင်ရရှိသည့်အသင်းအား ငွေကျပ်သိန်း ၁၀၀၊ ရှုံးနိမ့်သည့်အသင်းအား ငွေကျပ်သိန်း ၅၀ ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

ဖိုးသော်ဇင်

လျှပ်စစ်မီးကြိုးပေါက်မှ ဓာတ်လိုက်သေဆုံး

တာချီလိတ် မေ ၂၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ပောင်လိတ်အုပ်စု ဝိန်းကျောက် ခမ မပည (အဲန်စီ-၉၇၈၆၃၆) ဦးဟုန်စီမင်း ရေဆေးခုံတွင် မေ ၂၂ ရက် ညနေ ၃ နာရီက အမျိုးသားတစ်ဦး ဓာတ်လိုက်ခံရ၍ သတိလစ်နေကြောင်း နယ်ထိန်းတပ်ကြပ်ကြီး ညီလှအောင်က ဖုန်းဖြင့်သတင်းပို့ချက်အရ တာဝန်မှူးဒုရဲအုပ်ဝင်းလှိုင်၊ သက်သေဝိန်းကျောက် (ရှမ်း) ရွာသူကြီး ဦးစိုင်းလုံ၊ ဝိန်းကျောက်(အခါ)ရွာသူကြီး ဦးဒိုလိုတို့နှင့်အတူ သွားရောက်စစ်ဆေးရာ ကားရေဆေးစင်အောက်ခြေတွင်ပြင်ပဒဏ်ရာတစ်စုံတစ်ရာရရှိခြင်းမရှိဘဲ ရေစိုနေသော သမံတလင်းတွင် ပက်လက်အနေအထားနှင့် ရင်ဘက်ပေါ်တွင် ရေပိုက်တင်နေလျက်ပါးစပ်မှ အမြှုပ်များထွက်ပြီး သတိလစ်နေသူ အောင်အောင်ထွေး (၂၆နှစ်) ရေဆေးခုံလုပ်သား ပုန်းထွန်းရပ်ကွက် (၄)လမ်းတာချီလိတ်နေသူအား တွေ့ရှိရသဖြင့် စစ်ဆေးရာ လျှပ်စစ်မိန်းခုံမှ ရေမော်တာသို့အဝင် လျှပ်စစ်မီးကြိုးပေါက်နေပြီး ၎င်းမှတစ်ဆင့် ရေစိုနေသည့် ကွန်ကရစ်ကြမ်းပြင်မှ လျှပ်စီးပြီး ဓာတ်လိုက်ခြင်းဖြစ်ကြောင်း သိရှိရ၍ ၎င်းအား ဆေးကုသမှုခံယူရန် ဆေးစာရေးသား၍ တာချီလိတ်ပြည်သူ့ဆေးရုံသို့ ပို့စဉ်လမ်းခရီး၌ သေဆုံးသွားခဲ့သဖြင့် ဓမ္မတာအတိုင်း သေဆုံးရခြင်းဟုတ် မဟုတ်စုံစမ်းစစ်ဆေးနိုင်ရန် တာချီလိတ်ရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမှုကိုစခန်းမှူး ရဲအုပ်တင်ဌေးက ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြင့်မိုရ်(တာချီလိတ်)

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသော အချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်းတွင် DCP (Dry Chemical Power Extinguisher) ဓာတုဗေဒ ပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အမြန်ဆုံး မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

အုတ်ဖိုမြို့နယ်တွင် မြေအက်ကွဲမှုဖြစ်ပွား

နေပြည်တော် မေ ၂၃

မေ ၂၂ ရက် ညနေ ၃ နာရီခွဲက ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖလံပင်ကျေးရွာနေ ဦးမြင့်ငွေ (၆၀ နှစ်)၏ နေအိမ် နောက်ဖေးတလင်းတွင် မြေအက်ကွဲမှုဖြစ်ကြောင်း ဖလံပင်ကျေးရွာအုပ်ချုပ်ရေးမှူးက အုတ်ဖိုမြို့မရဲစခန်းသို့ ဖုန်းဖြင့်အကြောင်းကြားခဲ့သဖြင့် အုတ်ဖိုမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ အရှည်ပေ ၅၀ ခန့်၊ အကျယ် ၁၂ လက်မခန့်မှ လက်မ ၂၀ခန့်၊ အနက် ခြောက်ပေခန့်ရှိ မြေအက်ကွဲမှုဖြစ်နေကြောင်းတွေ့ရှိရပြီး လူ/တိရစ္ဆာန်ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သတင်းရရှိသည်။

(၁၁၂)

ပြည်တွင်းသတင်း

GE ရုံးခွဲများ နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ ဖွင့်လှစ်

နေပြည်တော် မေ ၂၃

General Electric (GE) ရုံးခန်းဖွင့်လှစ်ပွဲကို မေ ၂၂ ရက်တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။ အဆိုပါရုံးခန်းဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီးဦးလှထွန်း၊ ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်၊ ဦးအေးမြင့်ကြူ၊ ပြည်သူ့လွှတ်တော် တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလားတူ GE ရုံးခန်းဖွင့်ပွဲကို ရန်ကုန်မြို့၌ ယနေ့တွင် ကျင်းပခဲ့သည်။ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအနက် GE ဝင်ရောက်သော နဝမမြောက်နိုင်ငံဖြစ်ကြောင်း သိရသည်။ GE သည် ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်နှင့် ပစ္စည်းမှာယူမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော်ဖြင့် လုပ်ငန်းများ လည်ပတ်နေကြောင်း၊ ဝန်ထမ်းအင်အား ၇၅၀၀ ခန့်ရှိကြောင်း သိရသည်။

အာဆီယံဒေသ၏ GE ရုံး အမှုဆောင်အရာရှိချုပ် Mr. Stuart Dean က မြန်မာနိုင်ငံသည် အာဆီယံဒေသအတွင်း GE အတွက် စီးပွားဖွံ့ဖြိုးမှု အလျင်အမြန်အတိုးတက်ဆုံးကဏ္ဍထဲတွင် ပါဝင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လတ်တလောလိုအပ်နေသည့် လျှပ်စစ်စွမ်းအား၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များနှင့် နိုင်ငံ၏အနာဂတ်အတွက် ထောက်ပံ့မှုများကို တိုးတက်ကူညီသွားရန် မျှော်မှန်းထားပါကြောင်းဖြင့် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရှိ GE ရုံးခန်းကို မြန်မာနိုင်ငံသားတစ်ဦးဖြစ်ပြီး အမေရိကန်နှင့် မြန်မာနိုင်ငံတို့တွင် ဈေးကွက်ရှာဖွေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အတွေ့အကြုံရှိသည့် ဦးဇော်ဝင်း (Andrew Lee) က ပြည်တွင်းဌာနေကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်တန်း စတင်ဖွင့်လှစ်

မြိတ် မေ ၂၃

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်ချက်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား အောင်ချက်မြင့်မားရေးအတွက် မေ ၂၀ ရက်မှစ၍ သက်ဆိုင်ရာအခြေခံပညာကျောင်းများတွင်စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။ ထိုသို့သင်ကြားရာတွင် တက္ကသိုလ်ဝင်တန်း တစ်တန်းတည်းကိုသာ ကြိုတင်ဖွင့်လှစ်သင်ကြားခြင်းဖြစ်ပြီးကျန်ရှိသည့် အခြေခံပညာစာသင်တန်းများမှာ ပုံမှန်အတိုင်းဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကိုသန့်(မြိတ်)

▲ *ကျောဖုံးမှ*

ပါဝင်ကြသည်။ ယင်းပြိုင်ပွဲကို အာဆီယံဘောလုံးအဆင့်အတန်းမြင့်မားရေးကို အထောက်အကူပြုရန်နှင့် လူငယ်ကစားသမားများ အတွေ့အကြုံကောင်းများ ရရှိစေရန် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။ အုပ်စုပွဲစဉ်များကို မေ ၂၅ ရက်မှ ဇူလိုင် ၂၇ ရက်အထိ တစ်ပတ်လျှင် တစ်ပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၃ ရက်နှင့် ၁၇ ရက်၊ တတိယနေရာလုပွဲကို ဩဂုတ် ၂၄ ရက်နှင့် ၂၈ ရက်၊ ဗိုလ်လုပွဲကို ဩဂုတ် ၂၄ ရက်နှင့် စက်တင်ဘာ ၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအသင်းသည် ပွဲဦးထွက်ပွဲစဉ်အဖြစ် မေ ၂၅ ရက်တွင် Frenz Indonesia အသင်းနှင့် အဝေးကွင်းပွဲစဉ် စတင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းပွဲစဉ်များကို အောင်ဆန်းကွင်း၌ ပြုလုပ်သွားမည်ဖြစ်ပြီး အဝေးကွင်းပွဲစဉ်များကို သက်ဆိုင်ရာနိုင်ငံများတွင် သွားရောက်ကစားရမည်ဖြစ်သည်။

မြန်မာအသင်း၏အုပ်စုပွဲစဉ်များ

25-5-2013	Frenz Indonesia	-	မြန်မာ	အဝေးကွင်း
1-6-2013	မြန်မာ	-	ဖိလစ်ပိုင်	အောင်ဆန်း
8-6-2013	ဘရူနိုင်း	-	မြန်မာ	အဝေးကွင်း
15-6-2013	Lao Toyota	-	မြန်မာ	အဝေးကွင်း
22-6-2013	မြန်မာ	-	Frenz Malaysia-B	အောင်ဆန်း
29-6-2013	Frenz Malaysia-B	-	မြန်မာ	အဝေးကွင်း
6-7-2013	မြန်မာ	-	Lao Toyota	အောင်ဆန်း
13-7-2013	မြန်မာ	-	ဘရူနိုင်း	အောင်ဆန်း
20-7-2013	ဖိလစ်ပိုင်	-	မြန်မာ	အဝေးကွင်း
27-7-2013	မြန်မာ	-	Frenz Indonesia	အောင်ဆန်း

စစ်တွေမြို့နယ် အုန်းတောကြီး ကျေးရွာ၌ လက်ပစ်ဗုံးများနှင့် ကျည်ဆန်များ တွေ့ရှိ

စစ်တွေ မေ ၂၃

စစ်တွေမြို့နယ် အုန်းတောကြီးကျေးရွာမှ ပလ္လင်ပြင်ထိ လမ်းဖောက်လုပ်ရေးအဖွဲ့မှ မေ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် အုန်းတောကြီးကျေးရွာအနီး ရေနုတ်မြောင်းတူးဖော်စဉ် နှစ်ပေခန့်အနက်၌ ကျောပိုးအိတ်ဟောင်းတစ်လုံးတွင် ထည့်ထားသည့် အမှတ်(၃၆) လက်ပစ်ဗုံး ၂၁ လုံး၊ ၉ မမကျည် ၉၀၀ တောင့်အား တွေ့ရှိခဲ့ပါသည်။

ယင်းလက်ပစ်ဗုံးနှင့် ခဲယမ်းများမှာ သံချေးတက်ပြီး လုံးဝအသုံးပြုမရဘဲ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က နှစ်မြုပ်ကျန်ခဲ့သည့် ပစ္စည်းများဖြစ်ပါသည်။ ယင်းပစ္စည်းများကို သက်ဆိုင်ရာမှ သိမ်းဆည်းသွားကြောင်း သိရှိရသည်။

ပြည်နယ် ပြန်/ဆက်

❐ *ကျောဖုံးမှ*

အလားတူ လက်မှတ်ရေးထိုးပွဲအခမ်းအနားများသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်အား စာချုပ်များနှင့်ပတ်သက်၍ ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကိုမေးမြန်းခဲ့ရာ "အရင်ကတော့ အမေရိကန်က စီးပွားရေးပိတ်ဆို့မှုတွေ ဖြေလျှော့ပေးလိုက်တာပဲ လူတွေသိကြတယ်။ ရှေ့ဆက်ဘာလုပ်မလဲ၊ မြန်မာနဲ့ ပူးပေါင်းဆောင်ရွက်မလားဆိုတာကို မြန်မာပုဂ္ဂလိက လုပ်ငန်းရှင်တွေက သို့လော၊ သို့လောဖြစ်နေကြပါတယ်၊ ခုတော့ ဒီစာချုပ်တွေချုပ်နိုင်ပြီ ဖြစ်တဲ့အတွက် ရှင်းသွားပါပြီ။ အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေလုပ်မယ်ဆိုတာကို အခိုင်အမာသက်သေပြလိုက်တာပါပဲ၊ မြန်မာလုပ်ငန်းရှင်တွေအတွက် အလွန်အားရှိစေပါတယ်။ အဲဒီလိုပါပဲ၊ အမေရိကန်လုပ်ငန်းရှင်တွေအနေနဲ့လည်း မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ဖို့အတွက် တိကျရှင်းလင်းတဲ့အဖြေတစ်ခု ရလိုက်ပြီလို့ ဆိုရမှာဖြစ်ပါတယ်။

ပူးပေါင်းဆောင်ရွက်

ကျွန်မတို့ ကုန်သည်စက်မှုအသင်းချုပ်နဲ့ အမေရိကန်ကုန်သည်ကြီးများအသင်းနဲ့က ပြီးခဲ့တဲ့ဖေဖော်ဝါရီလကတည်းက ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေတိုးချဲ့ဖို့နဲ့ သတင်းအချက်အလက်တွေ ဖြန့်ဝေပေးဖို့ သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါတယ်။ ဒါက ပုဂ္ဂလိကချင်းကဏ္ဍပါ။ ခုတော့ အစိုးရအချင်းချင်းလည်း သဘောတူညီချက် ရပြီဆိုတော့ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအောင် ကတိကဝတ်ပြုလိုက်ပြီလို့ ဆိုရမှာဖြစ်ပါတယ်" ဟု ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် OPIC ကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ် Mrs. Elizabeth L. Littlefield တို့ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီးအနီးက အံ့ဩဖွယ်ဆွဲငင်အားတစ်ခု

နေပြည်တော် မေ ၂၃

နေပြည်တော် - တပ်ကုန်း အမှတ်(၁) လမ်းအကြီးပေါ်ရှိ မိုင်တိုင်အမှတ် ခြောက်မိုင်ငါးဖာလုံတွင် ထူးဆန်းသည့် ဆင်ခြေလျှောကုန်းဆင်းလေးတစ်ခု ရှိနေသည်ကို မေ ၂၂ ရက်က မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ အဆိုပါ ဆင်ခြေလျှောကုန်းဆင်း၏အဆင်းပိုင်းနေရာသို့ရောက်ပါက တံတောင်ဆစ်ကွေ့ငယ်လေးတစ်ခုရှိသည်။ ထို့အတွက် မော်တော်ယာဉ်များအနေဖြင့် ကုန်းအဆင်းဆင်ခြေလျှောဖြစ်သည့် ထိုနေရာသို့ရောက်လျှင် ဂီယာဖြုတ်ကာ အရှိန်ဖြင့် အသာအယာ လိမ့်ဆင်းမောင်းနှင် သွားနိုင်ပေသည်။

သို့သော် အဆိုပါ မိုင်တိုင်နှင့် တည့်တည့်ကျသည့်နေရာတွင် **(ဝဲပုံ)** ကားကိုခေတ္တရပ်၍ စက်ပိတ်ရပ်တန့်ပါက ယင်းမော်တော်ယာဉ်သည် ကုန်းအဆင်း ဆင်ခြေလျှောအတိုင်း ထိုးဆင်းသွားရမည့်အစား ကုန်းအတက်ဘက်ဆီသို့ နောက်ပြန် (ဘက်ဂီယာမထိုးဘဲ) အရှိန်နှင့်တက်သွားသည်ကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသည်။

အများပြောသည်ကို မယုံကြည်သည့် ယာဉ်မောင်းများစွာ ထိုနေရာတွင် လာရောက်စမ်းသပ်ကြည့်ရှုကြသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ အချို့က လူကိုယ်တိုင် ကားပေါ်မှဆင်းကာ ကားလမ်းမပေါ်မှ မတ်တတ်ရပ်ကြည့်ရှုကြသည်။ အံ့ဩဖွယ်ရာ ကောင်းလောက်အောင်ပင် အနည်းဆုံး ပေ ၅၀ မှ ၁၀၀ ခန့်အထိ ကုန်းအတက်ဘက်ဆီ နောက်ပြန် ထိုးတက်သွားသည့်ကားများကို တွေ့မြင်ရပေသည်။

နိုင်ငံတကာအတွေ့အကြုံရှိသူတစ်ဦး၏ ခန့်မှန်းပြောဆိုချက်အရ ကမ္ဘာပေါ်တွင် ယင်းသို့သောနေရာမျိုး အလွန်နည်းပါးစွာရှိနေကြောင်း၊ အနီးကပ်ဆုံး အိမ်နီးချင်းနိုင်ငံ ဖြစ်သည့် ထိုင်းနိုင်ငံတွင်လည်း ယခုကဲ့သို့ ထူးဆန်းသည့်နေရာတစ်ခုရှိနေကြောင်း၊ ယင်းဖြစ်စဉ်မျိုးမှာ အလွန်ရှားပါးသည့် ဖြစ်စဉ်ဖြစ်ရပ်မျိုးဖြစ်ကြောင်းနှင့် အင်အားကြီးသည့် သံလိုက်စက်ကွင်း၏ ဆွဲငင်မှုကြောင့် ဖြစ်နိုင်ကြောင်းဖြင့် သိရသည်။

အဆိုပါနေရာသည် နေပြည်တော်တွင် တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီးနှင့် ခုနစ်ဖာလုံခန့်အကွာတွင် တည်ရှိပြီး မိုင်တိုင်အမှတ် ခြောက်မိုင် ခြောက်ဖာလုံတွင်တည်ရှိသည့် အောင်သီရိကျေးရွာနှင့် တစ်ဖာလုံခန့်သာ ကွာဝေးကြောင်း၊ ထူးဆန်းဖွယ်နေရာတစ်နေရာဖြစ်သည့်အတွက် ဗဟုသုတ ရှာမှီးလေ့လာလိုသူများ သွားရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်းဖြင့် ရေးသားတင်ပြအပ်ပါသည်။

ကိုပေါက်(နေပြည်တော်)

ရေရှားပါးဒေသအတွက် စက်ရေတွင်းနှစ်တွင်းလှူဒါန်း

ရန်ကုန် မေ ၂၃

ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ရန်ကုန်အင်းစိန်လမ်းမ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ် ၂၂(က) (လှိုင်မင်္ဂလာခန်းမ)ရှိ ရန်ကုန်ယူနန်ဗုဒ္ဓဘာသာ သာရေး၊ နာရေးအသင်းမှ စက်ရေတွင်းနှစ်တွင်း လှူဒါန်းပွဲကို မေ ၁၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနခန်းမတွင် ကျင်းပရာ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပေးအပ်လှူဒါန်းသော နှစ်လက်မ၊ ပေ ၂၀၀ စက်ရေတွင်းနှစ်တွင်းအတွက် ကုန်ကျငွေ သိန်း ၅၀ ကို ဦးအုန်းခိုင် (ဒုတိယညွှန်ကြားရေးမှူး-အိမ်ရာ) က လက်ခံယူသည်။

ဋ္ဌင်းအပြင် မိခင်များနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ဘာလမ်း မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၊ မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာနှင့် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သီလရှင်ကျောင်းတို့တွင် အလှူငွေများ၊ ဆန်အိတ်နှင့် ဆီပုံးများ၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ခင်မောင်သော်(ကမာရွတ်)

ဘားအံမြို့နှင့် မော်လမြိုင်မြို့တို့တွင် MRTV-4 (Free To Air) ရုပ်သံလိုင်းကို ရိုးရိုး တီဗွီအင်တင်နာဖြင့် လွယ်ကူစွာ ဖမ်းယူကြည့်ရှုနိုင်

ယခုအခါ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-4 ရုပ်သံလိုင်းကို (Free To Air)စနစ်ဖြင့်ပါ အများပြည်သူလွယ်ကူစွာ ဖမ်းယူကြည့်ရှုနိုင်ရန် ထုတ်လွှင့်ပေးလျက်ရှိပါသည်။

ဖမ်းယူကြည့်ရှုနိုင်

MRTV-4 (Free To Air) ရုပ်သံလိုင်းကို ဘားအံမြို့နှင့် အနီးတစ်ဝိုက်တွင် UHF လှိုင်းနှုန်း CH-20 (512-518 MHz)ဖြင့် လည်းကောင်း၊ မော်လမြိုင်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF လှိုင်းနှုန်း CH-13 (470-476 MHz)ဖြင့် လည်းကောင်း ထုတ်လွှင့်ပေးနေပြီဖြစ်ရာ မိမိတို့အိမ်ရှိတီဗွီနှင့် ရိုးရိုး UHF အင်တင်နာဖြင့်ပင် ရုပ်သံအရည်အသွေး ကြည်လင်ကောင်းမွန်စွာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပြီ ဖြစ်ပါသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား နိုင်ငံတကာရေးရာဆိုင်ရာ အမျိုးသားဒီမိုကရက်တစ်အဖွဲ့ (NDI)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၃

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား နိုင်ငံတကာရေးရာဆိုင်ရာ အမျိုးသားဒီမိုကရက်တစ်အဖွဲ့(NDI)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Dr. Richard A. Nuccio သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားစီမံကိန်းရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ နိုင်ငံတကာဆက်ဆံရေးရာကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမျိုးသားဒီမိုကရက်တစ်အဖွဲ့(NDI)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Dr. Richard A. Nuccio အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

သတင်းအချက်အလက်များကို အများပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်နှင့် ဖြစ်ပေါ်ပြောင်းလဲမှုများကို ပွင့်လင်းမြင်သာမှုဖြင့် ပြန်ကြားနိုင်စေရန် သတင်းထုတ်ပြန်ရေးအဖွဲ့များနှင့် အမေရိကန်ပညာရှင်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၃

ဥပဒေရေးရာ ICT နည်းပညာနှင့် မီဒီယာဆွေးနွေးပွဲကို မေ ၂၂ ရက် နေ့လယ်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမေရိကန်မှ မီဒီယာဥပဒေနှင့် လူထုဆက်ဆံရေးကျွမ်းကျင်ပညာရှင်များက ဆွေးနွေးပို့ချခဲ့သည်။

ဝန်ကြီးဌာနများရှိ သတင်းထုတ်ပြန်ရေးအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်နှင့် ဖြစ်ပေါ်ပြောင်းလဲမှုများကိုပွင့်လင်းမြင်သာမှုဖြင့် ပြန်ကြားနိုင်စေရန် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများရှိ သတင်းထုတ်ပြန်ရေးအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အမေရိကန်ပညာရှင်များနှင့် ဝန်ကြီးဌာနများမှ သတင်းထုတ်ပြန်ရေးအဖွဲ့များအနေဖြင့် သတင်းမီဒီယာများနှင့် မည်သို့ ဆက်သွယ်ဆက်ဆံဆောင်ရွက်ရမည်များကို စာတွေ့လက်တွေ့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်း တွေ့ဆုံဆွေးနွေးပွဲတွင် အမေရိကန်အဖွဲ့မှ Winning Strategies ၏ဥက္ကဋ္ဌ Jim Mc Queeny နှင့်မီဒီယာအကြံပေးပုဂ္ဂိုလ် Ms.Barbarar Swann တို့သည် ဝန်ကြီးဌာနများရှိ သတင်းထုတ်ပြန်ရေးအဖွဲ့များအနေဖြင့် သတင်းသမားများနှင့် တွေ့ဆုံရာတွင်လည်းကောင်း၊ ပြည်သူများအတွက် ဌာနဆိုင်ရာသတင်းများကို ပွင့်လင်းမြင်သာစွာပေးနိုင်ရန်အတွက် လည်းကောင်း၊ ဆောင်ရန်နှင့်ရှောင်ရန် နည်းလမ်းများကို လက်တွေ့သရုပ်ပြမှုအပါအဝင် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ သတင်းထုတ်ပြန်ရေးနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ကျင်းပသော ယခုတွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ သတင်းထုတ်ပြန်ရေးအဖွဲ့များနှင့် အဆင့်မြင့်အရာရှိကြီးများ အပါအဝင် စုစုပေါင်း ၁၄၆ ဦး တက်ရောက် ပါဝင်ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

အလားတူ မေ ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အမေရိကန်ပညာရှင်များအဖွဲ့သည် မီဒီယာဥပဒေမျာရေးဆွဲရာတွင် ညှိနှိုင်းဆွေးနွေးရန် လိုအပ်ချက်များနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာနနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ အရာရှိကြီးများနှင့် ဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် လူထုဆက်သွယ်ရေးနည်းပညာနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်းများနှင့် ဆက်လက်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ ဝန်ကြီးဌာနများမှ သတင်းထုတ်ပြန်ရေး အဖွဲ့များအတွက် ပြည်တွင်းပြည်ပ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းမှာ တတိယအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အလားတူ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၃ ရက်နေ့အထိ တစ်ကြိမ်၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်နေ့အထိ တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် နောင်တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပနေစဉ်အတွင်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နယူးလိုက်အော့ဖ်မြန်မာသတင်းစာမှ သတင်းအဖွဲ့သည် အမေရိကန်နိုင်ငံမှ ဥပဒေရေးရာ၊ ICT နည်းပညာနှင့် မီဒီယာကျွမ်းကျင်သူ ပညာရှင်နှစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်-

မေး။ ။ဆရာတို့အခုလို လာရောက်ပြီး ရှင်းလင်းဆွေးနွေးခဲ့တာကို ကျွန်တော်တို့ အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဆီကို အခုလို ရောက်လာခဲ့ရတဲ့ အကြောင်းအရင်းကို ရှင်းပြစေချင်ပါတယ်။

ဖြေ။ ။ကျွန်တော့်အမြင်မှာတော့ ဆက်သွယ်ရေးနဲ့ မီဒီယာတို့ဟာ ပြည်သူတို့ရဲ့ လုပ်ပိုင်ခွင့်တွေကို ပေးတဲ့နေရာမှာ အလွန်ပဲ စွမ်းအားထက်ကြပါတယ်။ ပြည်သူလူထုတွေကို ပိုမိုကောင်းမွန်တဲ့ဘဝ၊ ပိုမိုကောင်းမွန်တဲ့ ပညာရေး၊ ကျန်းမာရေးတို့ခံစားနိုင်ရန်အပြင် အခြားသူများအပေါ်မှာလည်း ပိုမိုနားလည်စေရန် ကူညီဆောင်ရွက်ပေးပါတယ်။ ဆက်သွယ်ရေးနည်းပညာကို အစိုးရအနေဖြင့် ပြည်သူလူထုကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုခွင့်ပေးနိုင်လျှင်

အမေရိကန်နိုင်ငံမှ ဥပဒေရေးရာ၊ ICT နည်းပညာနှင့် မီဒီယာကျွမ်းကျင်သူပညာရှင်။

ပြည်သူတို့မှာ အကျိုးကျေးဇူးများစွာ ရရှိနိုင်ပါတယ်။ ဒါ့အပြင် ခေတ်မီဆက်သွယ်ရေးသည် လူမှုပြဿနာများစွာကိုလည်း ဖြေရှင်းပေးနိုင်ပါတယ်။

မေး။ ။လျင်မြန်စွာ တိုးတက်ဖြစ်ပေါ်နေတဲ့ ICT နည်းပညာဟာ မီဒီယာ အထူးသဖြင့် စာနယ်ဇင်းအပေါ်မှာ အကျိုးသက်ရောက်မှုနဲ့ အန္တရာယ် ဘယ်ဟာပိုများနိုင်ပါသလဲ။

ဖြေ။ ။အဓိကအချက်ကတော့ စာနယ်ဇင်းဆိုတာ ပြည်သူလူထုကို သတင်းအချက်အလက် ပေးပို့နိုင်ဖို့ပါပဲ။ ဘယ်လိုနည်းနဲ့ ပေးပို့တယ်ဆိုတာက အဓိကမကျပါဘူး။ သတင်းစာစက္ကူနဲ့ပဲ ပေးပေး၊ လက်ကိုင်တယ်လီဖုန်းနဲ့ပဲ ပေးပေး အဓိကကတော့ သတင်းဖြန့်ဝေဖို့ပါပဲ။ ပြည်သူတွေ အလွယ်ကူဆုံး ဖတ်နိုင်၊ ရရှိနိုင်အောင် ပေးနိုင်တဲ့နည်းပညာကသာ အဓိကဖြစ်ပါတယ်။ စီးပွားရေးအရ ကြည့်ရင်တော့ အင်တာနက်ဆိုတာ ပုံနှိပ်သတင်းများအတွက် စိန်ခေါ်မှုကြီးပါပဲ။ ဒါပေမယ့် အဲ့ဒီနည်းဟာ ပြည်သူတွေထံ သတင်းပို့ရာမှာတော့ များစွာအားသာချက်တွေရှိပါတယ်။ နောက်ဆုံး အကြံပြုစာလေးပေးချင်ရင်တောင် သတင်းစာမှာဆိုရင် စာမျက်နှာကန့်သတ်ချက်တော့ရှိတယ်လေ။

အင်တာနက်မှာက ကြိုက်သလောက် ပေးလို့ရတယ်။ နေရာအကန့်အသတ်မရှိဘူး။ ဒါကတော့ အားသာချက်ပါပဲ။

ထို့ပြင် NLM သတင်းအဖွဲ့သည် ပါဝင်ဆွေးနွေးခဲ့ကြသော ဌာနဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူနှစ်ဦးဖြစ်သည့် ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းသယ်ယူပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းလွင်နှင့် သမဝါယမဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်တို့ကိုလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်-

ဦးသောင်းလွင် (ညွှန်ကြားရေးမှူး)

ယခင်က အစိုးရအရာရှိကြီးများမှာ ကိုယ့်ဌာနသတင်းကို ကိုယ်ထုတ်ပြန်ဖို့အတွက် ဒါမှမဟုတ်ရင် မီဒီယာနှင့်တွေ့ဆုံရန်ကို စိုးရွံ့ခဲ့ကြပါတယ်။ အခုလို ပြန်ကြားရေးဝန်ကြီးဌာနက ကျင်းပပြုလုပ်တဲ့ တွေ့ဆုံဆွေးနွေးပွဲများကြောင့် မိမိတို့လို ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေး အဖွဲ့ဝင်များအနေနဲ့ ဆောင်ရန်နှင့်ရှောင်ရန်တို့ကို သိရှိနားလည်လာခဲ့ပါတယ်။ ပြည်သူလူထုသို့ သတင်းသမားများမှတစ်ဆင့် ဌာနနဲ့ပတ်သက်သည့် ရှင်းလင်းတင်ပြချက်များ၊ အမိန့်ကြော်ငြာများ ထုတ်ပြန်ရန်အတွက် လိုအပ်သော အချက်အလက်နဲ့ ကိန်းဂဏန်းများကို ကြိုတင်စုဆောင်းထားရမယ်ဆိုတာကိုလည်း နားလည်ခဲ့ပါတယ်။

ဒါ့ပြင် မိမိတို့ဌာန၏ အားနည်းချက်များကို ထုတ်ဖော်နိုင်သလို ဌာနနှင့်ပတ်သက်ပြီး ဖြစ်ပေါ်နေတဲ့ သတင်းမှားများကိုလည်း တိကျခိုင်လုံတဲ့ မိမိတို့၏ သတင်းအချက်အလက်များနဲ့ ပြန်လည်ချေပနိုင်ပါတယ်။ အခုလို ဆွေးနွေးပွဲများဟာဌာနဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူများအတွက် မီဒီယာကို ဘယ်ပုံဘယ်နည်းနဲ့ အကောင်းဆုံးတွေ့ဆုံနိုင်မည်ဆိုတာကို နားလည်သဘောပေါက်စေပါတယ်။

ဦးမြင့်အောင်
(ဒုတိယညွှန်ကြားရေးမှူး)

ယခုဆွေးနွေးပွဲမှာ အဓိကတင်ဆက်သူ Jim Mc Queeny ဟာ သတင်းထောက်တစ်ယောက်အဖြစ်သာမက ပြောရေးဆိုခွင့်ရှိသူတစ်ဦးအနေဖြင့်ပါ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့အတွေ့အကြုံများနဲ့ ဆွေးနွေးချက်များဟာ ကျွန်တော်တို့လို စာနယ်ဇင်းလောကနဲ့ စိမ်းနေသူများအတွက် အလွန်ကိုတန်ဖိုးရှိပါတယ်။

(သတင်းစဉ်)

* ကျောဖုံးမှ

စစ်ဆေးချက်အရ ၎င်းတို့နှစ်ဦးသည် ထိုင်းနိုင်ငံမှ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းသို့ ကုန်အရောင်းအဝယ်ကိစ္စလေ့လာရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ၎င်းတို့နေထိုင်သော လှဘော်လီမြို့ ဖွန်ဖိုမြို့နယ်ခွဲ ဒန်တက်တထိုကျေးရွာ အမှတ်(၈၈)နေအိမ်၏ တောင်ဘက်ကပ်လျက် အမှတ်(၈၉)နေအိမ်တွင် နေထိုင်သော အချိုင်ဆိုသူထံသို့ ထိုင်းစစ်သားအစင်ဆိုသူက ယင်းမြန်မာငွေစက္ကူအတုများအား ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းစစ်သားအစင်ဆိုသူမှာ လက်ရှိထိုင်းနိုင်ငံ ဗန်ကောက်တွင် နေထိုင်လျက်ရှိကြောင်း၊ အဆိုပါ ငွေစက္ကူအတုများကို အချိုင်မှထိုင်းဘတ်ငွေဖြင့် လဲလှယ်ပေးရန် ၎င်းတို့အားပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပြီး မြန်မာငွေစက္ကူအတုများ လက်ဝယ်တွေ့ရှိသူ မစ္စတာ တာဟူး (၅၇ နှစ်)နှင့် မစ္စချန် (၄၁နှစ်)တို့ နှစ်ဦးအား ထားဝယ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဖမ်းဆီးရမိသည့် ကျပ် ၁၀၀၀ တန် ငွေစက္ကူအတု။ (သတင်းစဉ်)





မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးအပေါ် သူတို့အမြင်

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ အမေရိကန်ပြည်ထောင်စုသို့ ပထမဆုံးသော တရားဝင်အလုပ်သဘောချစ်ကြည်ရေးခရီးစဉ်သည် အောင်မြင်မှုအလားအလာ မြောက်မြားစွာကို ဆောင်ကြဉ်းပေးနိုင်သော ပြယုဂ်တစ်ခုအဖြစ် သမိုင်းတွင် ကျန်ရစ်နေမည်ဖြစ်ပါသည်။ ထိုအောင်မြင်မှုရလဒ်မှသည် မြန်မာနိုင်ငံသားများ၏ လူမှုရေး၊ စီးပွားရေး၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးတို့ကိုသာမက အခြားသောကဏ္ဍများစွာ ဖွံ့ဖြိုးတိုးတက်စေရေးကိုပါ စွမ်းဆောင်ပေးနိုင်တော့မည်ဟု ယုံကြည်မိပါသည်။

သို့ဖြစ်ရာ နှစ်နိုင်ငံဆွေးနွေးဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ အဆိုပါ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့ကြသူများအား မေးမြန်းချက်များအရ သိရှိရမှုအပေါ် မျှဝေတင်ပြလိုက်ရပါသည်။

ဦးစိုးသိန်း
ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန

ကျွန်တော်တို့အနေနဲ့သမ္မတအိုဘားမားနဲ့ တွေ့ဆုံပြီးတော့ ကျွန်တော်တို့ လုပ်နေတာ၊ သူကကူညီမယ့်ဟာတွေပြောတာပေါ့။

အလားတူပဲ၊ ကွန်ဂရက်နဲ့ ဆီးနိတ်ကျတော့လည်း ကျွန်တော်တို့လုပ်နေတာ၊ သူတို့သိချင်တာတွေ၊ အမှန်တကယ် မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ အနေအထားတွေကိုပြောကြားခွင့်ရခဲ့ပြီး သူတို့မေးတာတွေကိုလည်း ကျွန်တော်တို့ ဖြေကြားခွင့်ရတဲ့အတွက် နှစ်ဖက်ပိုပြီးတော့နားလည်လာတာပေါ့။

နောက်တစ်ခုက ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်နှစ်ခု လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ ဒါအမေရိကန်ကုမ္ပဏီတွေအတွက် ပိုပြီး ခိုင်မာတာပေါ့။ ကွန်ဂရက်နဲ့ဆီးနိတ်ကိုတော့ သမ္မတကြီးက ရှင်းပြနိုင်တယ်။ နိုင်ငံရေးအကျဉ်းသားကိစ္စတွေ၊ အခြားသိချင်တဲ့ နိုင်ငံရေး၊ စီးပွားရေးကိစ္စတွေ၊ ပြုပြင်ပြောင်းလဲမှုကိစ္စတွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စတွေမေးတဲ့အခါမှာ သမ္မတကြီးက ပွင့်ပွင့်လင်းလင်းပြောကြားနိုင်တဲ့အတွက်ကြောင့် အောက်လွှတ်တော်ရော၊ အထက်လွှတ်တော်ကပါ လက်ခံတယ်။ သူတို့ပိုပြီး နားလည်လာတာပေါ့။ ကျွန်တော်တို့လည်း ဆက်ထိတွေ့ပြီးတော့ ကျွန်တော်တို့လုပ်နေတဲ့လုပ်ငန်းစဉ်တွေကိုပြောမယ်။ နောက်ပြီး သမ္မတအိုဘားမား ဒီကိုလာခဲ့တဲ့ခရီးစဉ်မှာ ကျွန်တော်တို့လုပ်ခဲ့တဲ့ အချက်(၁၁)ချက်ရှိပါတယ်။ အဲဒီ (၁၁) ချက်ကို တစ်ချက်ပြီး တစ်ချက်ဆောင်ရွက်သွားရင်းနဲ့ မြန်မာ-အမေရိကန်ဆက်ဆံရေးပိုကောင်းလာရင် ကျွန်တော်တို့ပြည်သူတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေမှာ အများကြီးအထောက်အကူပြုမှာပါ။

ဦးရဲထွဋ်
ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန

အမေရိကန်လွှတ်တော်မှာလည်း မြန်မာ့အရေးကို စိတ်ဝင်တစားဆောင်ရွက်နေတဲ့ လွှတ်တော်အမတ်တွေရော၊ အထက်လွှတ်တော်နဲ့အောက်လွှတ်တော် ခေါင်းဆောင်နှစ်ယောက်စလုံးကိုရော သမ္မတကြီးကတွေ့ဆုံပြီးတော့မှ မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုအခြေအနေတွေ၊ ဒီပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေဟာ ဘယ်လိုမှ နောက်ပြန်လှည့်စရာအကြောင်းမရှိဘူး၊ ရှေ့ကိုပဲ ဆက်သွားဖို့ရှိတယ်။ ဒါကြောင့်မို့ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းဝန်းကူညီဖို့လိုတယ်ဆိုတာကို နားလည်အောင်ပြောနိုင်ခဲ့တယ်။ ဒါ အောင်မြင်တဲ့ခရီးစဉ်ပါ။ ဒီခရီးစဉ်ရဲ့ ချက်ချင်းပေါ်တဲ့ ရလဒ်တွေရှိသလို နောက်မကြာခင်မှာလည်း ဒီခရီးစဉ်ရဲ့အကျိုးဆက်အဖြစ်နဲ့ ရလဒ်ကောင်းတွေ ထွက်ပေါ်လာမယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။

Santion အနေနဲ့က လွှတ်တော်က Santion ရုပ်သိမ်းဖို့ ကျန်တာပေါ့။ လွှတ်တော်ခေါင်းဆောင်တွေကို ကျွန်တော်တို့သေချာရှင်းပြနိုင်တဲ့အတွက် မစ်ချ်မက်ကော်နဲလ်တို့ဘက်ကလည်း ပြန်လည်ရုပ်သိမ်းဖို့အတွက် သူတို့ သဘောတူတယ်ဆိုတာမျိုး ပြောတာရှိပါတယ်။ သို့သော် လွှတ်တော်ရဲ့ သဘောသဘာဝအရ မဲခွဲဆုံးဖြတ်ရတာတွေရှိတော့ အချိန်ယူရမှာပေါ့။ ဘာပဲပြောပြော

ပြန်ကြားရေး ဝန်ကြီး ဌာန ဒုတိယ ဝန်ကြီး ဦးရဲထွဋ် မီဒီယာ များ၏ မေးမြန်း မှု အပေါ် ဖြေ ကြားစဉ်။ (သတင်းစဉ်)

ဒါကို ရုပ်သိမ်းရေးဘက်ကို ရှေးရှုနေပြီလို့တော့ ပြောလို့ရပါတယ်။

သမ္မတကြီး အဓိကထားပြောတာတွေကတော့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာအကျိုးသက်ရောက်မယ့်အကူအညီတွေ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံဖို့တွေ၊ အသေးစားနဲ့အလတ်စား စက်မှုလုပ်ငန်းကဏ္ဍတွေ၊ ဒါတွေကိုဖွံ့ဖြိုးတိုးတက်စေမယ့် ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပါဆိုပြီးတော့ ပြောခဲ့ပါတယ်။ နိုင်ငံရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း ဆွေးနွေးခဲ့ပါတယ်။

သူတို့ဘက်က အကြံပေးချက်တွေကတော့အများကြီးရှိတာပေါ့။ အဓိကကတော့ ပွင့်လင်းမြင်သာမှုလုပ်တဲ့နေရာမှာ ကျွန်တော်တို့ဘက်က နိုင်ငံတကာတင်ဒါတွေခေါ်တဲ့အခါမှာ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုဆိုတဲ့နိုင်ငံတကာစံတွေရှိတယ်။ အခုလည်းကျွန်တော်တို့စလုပ်နေပြီပေါ့။

နောက်တစ်ခါ ကျွန်တော်တို့နိုင်ငံကလုပ်နေတဲ့ သတ္တုထုတ်လုပ်မှုနဲ့ ပတ်သက်ရင် EITLဆိုတဲ့ အဖွဲ့ရှိတယ်။ ဒီအဖွဲ့ကိုကျွန်တော်တို့ဝင်ရောက်ပြီး ပါဝင်နိုင်ဖို့ပေါ့။ ဒါဆိုရင်ကျွန်တော်တို့ နိုင်ငံတကာစံတွေမြင်သွားမယ်။ ဒါမျိုးတွေ ကျွန်တော်တို့ပြောပါတယ်။ သူတို့ဘက်ကလည်း အမေရိကန်ကုမ္ပဏီတွေအနေနဲ့လည်း အထူးသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုအသိုင်းအဝိုင်းအပေါ် ထိခိုက်မှုတွေနဲ့ပတ်သက်ပြီး သေချာဂရုစိုက်လုပ်မယ်ဆိုပြီး သူတို့ဘက်က ပြန်ရှင်းပြခဲ့ပါတယ်။

ဒေါက်တာပွင့်ဆန်း
ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမေရိကန်နိုင်ငံကို အလုပ်သဘောခရီးစဉ်အဖြစ်သွားရောက်ခဲ့တဲ့ ယခုခရီးစဉ်ကတော့ အစ၊ အလယ်၊ အဆုံး အောင်မြင်တယ်လို့ပြောရမှာဖြစ်ပါတယ်။ အထူးသဖြင့် စီးပွားရေးနဲ့ဆိုင်တဲ့ ကိစ္စရပ်မှာ စာချုပ်နှစ်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ပထမစာချုပ်ဖြစ်တဲ့ ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုမူဘောင်သဘောတူညီချက်ရဲ့ အဓိကအားသာချက်ကတော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ကူးသန်းရောင်းဝယ်မှုကိစ္စတွေမှာ အမေရိကန်နဲ့ မြန်မာနိုင်ငံက ကုန်သွယ်မှုပြုလုပ်တဲ့ ကုန်သည်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအပေါ် အစိုးရနှစ်ခုက ပိုမိုပြီးတော့ အသိအမှတ်ပြုပြီး အထောက်အပံ့အကူအညီပေးမယ့် သဘောသက်ရောက်ပါတယ်။ ဒါကြောင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှု ပိုအားကောင်းလာပြီး ဖွံ့ဖြိုးတိုးတက်လာမှာ မလွဲပါဘူး။

OPIC မှာချုပ်ဖြစ်တဲ့ဒုတိယစာချုပ်မှာကတော့ အဓိကအနေနဲ့ လယ်ယာစိုက်ပျိုးရေး ၊ Financial Institution ဆိုင်ရာကိစ္စ၊ Micro Financing လို့ခေါ်တဲ့ အသေးစားငွေကြေးထောက်ပံ့ရေးဆိုင်ရာကိစ္စတွေနဲ့ SMEs Development ကိစ္စတွေကို နှစ်နိုင်ငံပိုပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့နဲ့ အမေရိကန်ဘက်က ထောက်ပံ့ကူညီဖို့ သဘောတူပြီးချုပ်ဆိုခဲ့တဲ့ စာချုပ်ဖြစ်ပါတယ်။

ဒေါ်ခိုင်ခိုင်နွယ်
တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မေလ ၂၀ ရက်နေ့ မနက်ကဆိုရင် အမေရိကန်အစိုးရရဲ့ Agencyနှစ်ခုနဲ့ မြန်မာနိုင်ငံအစိုးရတို့ လက်မှတ်ရေးထိုးကြပါတယ်။ ဒီနှစ်နိုင်ငံအနေနဲ့ ကတိကဝတ်ပြုတဲ့ စာချုပ်နှစ်ခုနဲ့ စာချုပ် ချုပ်ဆိုခဲ့ခြင်းဟာ မြန်မာလုပ်ငန်းရှင်များရော၊ အမေရိကန်လုပ်ငန်းရှင်များကိုပါ သဲသဲကွဲကွဲ ရှေ့ဆက်လုပ်ဆောင်ဖို့ရပြီလို့ အတည်ပြုလိုက်တာနဲ့ အတူတူပါပဲ။ ဒါကြောင့်မို့ ကျွန်မတို့ အထူးအားရှိပါတယ်။ ရှေ့ဆက်လည်း ကျွန်မတို့ကုန်သည်/စက်မှုအသင်းချုပ်နဲ့ ပူးပေါင်းလုပ်ကိုင်သွားဖို့ စကားတွေအများကြီးပြောခဲ့ကြပါတယ်။ ပြောတဲ့အခါမှာ ကျွန်မတို့ အခုဆို အကြီးစားလုပ်ငန်းတွေ ဝင်တာပေါ့။ အကြီးစားလည်း

ကုန်သည်/စက်မှု အသင်းချုပ်မှ တွဲဖက်အတွင်း ရေးမှူး ဒေါ်ခိုင်ခိုင်နွယ် မီဒီယာများအား ဖြေကြားစဉ်။ (သတင်းစဉ်)

လာပါ၊ လာတဲ့အကြီးစားလည်းပဲ မြန်မာနိုင်ငံမှာရှိတဲ့ စက်မှုလက်မှုလုပ်ငန်းတွေကို Supporting Industry ဖြစ်အောင် ကူညီပါလို့ ကျွန်မတို့ဆွေးနွေးခဲ့တယ်။

ပြီးတော့ မြန်မာနိုင်ငံအသေးစား၊ အလတ်စား ကုမ္ပဏီတွေကို ကူညီဖို့အတွက် သူတို့ဘက်ကလည်း အသေးစား၊ အလတ်စား ကုမ္ပဏီတွေနဲ့ကျွန်မတို့ ဆွေးနွေးခဲ့ကြပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်တဲ့ လူအင်အားအများဆုံးသုံးရတဲ့ အထည်ချုပ်လုပ်ငန်းမျိုး၊ ဖိနပ်ချုပ်လုပ်ငန်းမျိုးပေါ့လေ၊ ဒီလိုလုပ်ငန်းတွေလည်း လာပြီးရင်းနှီးမြှုပ်နှံဖို့ ကျွန်မတို့ ဖိတ်ခေါ်ခဲ့ပါတယ်။ IT ပိုင်းဆိုင်ရာမှာလည်း လာရောက်ရင်းနှီးမြှုပ်နှံဖို့ ဆွေးနွေးခဲ့ပါတယ်။ တစ်ခါ အမေရိကန်ရောက် မြန်မာလူမျိုးတွေကလည်း ပြန်လာချင်လို့ လာဆွေးနွေးကြတာတွေ ရှိပါတယ်။ တော်တော်လေး အနာဂတ်အတွက် ဝမ်းသာစရာကောင်းတဲ့ အခြေအနေကို လှမ်းမြင်နေရပါပြီ။ ။

သတင်းစဉ် သတင်းအဖွဲ့

ကလေးသီတဂူမျက်စိဆေးရုံကြီး စက္ခုဒါနအလှူပွဲကျင်းပမည်

ကလေး မေ ၂၃

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ ဦးစီးဦးဆောင်ပြု လှူဒါန်းမှုနှင့် ကလေးမြို့ မဟာသန္တာရုံ ဆရာတော်အရှင်ပုညသေဌ၏ကြီးကြပ်မှုဖြင့် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းမြို့ကြီးများမှ ဆရာဝန်ကြီးများ၊ နိုင်ငံခြားမှ မျက်စိပါရဂူအထူးကုကြီးများဖြင့် ကလေးမြို့ သီတဂူစက္ခုဒါနဆေးရုံကြီး(**အပေါ်ပုံ**)၌ ဇွန် ၂၂ ရက်မှ စ၍ လကုန်ပိုင်းအထိ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော လူနာပေါင်း ၃၀၀၀ ကျော်ကို ခေတ်မီစက်သစ်ကြီးများဖြင့် မျက်စိ အခမဲ့ စမ်းသပ်ပေးခြင်း၊ လိုအပ်ပါက ခွဲစိတ်ပေးခြင်းများကို အခမဲ့ ကုသိုလ်ဒါနပြုကြမည်ဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း**

ပုံတောင်ခြေ အင်တိုင်းသာကျေးရွာ သောက်သုံးရေရရှိ

ပုလဲ မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့၏ အနောက်မြောက်ဘက် ၃၅ မိုင်ကွာဝေးသည့် ပုံတောင်ခြေရင်း အင်တိုင်းသာကျေးရွာရှိ ရေကန်တစ်ကန်နှင့် လက်တူးတွင်း ခုနစ်တွင်းသည် ၂၀၁၁-၂၀၁၂ နွေရာသီတွင် ရေခန်းခြောက်ခဲ့သဖြင့် ကျေးရွာသူကျေးရွာသားများ ရေရှားပါးသည့်ဒုက္ခခံစားနေရသောကြောင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့တင်ပြခဲ့ရာ ဧပြီ ၁၇ ရက်မှစတင်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဦးစန်းအောင်၏ကြီးကြပ်ဆောင်ရွက်ပေးခဲ့မှုကြောင့် တောင်ပျောက်ကျေးရွာ၏ အနောက် ဘက်ရေရှင်မှ ပိုက်သွယ်တန်းစနစ်ဖြင့် သန့်ရှင်းသော စိမ့်စမ်းရေကို ရရှိခဲ့ပြီ ဖြစ်သည်။

အင်တိုင်းသာကျေးရွာမှ ရပ်မိရပ်ဖ ဦးမန်းညိုက"ကျွန်တော်တို့ကျေးရွာရဲ့မြေက ကျောက်ကုန်းမြေဆိုတော့ ရေတွင်းတူးမယ်ဆိုရင် ရေထွက်ဖို့က မသေချာဘူး၊ တောင်ပျောက်ကျေးရွာရဲ့အနောက်ဘက်မှာရှိတဲ့ ရေရှင်ကနေ ကျေးရွာအရောက် စိမ့်စမ်းရေသွယ်တဲ့လုပ်ငန်းကို UNICEF မှထောက်ပံ့သည့် နှစ်လက်မခွဲပိုက် ပေ ၃၄၀၀၊ သုံးလက်မပိုက်ပေ ၆၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဘိလပ်မြေအိတ် ၅၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ်၁၂ ဒသမ ၆ သိန်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ အုတ် ၅၀၀၀၊ သဲလေးကျင်းနဲ့ ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေ ၃၆ သိန်းတို့နဲ့ ဆောင်ရွက်ခဲ့လို့ နှစ်စဉ်နွေရောက်တိုင်း ရေရှားပါးတဲ့ဒုက္ခကို ကျော်လွှားနိုင်ခဲ့ပြီ၊ ရွာကို ရေရောက်တဲ့နေ့က တစ်ရွာလုံး ရေရှားပါးတဲ့ဒုက္ခကလွတ်ပြီဆိုပြီး ရွာသူ ရွာသားတွေ ပျော်ရွှင်စွာနဲ့ ကခုန်ကြတယ်။ တချို့ဆို ဝမ်းသာပီတိဖြစ်လို့ မျက်ရည်များတောင် လည်ကြတယ်။ အင်တိုင်းသာကျေးရွာ သန့်ရှင်းသောသောက်သုံးရေရရှိဖို့အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြတဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ဌာနမှတာဝန်ရှိသူတွေကို ကျေးရွာသူ ကျေးရွာသားအားလုံးက ကျေးဇူးတင်လျက်ရှိနေကြပါတယ်" ဟု ပြောကြားခဲ့သည်။

အင်တိုင်းသာကျေးရွာသည် အိမ်ခြေ ၁၁၉အိမ်၊ အိမ်ထောင်စု ၁၁၉စု၊ လူဦးရေ ၅၇၈ ဦးရှိပြီး တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေထိုင်ကြသည့် ကျေးရွာလေးဖြစ်ပြီး သောက်သုံးရေရှားပါးသည့် အရပ်ဒေသဖြစ်ရာ တစ်နေ့ရေလိုအပ်ချက်မှာ ရေဂါလန် ၁၁၅၆၀ ဖြစ်ကြောင်း သိရသည်။

မြင့်သိန်းစိုး(ပုံတောင်မြေ)

ဓာတ်ဆီ ဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလနေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ်ပွတ်တိုက်မှု **(Friction)**မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ **မီးသတ်ဦးစီးဌာန**

ဆီလဲလှယ်စဉ် မီးလောင်မှုဖြစ်ပွား

နေပြည်တော် မေ ၂၃

မေ ၂၃ ရက် ညနေ ၄နာရီ ၁၂မိနစ်ခန့်တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ခြေလျင်စုရပ်ကွက် သစ်တောပန်းခြံလမ်း အိမ်အမှတ် (၁/၃၇)တွင် စက်သုံးဆီ ငါးဂါလန် ပလတ်စတစ်ပုံးမှ သုံးဂါလန် ပလတ်စတစ်ပုံးထဲသို့ ဆီလဲလှယ်စဉ် ပွတ်တိုက်မှုကြောင့် မီးလောင်မှုသတင်းအရ ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်သုံးစီးဖြင့် ငြိမ်းသတ်ခဲ့ရာ ညနေ ၄နာရီ ၁၅မိနစ်တွင် အရပ်မှ ဝိုင်းငြိမ်းသဖြင့် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ပျဉ်းမနားရဲစခန်းမှ အိမ်ရှင် ဒေါ်စောမူ (ဘ) ဦးခင်အောင်အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိ-ညောင်တုန်းစု မြစ်ကူးတံတား တည်ဆောက်ပြီးစီး မော်ကျွန်းမှ ကျိုက်လတ်၊ ဘိုကလေးမြို့နယ်များသို့ သွားလာရေးအဆင်ပြေတော့မည်

မော်လမြိုင်ကျွန်း မေ ၂၃

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေ လွယ်ကူစေရေးအတွက် ကျိုက်ပိ-ညောင်တုန်းစု မြစ်ကူးကျိုက်ပိဘေလီနှစ်ထပ်သံပေါင်တံတားသစ်ကို တည်ဆောက်ပြီးစီးသွားပြီဖြစ်သဖြင့် မေ ၃၀ ရက်တွင် ကျိုက်ပိမြစ်ကူးတံတားဖွင့်ပွဲ အခမ်းအနားကျင်းပမည်ဖြစ်သည်။

ယင်းကျိုက်ပိတံတားသည် အလျားပေ ၃၂၀၊ အကျယ် ၁၂ ပေရှိပြီး ဘေလီအမျိုးအစား နှစ်ထပ်သံပေါင်တံတားဖြစ်ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်ကစတင်ပြီး တံတားတည်ဆောက်ရေးအထူးအဖွဲ့(၅)က တည်ဆောက်ခဲ့သော ကျိုက်ပိ-ညောင်တုန်းစုမြစ်ကူးတံတားဖြစ်သည်။ **(အောက်ပုံ)**

ယင်းနယ်မြေနေ ပြည်သူများသည် ယခင်က ကျိုက်ပိမြစ်ကူးတံတားမရှိသဖြင့် ကျိုက်ပိအထက်တန်းကျောင်းနှင့် ကျိုက်ပိဆေးရုံသို့ သွားလာဆက်သွယ်ရာတွင် ကူးတို့များ၊ လှေသမ္ဗန်များ၊ မော်တော်များဖြင့် အန္တရာယ်ကြီးစွာ သွားရောက်ကြရသဖြင့် သွားလာရေးအခက်အခဲရှိခဲ့သည်။

ယခုအခါ ကျိုက်ပိမြစ်ကူးတံတား တည်ဆောက်ပြီးစီးသွားသဖြင့် ကျိုက်ပိနယ်မြေအတွင်းရှိ ပြည်သူများ ဝမ်းသာလျက်ရှိကြပြီး ကျိုက်ပိတံတားဖွင့်ပွဲမတိုင်မီ မေ ၁၈ ရက်ကစပြီး ကျိုက်ပိနယ်မြေရှိ ကျေးရွာပြည်သူများ သွားလာဆက်သွယ်မှု လွယ်ကူအဆင်ပြေစေရေးအတွက် တံတားပေါ်တွင် မော်တော်ယာဉ်များမှအပ ဆိုင်ကယ်၊ စက်ဘီးနှင့် ကျေးရွာပြည်သူများ ဖြတ်သန်းသွားလာခွင့်ပေးထားသဖြင့် သွားလာမှုအဆင်ပြေလွယ်ကူလျက်ရှိသည်။

အဆိုပါ ကျိုက်ပိတံတား တည်ဆောက်ပြီးစီးသွားသဖြင့် ကျိုက်ပိအရှေ့ခြမ်းနှင့် ကျိုက်ပိအနောက်ခြမ်းရှိ ကျေးရွာပေါင်း ၃၀ ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့်အပြင် မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိ-ကျော်ဇံ-ထိန်ကုလား ကျေးရွာတို့မှတစ်ဆင့် ကျိုက်လတ်မြို့နယ်အထိ သွားလာရေးအဆင်ပြေလွယ်ကူတော့မည်ဟု သိရသည်။

"ကျွန်တော်က ကျိုက်ပိကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအုန်းခင်ပါ၊ ကျိုက်ပိတံတား တည်ဆောက်ပြီးစီးသွားတဲ့အတွက် ဘယ်လိုဝမ်းသာမှန်းတောင်ပြောမပြတတ်ပါဘူး၊ ကျိုက်ပိရဲ့ဖွံ့ဖြိုးတိုးတက်ရေးမှာ ကျိုက်ပိမြစ်ကြီးတားဆီးနေလို့ ပြည်သူတွေ သွားလာဆက်သွယ်ရေးအခက်အခဲရှိခဲ့ကြပါတယ်။ အခုတော့ ကျိုက်ပိမြစ်ကူးတံတားရဲ့ကျေးဇူးကြောင့် ကျိုက်ပိကနေ ဘိုကလေးမြို့နယ်ထဲက ကျေးရွာတွေကို တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မယ့်အပြင် ကျိုက်လတ်မြို့နယ်ထဲအထိ သွားလာနိုင်တော့မှာပါ" ဟု ရှင်းလင်းပြောပြသည်။

"ကျွန်မက ကျိုက်ပိကျေးရွာအုပ်စု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စာရေးမ ဒေါ်ဖြူဖြူအေးဖြစ်ပါတယ်။ အရင်ကဆိုရင် ကျိုက်ပိမြစ်ကူးတံတားမရှိလို့ ကျိုက်ပိအထက်တန်းကျောင်းကို တက်ရမယ့် ကျောင်းသား ကျောင်းသူတွေ ကူးတို့နဲ့ ကူးနေတာကို တွေ့ရပါတယ်။ ရေမကူးတတ်တဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ကျွန်မရင်လေးမိတာအမှန်ပါပဲ။ အခုတော့ ကျိုက်ပိမြစ်ကူးတံတားကြီး ပြီးစီးသွားပြီမို့ ဝမ်းသာလို့ မဆုံးတော့ပါဘူး" ဟု ရှင်းလင်းပြောပြသည်။

(၀၆၅)

ပြည်တွင်းသတင်း

အင်းတော်မြို့နယ် နားနောင်ကျေးရွာတွင် ဂျပန်စစ်သားတစ်ဦး၏ ရုပ်ကြွင်းအရိုးစုတွေ့ရှိ

ရန်ကုန် မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကျန်တောအုပ်စု နားနောင်ကျေးရွာမှ ဦးကျားဘို၏ အိမ်ဝင်းအတွင်း မေ ၁၄ ရက်က ရေတွင်းတူးရာမှ ဂျပန်စစ်သားတစ်ဦး၏ ရုပ်ကြွင်းအရိုးစုတွေ့ရှိခဲ့ကြောင်း သိရသည်။ "ကျွန်တော်တို့ အိမ်ဝိုင်းထဲမှာ ရေတွင်းတူးတော့ အနက်သုံးပေကျော်အရောက်မှာ အရှေ့မြောက်ဘက်ခေါင်းပြုမြုပ်နှံထားတဲ့ လူတစ်ယောက်ရဲ့အရိုးစုတွေ့တယ်။ စူးစမ်းချင်စိတ်နဲ့ ဂရုစိုက်ပြီး ရှာဖွေကြည့်တဲ့အခါ ဂျပန်စစ်သားအသုံးအဆောင်တွေဆိုတာ သေချာသလောက်ပြောနိုင်ပြီ" ဟု အိမ်ရှင်ဦးကျားဘိုက ပြောသည်။

အဆိုပါ ရုပ်ကြွင်းအရိုးစုတွင် ပျက်စီးနေသော ဦးခေါင်းခွံတစ်ခု၊ သွား ၁၀ ချောင်းသာ ကျန်ရှိပြီး ပေါင်ရိုး၊ လက်မောင်းရိုး၊ ညှပ်ရိုးများ အစုလိုက်တွေ့ရှိရကြောင်း၊ ဂျပန်စစ်သားများ ကိုင်ဆောင်တတ်သော အရှည်နှစ်ပေခွဲခန့် ဓားရှည်တစ်ချောင်း၊ ဓားလက်ကိုင်ခုနစ်လက်မခန့်အပါအဝင် သုံးပေကျော်ရှည်လျားကြောင်း၊ ကြေးနှင့် ပြုလုပ်ထားသည့် ရှစ်လက်မခန့် ခက်ရင်းတစ်ချောင်း၊ ဂျပန်ခေတ်ငွေကြေးဟု ယူဆရသော အလယ်၌ အပေါက်ပါသည့် ကြေးပြားတစ်ခုတို့ တူးဖော်တွေ့ရှိကြောင်း သိရသည်။ **မောင်ချစ်လင်း**

ရမည်းသင်းမြို့နယ်တွင် ဒုတိယ အကြိမ် တန်ဖိုးနည်းဖုန်းများ ကိုင်ဆောင်ခွင့်ပေး

ရမည်းသင်း မေ ၂၃

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းဖုန်း ငွေကျပ် ၁၅၀၀ တန် CDMA SIM Card များကို ဒုတိယအကြိမ် ဝယ်ယူကိုင်ဆောင်ခွင့်များကို မြို့နယ်ဖုန်းဖြန့်ဖြူးကိုင်ဆောင်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညွန့်ဆန်းထွန်းနှင့်ဝန်ထမ်းများ၊ ဖုန်းကော်မတီဝင်များကြီးကြပ်ကာ ပုံစံများစိစစ်ပြီး မေ ၂၁ ရက် နံနက် ၁၀ နာရီက ရမည်းသင်းမြို့ ရန်အောင်မြင်ဘုရားအာရုံခံတန်ဆောင်း၌ စတင်ဖြန့်ဖြူး ကိုင်ဆောင်ခွင့်ကတ်များ ထုတ်ပေးသည်။

ယခု ဧပြီ ၂၄ ရက်က တိုင်းဒေသကြီးခွဲတမ်းမှ မြို့နယ်အတွက် ပထမအကြိမ် ဖုန်းအလုံးရေ ၁၃၀၀ ရရှိခဲ့ရာ ယခင် မေ ၂၉ ရက်တွင် ဒုတိယအကြိမ် ဖုန်းအလုံးရေ ၁၈၀၀ နှစ်ကြိမ်ပေါင်း ဖုန်းအလုံး ၃၁၀၀ ရရှိသည်။ ဖုန်းများကို ဖုန်းဖြန့်ဖြူးရေးကော်မတီက ခရိုင်၊ မြို့နယ်ဌာနများ မြို့ပေါ်ငါးအုပ်စု၊ ကျေးရွာအုပ်စု ၅၆ အုပ်စုနှင့် မိုးကုတ်ရိပ်သာ၊ မဟာစည်ရိပ်သာနှင့်ဘိုးဘွားရိပ်သာများသို့ပါ အချိုးကျခွဲဝေပေးခဲ့သည်။ တန်ဖိုးနည်းဖုန်းများအား ဆင်းရဲမှုလျှော့ပါးစေရေးနှင့် ကျေးလက်ဒေသနေပြည်သူများ ဆက်သွယ်ရေး လျင်မြန်တိုးတက်စေရေးကို ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရက လူတိုင်းဖုန်းကိုင်ဆောင်သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

(၀၁၁)

ပြည်တွင်းသတင်း

လမ်းမတော်၌ ကျပ် ၁၅၀၀ တန် ဆင်းကတ်များ ရောင်းချ

ရန်ကုန် မေ ၂၃

ဒုတိယအကြိမ် တန်ဖိုးနည်း ကျပ် ၁၅၀၀ တန် ဆင်းကတ်များကို ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး များ၌ မေ ၂၃ ရက် နံနက်ပိုင်းတွင် လျှောက်ထားသူများအား မဲနှိုက် ရောင်းချပေးကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပထမအကြိမ် ၂၀၁၃ ခုနှစ် ဧပြီ ၂၄ ရက်တွင် အလုံးရေ ၇၈၇၅၀ ရောင်းချပေးခဲ့ပြီး ဒုတိယလအဖြစ် အလုံးရေ ၁၀၁၂၁၉ ရောင်းချပေးမည်ဟု သိရကြောင်း၊ လမ်းမတော်မြို့နယ်တွင် ပထမအကြိမ် အလုံးရေ ၆၀၀ ဝယ်ယူခွင့်ရရှိခဲ့ပြီး ယခုလတွင် အလုံး ၄၄၀ ဝန်းကျင်သာ ဝယ်ယူခွင့် ရရှိခဲ့သည်ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

လမ်းမတော်မြို့နယ်အတွင်းရှိ (၅) ရပ်ကွက်တွင် ဖုန်းလျှောက်ထားသူ ၃၈၀ ဝန်းကျင်ရှိသော်လည်း ရောင်းချချိန်တွင် လာရောက်မဲနှိုက်သူမှာ ဦးရေ ၂၀၅ ဦးရှိပြီး အလုံးရေ ၄၁ လုံး မဲနှိုက် ရောင်းချပေးခဲ့ကြောင်း သိရသည်။ ယခင်လနှင့် ယခုလ နှစ်ကြိမ် မဲနှိုက် ရောင်းချပေးသည့် အရေအတွက်မှာ အလုံးရေ ၁၀၀ ခန့်ရှိကြောင်း၊ ရပ်ကွက်အတွင်း အဆောက်အအုံ ပေါင်း ၂၆၀ ဝန်းကျင်၊ အိမ်ထောင်စု ပေါင်း ၇၀၀ ဝန်းကျင်ရှိရာ နှစ်လ အတွင်းရပ်ကွက်အတွင်းရှိ အိမ်ထောင်စုအရေအတွက် စုစုပေါင်း၏ ၁၄ ရာခိုင်နှုန်းကို ရောင်းချပေးနိုင်သည်ဟု ဆိုနိုင်ကြောင်း၊ သို့သော် အိမ်ထောင်စုတိုင်း ဖုန်းလျှောက်ခြင်း မပြုသည့်အတွက် လာရောက်လျှောက်ထားသူ၊ အမှန်တကယ် လာရောက် မဲနှိုက်သူများနှင့် အချိုးချလျှင် နှစ်လ အတွင်း ၃၀ ရာခိုင်နှုန်းဝန်းကျင်ကို တန်ဖိုးနည်းဖုန်း ရောင်းချပေးနိုင်ခဲ့သည်ဟု ရပ်ကွက်အတွင်းရှိ ပြည်သူ တစ်ဦးက ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်အတွင်း တန်ဖိုးနည်း ကျပ် ၁၅၀၀ ဖုန်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် ရပ်ကွက် ပြည်သူများအား ရောင်းချရာတွင် လျှောက်ထားသူအားလုံး ကျေနပ်မှုရှိကြောင်း၊ ဝယ်ယူခွင့်မရသေးသူများ အနေဖြင့် လစဉ်ရောင်းချမည့် အချိန်ကို ထပ်မံစောင့်ဆိုင်းနေကြောင်း သိရသည်။

ခင်ဆိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၃-၅-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၁၀၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၈၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၄၅ ကျပ်
ဥရောပ	တစ်ယူရို	၁၂၂၂ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၂ ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၆၅ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၆၆ ကျပ်
တရုတ်	တစ်ယွမ်	၁၄၆ ကျပ်
မလေးရှား	ရင်းဂစ်	၃၀၄ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၈၈၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၅၀၀ - ၅၀၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၀၀၀ - ၂၈၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၂၀၀ - ၅၅၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၄၅၀၀ - ၉၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀ - ၆၃၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၂၄၀၀၀ ကျပ်
၇။	ကြက်	တစ်ပိဿာ	၃၅၀၀ - ၉၀၀၀ ကျပ်
၈။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၉။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၆၀၀၀ ကျပ်
၁၀။	ဆိတ်	တစ်ပိဿာ	၉၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွှဲဆန်	တစ်အိတ်	၁၇၃၀၀
၂။	ပေါ်ကျွဲ	တစ်အိတ်	၂၁၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၃၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၁၅-၄၆၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၇၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၂၅၀
၉။	အာလူး(ဟဲဟိုး)	တစ်ပိဿာ	၅၁၀-၆၄၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၇၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၅၀၀
၁၂။	သကြား	တစ်ပိဿာ	၉၀၀-၁၀၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဘောကျေးရွာ ပုန်းလွန်ချောင်းတောတိုက်တွင် ပဲခင်းထဲဖြတ်၍ လူသတ်မှုဖြစ်ပွား

ကန့်ဘလူ မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဘောကျေးရွာ ပုန်းလွန်ချောင်းတောတိုက်တွင် မေ ၂၀ ရက် ည ၁၀ နာရီက ပဲခင်းထဲဖြတ်၍ စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက် ည ၉ နာရီခွဲခန့်က တရားလို ဒေါ်သင်းလှဲ့ (၄၅ နှစ်)သည် ခင်ပွန်း ကိုဘုန်းကျော်၊ တဲနီးချင်း မခင်မိုးဆွေတို့နှင့်အတူ တဲ၌ရှိနေစဉ် တဲနီးချင်း ဇော်အောင်(၂၄ နှစ်)နှင့် ၎င်း၏ယောက်ဖ ချစ်ဇော်ထွေး၊ သိန်းဌေးဦးတို့နှင့် အမည်မသိလေးဦးတို့သည် ဒေါ်သင်းလှဲ့ စိုက်ပျိုးထားသော ပဲခင်းအတွင်း၌ဖြတ်ပြီး ၎င်း၏တဲဘက်သို့ ပြန်သွားခဲ့သဖြင့် ပဲခင်းအတွင်းမှ မဖြတ်ရန်နှင့် ပဲခင်းဘေးမှသွားကြရန် ပြောခဲ့သည်။ ထို့နောက် နာရီဝက်ခန့်အကြာတွင် ဇော်အောင်တစ်ယောက်တည်း တဲဘေးဝါးတစ်ပြန်ခန့်ဝေးသည့် ပဲခင်းဘေးရောက်ရှိလာကာ ဆဲဆိုပြီး“ ပဲခင်းထဲက ဖြတ်တော့ ဘာဖြစ်သလဲ၊ ဘုန်းကျော်ထွက်ခဲ့” ဟု ခေါ်၍ ကိုဘုန်းကျော်ထွက်လာစဉ် ၎င်းနှင့်တွေ့ပြီး တစ်ယောက်တစ်ခွန်းစကားများကြကာလုံးထွေးစဉ် ဇော်အောင်က ၎င်း၏လက်ထဲရှိ ဓားချွန်နှင့် တစ်ချက်ထိုးခဲ့၍ ကိုဘုန်းကျော်၏ ဝဲဘက်ရင်အုံ၌ ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိကာ သေဆုံးသွားခဲ့သည်ဟု ဆိုသည်။ ထိုသေဆုံးမှုနှင့်စပ်လျဉ်း၍ ဥပဒေအရ အရေးယူပေးရန် တိုင်တန်းခဲ့သဖြင့် အမှုစစ်ရဲအုပ်သန်းဆွေ(စခန်းမှူး၊ ကန့်ဘလူရဲစခန်း)သည် တရားလိုသက်သေများစစ်ဆေးခြင်း၊ အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းကို သိမ်းဆည်းခြင်း၊ သေဆုံးသူ၏ အလောင်းကို မြို့နယ်ဆေးရုံသို့ ပို့ဆောင်ထင်မြင်ချက်တောင်းခံထားရှိခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဇော်အောင်ကို မေ ၂၁ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ကန့်ဘလူရဲစခန်းက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အောင်ဝင်းငြိမ်း

အသက်ရှည်စွာ အနာမဲ့ကြောင်း ဆုမွန်တောင်းလျက်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့၊ အလယ်ပိုင်းရပ်၊
တိုင်းရင်းဆေးဆရာမကြီး **ဒေါ်ခင်ခင်စန်း**၏
(၁၃၇၅ခုနှစ် ကဆုန်လပြည့်နေ့) ၂၄-၅-၂၀၁၃ရက် (သောကြာနေ့)တွင်
ကျရောက်သည့်
(၈၂)နှစ်ပြည့် မွေးနေ့မှ သည်
အသက် (၁၀၀)ရာကျော်ရှည် ၍
ကျန်းမာ-ချမ်းသာ-စိတ်ပျော်ရွှင်စွာဖြင့် ဝေနေယျများအား
စေတနာ၊ သဒ္ဒါ၊ မေတ္တာဖြင့် ကုသပေးနိုင်ပါစေကြောင်း
ဆုတောင်းပါသည်။ ဆေးစွမ်းထက်၍ အောင်မြင်ပါစေကြောင်း…

ဆရာမကြီး ချစ်တဲ့ မောင်များ
ဦးငွေတင်-ဒေါ်အမာကြည်၊ ညောင်တုန်းမြို့
ဦးတင်အောင်(ခ)ဦးတေဇောဘာသ
တွံတေးမြို့၊
(ဗိုလ်ကြီးမြင့်သူ)-ဒေါ်ခင်မာကြည်
ကမာရွတ်၊ ရန်ကုန်မြို့

အမည်ပြောင်း

ဦးမြင့်သိန်း၏သား ဦးခင်ဇော် ၇/ပခန(နိုင်)၁၈၈၇၄၄အား ယနေ့မှစ၍ ဦးကိုကိုကြီး အမည်သို့ ပြောင်းလဲခေါ်ဆိုပါရန်။

ဦးကိုကိုကြီး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဂ/၅၀၇၀ Hilux (China) P/U (4×4) Double Cab ® ယာဉ် လက်ဝယ်ရှိသူ ဦးစိုးမိုးထက် ၁၂/တမန(နိုင်)၀၉၄၆၁၀၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်

အောက်ဖော်ပြပါ “မြန်မာ့ရတနာဘဏ်လီမိတက်” ဟူသော ဘဏ်၏ Logo အမှတ် တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မြန်မာ့ရတနာဘဏ်လီမိတက်တစ်ခုတည်းမူပိုင် Logo ဘဏ် အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်၍ ၎င်း Logo ဘဏ်အမှတ်တံဆိပ်ဖြင့် ချက်(Cheque)လက်မှတ်၊ ငွေထည့်အိတ်၊ ဘဏ်တွင်လိုအပ်သမျှ အသုံးပြုပြီး စက္ကူများပေါ်တွင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး ဖြန့်ချိဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာ့ရတနာဘဏ်လီမိတက်
TREASURE BANK OF MYANMAR LTD.

အထက်ပါ Logo ဘဏ်အမှတ်တံဆိပ်နှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း အမှတ် ၆၅၃/၆၉၉၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ “မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်” စီမံဌာနတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ကျော်လွန်ပါက အထက်ပါ Logo ဘဏ် အမှတ်တံဆိပ်ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် အခြားနိုင်ငံများတွင်ပါ လုပ်ကိုင်ဆောင်ရွက်သွားပြီး ယင်းဘဏ်လုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သည့် ကြော်ငြာဆိုင်းဘုတ်၊ သတင်းစာ၊ စာစောင်၊ စာရွက်စာတမ်း၊ ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ Internet Website၊ e-mail၊ ဘဏ်သုံး Letter Head၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ဘလောက်၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေရပြေစာ အစရှိသည်တို့အပေါ်တွင်လည်း အသုံးပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဝင်း (စဥ်-၇၂၇၅)
တရားလွှတ်တော်ရှေ့နေ (ဘဏ်-ရှေ့နေ)
အမှတ် ၉၉၊ ပထမထပ်၊ ၃၈ လမ်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၃၀၁၆၁၊ ၀၉-၄၉၃၁၂၃၂၆၊ ၀၁-၂၅၃၄၀၃ (Fax)
e-mail: www. Khinmaungwin@ theikdi.com.mm

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
နေပြည်တော်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့၌ ထပ်မံဆောင်ရွက်ရန် လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ စည်းကမ်းချက်များ အသေးစိတ်အချက်အလက်နှင့် တည်ဆောက်ရေးလုပ်ငန်းများကို ၂၄-၅-၂၀၁၃ရက်မှ ၆-၆-၂၀၁၃ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း အားကစားဝန်ကြီးဌာန၊ ရုံးအမှတ် (၃၁) (နေပြည်တော်)၊ အားကစားကွင်း/အားကစားရုံဌာနခွဲတွင် လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၉-၈၆၃၇၁၃၂သို့ လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
ရုံးအမှတ်(၃၁)၊ နေပြည်တော်
ဖုန်း-၀၉-၈၆၃၇၁၃၂



လူပျောက်

အထက်ပါဓာတ်ပုံရှင် မထူးထူးမွန် ၇/ဖမန(နိုင်)၁၈၄၄၃၄သည် ၁၈-၅-၂၀၁၃ရက် နံနက် ၇ နာရီ နေအိမ်မှ ပြင်ပထွက်ခွာသွားရာ ပြန်မလာပျောက်ဆုံးပြီး မထူးထူးမွန်၏သမီး ခြိမ့်ခြိမ့်မှာလည်း နေမကောင်းဖြစ်နေ၍ အမြန်ပြန်လာပါရန်နှင့် လက်ခံထားသူအားလည်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တွေ့ရှိပါက ဖုန်း-၀၉-၄၉၂၉၃၉၅၃၊ ၀၉-၄၉၂၉၃၉၅၄တို့သို့ ဆက်သွယ်အကြောင်းကြား ပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဦးလှိုင်မင်းဦး

ပေကုန်းရွာ နန့်သဲလိမ်ချောင်း လူကူးတံတားဟောင်း အဆင့်မြှင့်ပြုပြင်

အင်းတော် မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပေကုန်းရွာ အောင်မင်္ဂလာရပ်ကွက် ကျေးရွာချင်းဆက် နန့်သဲလိမ်ချောင်းကူးတံတားကို ပေကုန်းရွာ ဘုန်းတော်ကြီး ဦးစာရိန္ဒဦးစီး၍ အဆင့်မြင့်တံတားဖြစ်မြောက်ရေး ဥက္ကဋ္ဌ ဦးမောင်လေး၊ အတွင်းရေးမှူး ဦးတူးအောင်၊ ဦးလှထွန်းနှင့် ကျေးရွာသား ၅၀ ခန့်တို့သည် မေ ၁၂ ရက် နံနက် ၇ နာရီကစ၍ ညနေ ၆ နာရီအထိ လုပ်အားပေးဆောင်ရွက်လျက် ရှိကြောင်းသိရသည်။

နန့်သဲလိမ် ချောင်းကူးတံတားဟောင်းသည် လက်ရှိတွင် အရှည်ပေ ၃၀၀၊ အကျယ် ခြောက်ပေခွဲ၊ အမြင့် ၁၈ ပေရှိပြီး ယခု ပြန်ပြုပြင် ဆောက်လုပ်ရာတွင် အရှည် ၁၃၂ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၈ ပေရှိကာ တံတားထိပ် တစ်ဖက်စီတွင် ကွန်ကရစ်အုတ်ခုံပြုလုပ်မည်ဖြစ်သည်။

ဖြတ်သန်းသွားလာ

ခရီးသွားပြည်သူများနှင့် ကျေးရွာသားများ အလှူဒါန၊ လုပ်အားဒါန၊ ငွေအားဖြင့် စုပေါင်းဆောင်ရွက်ပြီး တံတားပြုပြင် ကုန်ကျငွေမှာ ငွေကျပ်သိန်း ၁၅၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ တံတားကို အဆင့်မြှင့်ပြုပြင် တည်ဆောက်ပြီးစီးပါက ပေကုန်းရွာအနီးပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ဖြတ်သန်း သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

ခင်မောင်ထွေး

ကလေးမြို့ မြို့မဈေးကြီး ဈေးသစ်ဆောက်လုပ်ရန် ညှိနှိုင်းဆွေးနွေး

ကလေး မေ ၂၃

ကလေးမြို့ မြို့မဈေးကြီးကို နှစ်ထပ်အဆောက်အအုံအဖြစ် ပြန်လည်ဆောက်လုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၁ ရက် မွန်းလွဲ ၁ နာရီက မြို့မဈေးအပေါ်ထပ်၌ ကျင်းပသည်။

ပြောကြား

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအေးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိက ဈေးသစ်ဆောက်လုပ်ရန် အခြေခံလိုအပ်ချက်များကို ပြောကြားပြီး ဈေးဥက္ကဋ္ဌက မြို့မဈေးကြီးနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

တက်ရောက်လာသော ဈေးသူဈေးသားများကို ဈေးသစ်ဆောက်လုပ်ရေးနှင့် ပတ်သက်၍ ဆန္ဒတောင်းခံရာ မြို့မဈေးကြီးအပြင် ကလေးမြို့တွင် ပင်လုံဈေး၊ တာဟန်းဈေးဟူ၍ ရှိကြောင်း၊ မြို့မဈေးကြီးကို ဈေးသစ်ဆောက်လုပ်မည်ဆိုပါက မိုးတွင်းကာလဖြစ်သောကြောင့် အခက်အခဲများနှင့် အရှုံးပေါ်မှုများဖြစ်နိုင်ကြောင်း၊ အထူးသဖြင့် ၂၀၀၆ ခုနှစ်က တာဟန်းဈေးမီးလောင်မှု၊ ၂၀၀၇ ခုနှစ်က လက်ပံချောင်းဈေးမီးလောင် ဆုံးရှုံးမှုများအတွက် ကလေးမြို့မှ ဈေးသူ ဈေးသားများအနေဖြင့် ဆုံးရှုံးမှုကြီးကြီးမားမား ခံခဲ့ရကြောင်း ဈေးရောင်းသူတစ်ဦးက ပြောကြားခဲ့သည်။

ယခု ဈေးသစ်ကြီးဆောက်လုပ်ချိန်သည် အချိန်အားဖြင့် တစ်နှစ်ကျော်ကြာမြင့်မည်ဖြစ်ပြီး ဈေးသစ်ဆောက်လုပ်ချိန်အတွင်း အရောင်းအဝယ်ကိစ္စများအတွက် နေရာမရှိဖြစ်နိုင်ကြောင်း၊ ယာယီနေရာများတွင်လည်း အဆင်ပြေမှုမရှိနိုင်ကြောင်း စသည့်အချက်များကြောင့် ဈေးသစ်ကြီးဆောက်လုပ်ရန် မဖြစ်နိုင်သေးကြောင်း အရောင်းအဝယ်လုပ်သူတစ်ဦးက ပြောကြားသည်။

အဆိုပါ ဈေးသစ်ကြီး ဆောက်လုပ်မှုနှင့်ပတ်သက်၍ ဈေးသူ ဈေးသားများ၏ ဆန္ဒ ၉၀ ရာခိုင်နှုန်းကျော်သည် ဈေးသစ်ဆောက်လုပ်ရန် သဘောတူညီမှု မရှိသည့်အတွက် ယာယီဆိုင်းငံ့ထားမည်ဖြစ်ပြီး အများသဘောတူညီသည့်အချိန်နှင့် လိုအပ်သည့်အချိန်မှသာ ဈေးသစ်ကြီးဆောက်လုပ်သွားရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

သျှင်နေမင်း

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဗုဒ္ဓဂယာ မြတ်နေရာ

နှိုင်းတုမမြင်၊
ရှင်တော်ဘုရား၊ ဟောကြားမိန့်မြွက်
ဓမ္မကွဲ့ပေါင်း၊ ရှစ်သောင်းလေးထောင်
မြားမြောင်ထွေထွေ မြတ်အမွေ။

မြတ်ဘုရား၏
ကြီးမားမေတ္တာ၊ မွန်မြတ်ပါ၍
ဘယ်ဟာ ဓမ္မ၊ အဓမ္မဟု
ညွှန်ပြပိုင်းခြား၊ ကွဲပြားထင်ထင်
အမြင်မစောင်း၊ လမ်းကြောင်းမှန်ရာ
သတ္တဝါများ ရခဲ့ပြီ။

ဤယနေ့
ချမ်းမြေ့ဖွယ်ကြုံ၊ လကဆုန်ဝယ်
လူ့ဘုံလောက၊ ထင်ကရပင်
ဗုဒ္ဓပွင့်ထွန်း၊ လပြည့်ဝန်းနှင့်
တင့်ရှန်းကျက်သရေ ဖြိုးဖြိုးဝေ။

ကဆုန်လပြည့်၊
ထူးသည့်နေ့မြတ် ထိုအရပ်ကို
ဦးညွှတ်လို့သာ၊ မှန်းဆကာဖြင့်
နေလာသမျှ၊ ငါ့ဘဝလည်း
ခုမှ ပြည့်စုံနေသလို။

ဗုဒ္ဓဂယာ
နာမအမည်၊ ထူးတလည်ပင်
ဖြစ်တည်ထွန်းပေါ်၊ နေပြည်တော်ဝယ်
ဖူးမြော်မဝ၊ ထူးလေစွဟု
ဆန္ဒဖြစ်ပွား၊ ငါ့အလားပင်
အများသူငါ စိတ်ကြည်သာ
ဗုဒ္ဓဂယာ မြတ်နေရာ။ ။

ဖိုလေးလုံး သောင်းကိုကို

နိုင်ငံတကာအားကစားသတင်း

မန်စီးတီးနည်းပြအဖြစ် တာဝန်ယူဖို့အတွက် စပိန်ကလပ်မာလာဂါအသင်းနည်းပြမန်နေဂျာ ပယ်လီဂရင်းနီဟာ မာလာဂါအသင်းက ထွက်ခွာတော့မယ်လို့ မီဒီယာတွေက ဖော်ပြနေကြပါတယ်။ ပယ်လီဂရင်းနီဟာ မန်စီးတီးနည်းပြအဖြစ် ကိုင်တွယ်မယ်ဆိုရင် အရင်နည်းပြမန်ချီနီထက် ပိုမိုအောင်မြင်မှုရရှိနိုင်မယ်လို့ မန်စီးတီးပိုင်ရှင်တွေကလည်း ယူဆနေကြပါတယ်။

မာလာဂါနည်းပြနဲ့ မန်စီးတီး

မိုးမြင့်လင်းလက်

မာလာဂါအသင်းနည်းပြအဖြစ်မှ ထွက်ခွာမှာ မဟုတ်ပါဘူးလို့ စောစောပိုင်းက ပယ်လီဂရင်းနီက ထုတ်ဖော်ပြောကြားခဲ့ပေမယ့် အခုနောက်ပိုင်းမှာတော့ ဒီနှစ်ဘောလုံးရာသီကုန်ရင် အသင်းကထွက်ခွာမယ်လို့ အသင်းဂုဏ်ပြုပွဲမှာ ပြောကြားလိုက်ပြီဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ပယ်လီဂရင်းနီထံ နည်းပြတာဝန်လွှဲပြောင်းပေးဖို့ ဆန္ဒပြင်းပြနေပြီး နောက်ဆုံးဆွေးနွေးမှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ ပယ်လီဂရင်းနီဟာ မာလာဂါအသင်းကို ဒီနှစ် လာလီဂါတန်းစီဇယားမှာ စတုတ္ထနေရာရောက်အောင် စွမ်းဆောင်ပေးထားနိုင်သူဖြစ်ပါတယ်။

အသက် ၅၉ နှစ်အရွယ်ရှိ ပယ်လီဂရင်းနီဟာ ချီလီနိုင်ငံသား နောက်ခံဘောလုံးသမားတစ်ဦးဖြစ်ပြီး ချီလီကလပ်ယူနီဗာစီဒက်ဘောလုံးအသင်းနဲ့ ချီလီလက်ရွေးစင်အသင်းမှာ ကစားခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ဘောလုံးသမားဘဝမှ အနားယူခဲ့သူဖြစ်ပါတယ်။

အဲဒီနောက် ယူနီဗာစီဒက်အသင်းမှာ ပထမဆုံးနည်းပြတာဝန် စတင်ထမ်းဆောင်ခဲ့ပြီး ပါလက်စ်တီနို၊ အိုဟစ်ဂင်စ်၊ ယူနီဗာစီဒက်ကာတိုလီကာ စတဲ့အသင်းတွေမှာ နည်းပြလုပ်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှာ ဗီလာရီးရဲအသင်းကို နည်းပြတာဝန်ယူပြီးနောက် ယူအီးအက်ဖ်အေအင်တာတိုတို ဖလားကို ရယူပေးနိုင်ခဲ့ပါတယ်။ ဗီလာရီးရဲအသင်းကို ၂၀၀၉ ခုနှစ်အထိ တာဝန်ယူခဲ့ပြီး ၂၀၀၉ ခုနှစ် ဇွန် ၂ ရက်မှစ၍ ရီးရဲမက်ဒရစ်အသင်းကို နည်းပြအဖြစ် ၂၀၁၀ ခုနှစ် မေ ၂၆ ရက်အထိ တာဝန်ယူခဲ့ပါတယ်။

အဲဒီနောက် မာလာဂါအသင်းကို နောက်နှစ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရအောင်လည်း စွမ်းဆောင်ပေးထားနိုင်သလို ၂၀၁၂-၂၀၁၃ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ မာလာဂါအသင်းကို ကွာတားဖိုင်နယ်အထိရောက်အောင်လည်း ပို့ဆောင်ပေးနိုင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။

ဒါကြောင့် မန်စီးတီးအသင်းတာဝန်ရှိသူတွေက ပယ်လီဂရင်းနီကို နည်းပြတာဝန်ပေးဖို့ ဆောင်ရွက်နေတာဖြစ်ပြီး အသင်းအောင်မြင်မှုတွေ ရရှိနိုင်မယ်လို့ သုံးသပ်နေကြပါတယ်။ ဒါကြောင့် မာလာဂါအသင်းနည်းပြ ပယ်လီဂရင်းနီရဲ့ အနေအထားကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- နာပိုလီအသင်းသည် မန်စီးတီးသို့ ကာဗာနီပြောင်းရွှေ့ပါက ယင်းအသင်းမှ ဒီဇီကိုအား ပြန်လည်ခေါ်ယူရန်စီစဉ်လျက်ရှိသည်။
- မာလာဂါအသင်းမှ အသက် ၂၁ နှစ်အရွယ် အက်စ်ကိုအား ချယ်လ်ဆီးနှင့်ရီးရဲမက်ဒရစ်တို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။
- အသက် ၃၇ နှစ်အရွယ်ရှိ ဗီလာဂိုးသမား ဂီဗင်အား စာချုပ်သစ်ထပ်မံချုပ်ဆိုမည်ဖြစ်သည်။
- မော်ရင်ဟိုနှင့်ဆက်ဆံရေးအဆင်မပြေခဲ့မှုကြောင့် ချယ်လ်ဆီးကစားသမားဒေးဗစ်လူးဝစ် အသင်းမှထွက်ခွာရန် ပြင်ဆင်လျက်ရှိရာ ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့က ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- အာဆင်နယ်က ခေါ်ယူရန်ကြိုးစားနေသည့် တိုက်စစ်မှူး ဂျိုဗီတစ်ကို ဖီအိုရင်တီးနားက ပေါင် သန်း ၃၀ ပေးလျှင် ရောင်းမည်ဟု ဈေးခေါ်ထားသည်။
- မန်ယူအသင်းသည် ဆောက်သမ်တန်နောက်ခံလူ လူကီရှောကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။
- ဝက်စ်ဟမ်းအသင်းသည် ချယ်လ်ဆီးတိုက်စစ်မှူး လူကာလူကို စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရေးကြိုးစားလျက်ရှိသည်။
- ဘာစီလိုနာနောက်ခံလူ မူနီဆာသည် နွေရာသီ၌ အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်
- ဖီးလ်နဗီးအား စတုတ်စီးတီး၌ နည်းပြအဖွဲ့ဝင်အဖြစ်တာဝန်ပေးရန် စတုတ်စီးတီးက စီစဉ်လျက်ရှိသည်။
- ဝီဂန်နည်းပြမာတီနက်ဇ်သည် စတုတ်နည်းပြအဖြစ်ပြောင်းရွှေ့တာဝန်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



စီရိုနယ်ဒိုနှင့် မော်ရင်ဟို နှစ်ပွဲပိတ်ပင်ခံရ

စီရိုနယ်ဒိုနှင့် မော်ရင်ဟိုတို့အား အက်သလက်တီကိုအသင်းကို ရှုံးနိမ့်ခဲ့သည့် ကိုပါဒယ်ရေးဗိုလ်လုပွဲတွင် ကွင်းအတွင်းမှ ထွက်ခွာခဲ့မှုဖြင့် နှစ်ပွဲပိတ်ပင်လိုက်သည်။

၎င်းတို့နှစ်ဦးသည် အဆိုပါပြိုင်ပွဲတွင် ပွဲမပြီးမီ ဆန္ဒပြသည့်အနေဖြင့် ကွင်းအတွင်းမှ ထွက်ခွာမှုဖြင့် နှစ်ပွဲပိတ်ပင်လိုက်ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ယခုနှစ်ရာသီကုန်ပြိုင်ပွဲနှစ်ပွဲတွင် ပိတ်ပင်ခံရမည်ဖြစ်သည်။

ချန်ပီယံလိဂ် ဗိုလ်လုပွဲ ဂေါ့ဇီလွဲချော်

ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ဝင်ဘလေကွင်းကြီး၌ လာမည့် မေ ၂၅ရက် ညပိုင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဒေါ့မွန်နာမည်ကြီး ကွင်းလယ်ကစားသမား မာရီယိုဂေါ့ဇီသည် တံကောက်ကြောထိခိုက်ဒဏ်ရာရရှိထားသဖြင့် ပါဝင်နိုင်မည်မဟုတ်ဟုဆိုသည်။

အသက် ၂၀ ရှိ ဂေါ့ဇီသည် ပြီးခဲ့သည့်လက ရီးရဲမက်ဒရစ်နှင့်ကစားသော ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပြိုင်ပွဲကတည်းက ပြိုင်ပွဲနှင့်လွဲချော်ခဲ့သည်။ ဂေါ့ဇီသည် နွေရာသီတွင် ဘိုင်ယန်မြူးနစ်သို့ ပေါင် ၃၁သန်းခွဲဖြင့် ပြောင်းရွှေ့မည်ဖြစ်သည်။

ကောင်းမြတ်သူ စုစည်းသည်

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စံပြဆေးရုံကြီး(သဃ်န်းကျွန်း)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ စံပြဆေးရုံကြီး(သဃ်န်းကျွန်း)တွင်CT Scan နှင့်တွဲဖက်အသုံးပြုရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
(က) မီးစက် (Generator) အဆောက်အအုံ ဆောက်လုပ်ရန်
(ခ) ၅၀၀ KVA Transformer ဝယ်ယူတပ်ဆင်ရန်
(ဂ) ဆက်စပ်လျှပ်စစ်လုပ်ငန်းများတပ်ဆင်ဆောင်ရွက်ခြင်းနှင့် ပိုင်ယာကြိုးဆက်သွယ်ခြင်းလုပ်ငန်း
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၇-၅-၂၀၁၃ ရက် နံနက် ၁၀ နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၀-၆-၂၀၁၃ရက် ညနေ ၄ နာရီ
၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများ အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
စံပြဆေးရုံကြီး(သဃ်န်းကျွန်း)
ကျိုက္ကဆံဘုရားလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၇၉၈၇၆

ပျောက်ဆုံးကြောင်း
ကျွန်တော်၏ Passport စာအုပ်အမှတ် M-751883 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။
ဦးဝင်းဋ္ဌေး ဖုန်း-၀၉-၄၂၀၀၉၅၂၃၉

ဖခင်အမည်မှန်
မော်လမြိုင်မြို့ အထက(၆) ပဉ္စမတန်းမှ မမိမိုးယွန်းဖြူခင်နှင့် တတိယတန်းမှ မင်းရဲထက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော်ဝင်း ဖြစ်ပါကြောင်း။

ကလောမြို့မှ မြေကွက်ရောင်းမည်
ပေ (၅၀ X ၁၀၀)
ပေ (၁၀၀ X ၁၀၀)
ပေ (၆၀ X ၂၀၀)
ဖုန်း-၀၉-၄၃၂၀၁၈၄၇၊ ၀၉-၄၂၁၁၆၅၃၉၈၊ ၀၉-၄၂၁၁၆၅၃၉၉

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ အမှတ်(၁၃)၊ (ပထမထပ်)၊ တိုက်ခန်းနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း
အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကျွန်မ ဒေါ်အေးအေးကြူနှင့် ဒေါ်ခင်မြတ်ဝင်းတို့သည် နှစ်ဦးသဘောတူ ညှိနှိုင်း၍ ဖြေရှင်းပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဒေါ်အေးအေးကြူ
၁၂/ကမရ(နိုင်)၀၀၀၁၁၁

ဦးမောင်ကို(ခ)ဦးကိုလေး မိသားစု၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဝင်းမြင့် (တရားလွှတ်တော်ရှေ့နေ) (စဥ်-၄၆၂၃)၏ ၁၂-၄-၂၀၁၃ ရက်ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၁၉ ပါ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာချက်

ဦးမောင်ကို(ခ)ဦးကိုလေး မိသားစု၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဝင်းမြင့်(တရားလွှတ်တော်ရှေ့နေ) (စဥ်-၄၆၂၃)၏ ၁၂-၄-၂၀၁၃ ရက်ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ(၁၉) ပါ အများသိစေရန် ကြေညာခြင်းအပေါ် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ် ၁၈ နေ ဦးခင်ချို ၁၂/ကမတ(နိုင်)၀၂၆၆၇၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ပိန်းတန်းရပ်၊ ဦးပိုင်အမှတ်ဈ/ပ-၆၇ ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံမှာ ဒေါ်ဝန် ဒီအိုင်-၀၄၉၇၅၃က အမရပူရမြို့၊ ဈေးချိုရပ်ကွက် ပြည်သူ့ကောင်စီရှေ့မှောက်တွင် ၂၄-၄-၁၉၈၁ ရက်စွဲပါ မြေနှင့်အဆောက်အအုံ အရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိခဲ့သော မြေနှင့်အဆောက်အအုံ ဖြစ်ပါသည်။ ဒေါ်ဝန်တွင် မောင်နှမ ခုနစ်ဦးရှိရာ ဒေါ်ဝန်မှာ အကြီးဆုံးဖြစ်၍ ဒေါ်ဝန်၏အောက်တွင် ဒေါ်ပု၊ ဒေါ်ဂျမ်း၊ ဦးမောင်ကို(ခ)ဦးကိုလေး၊ ဒေါ်စန်း၊ ဦးခင်ချိုနှင့် ဒေါ်သောင်းတင်တို့ရှိပါသည်။ မောင်နှမခုနစ်ဦးတွင် ဦးမောင်ကို(ခ)ဦးကိုလေးမှာ ၁၉၈၆ ခုနှစ်တွင် မောင်နှမများအားလုံးထက်စော၍ အရင်ဆုံး ကွယ်လွန်ခဲ့ပါသည်။ ဒေါ်ဝန်၊ ဒေါ်ပု၊ ဒေါ်ဂျမ်း၊ ဒေါ်စန်းနှင့် ဒေါ်သောင်းတင်တို့မှာ အိမ်ထောင်မရှိ အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ကြပြီး ၎င်းတို့ သက်ရှိထင်ရှားရှိစဉ်က ၎င်းတို့အား ဦးခင်ချို တစ်ဦးတည်းကသာ မေတ္တာ၊ ကရုဏာ၊ မုဒိတာဖြင့် ကြည့်ရှုစောင့်ရှောက်ထောက်ပံ့ခဲ့ပါသည်။ ယခုအခါ ဒေါ်ဝန်၊ ဒေါ်ပု၊ ဒေါ်ဂျမ်း၊ ဦးမောင်ကို(ခ)ဦးကိုလေး၊ ဒေါ်စန်းနှင့် ဒေါ်သောင်းတင်တို့ အားလုံးမှာ ကွယ်လွန်သွားကြပြီးဖြစ်သဖြင့် အထက်ပါ ဒေါ်ဝန်ဝယ်ယူ ပိုင်ဆိုင်လက်ဝယ်ထားရှိခဲ့သော မြေနှင့်အဆောက်အအုံမှာ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ တစ်ဦးတည်းအသက်ရှင်ကျန်ရစ်သူ ဒေါ်ဝန်၏မောင် ဦးခင်ချိုတစ်ဦးတည်း အမွေဆက်ခံခွင့်ရှိသော မြေနှင့်အဆောက်အအုံဖြစ်ပါသည်။ ၁၂-၄-၂၀၁၃ ရက်ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ (၁၉)ပါ ဦးမောင်ကို (ခ)ဦးကိုလေး မိသားစု၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဝင်းမြင့်၏ ကြေညာချက်တွင် ပါရှိသကဲ့သို့ အမွေဆိုင်မြေနှင့် အဆောက်အအုံမဟုတ်သဖြင့် မည်သူနှင့်မျှ ညှိနှိုင်းခွဲဝေယူရန် အကြောင်းမရှိပါ။ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေနှင့်အညီ ဦးခင်ချိုတစ်ဦးတည်း အမွေဆက်ခံပိုင်ဆိုင်သောမြေနှင့် အဆောက်အအုံဖြစ်၍ ဦးခင်ချို၏ လွတ်လပ်သော သဘောဆန္ဒဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းနှင့် ဦးခင်ချို၏ ဂုဏ်သိက္ခာကျဆင်းစေရန် မည်သည့်ရေးသား ကြေညာချက်ကိုမျှ ထပ်မံမပြုလုပ်ကြရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါကမည်သူ့ကိုမဆို ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ဦးခင်ချို ၁၂/ကမတ(နိုင်)၀၂၆၆၇၁၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှလွင် (စဥ်-၅၇၇၃)၊ ဒေါ်လွင်မာ (စဥ်-၈၉၀၉)
တရားလွှတ်တော်ရှေ့နေများ
ဦးအောင်ကျော်ကျော်မြတ် (စဥ်-၂၇၀၀၉)၊ ဦးထွန်းထွန်းနိုင် (စဥ်-၃၅၅၃၄)
ဒေါ်သန္တာမော် (စဥ်-၃၉၂၄၂)၊ ဒေါ်လှဲ့လှဲ့ဝင်း (စဥ်-၃၉၈၈၀)
အထက်တန်းရှေ့နေများ
အမှတ် ၅၅၊ ဒုတိယထပ်၊ အခန်း ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

(၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ ဦးတင်မြင့်နှင့် ချစ်မေမေ ဒေါ်ညွှန့်ရင် (ဇောတိကဆန်စက်၊ ဆီစက် ပဲနွယ်ကုန်းမြို့)တို့၏ ၂၄-၅-၂၀၁၃ရက် (ကဆုန်လပြည့်နေ့)တွင် ကျရောက်သော(၇၅)နှစ်ပြည့် စိန်ရတု မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ချစ်သားသမီးများနှင့်အတူ လောကီ၊ လောကုတ္တရာနှစ်ဖြာ ကောင်းကျိုးများ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားသမီးများ
- (ဦးမိုးဇော်မြင့်)-ဒေါ်နီနီစန်း
- ဦးမြင့်ထွေး(ဒုတိယညွှန်ကြားရေးမှူးချုပ်)-ဒေါ်မိုးစန္ဒာမြင့်
- ဦးမိုးကျော်စွာမြင့်-ဒေါ်သင်းသင်းအောင်
- ဒေါ်မိုးသော်တာမြင့်

ချစ်မြေးများ
- မင်းသန့်၊ ကျန်ကျောင်း၊ ခွန်းဆင့်၊ ရှင်မိုး၊ ရှန်းဆင့်၊ သွန်းဆင့်၊

လက်ထပ်ပြီးစီးခြင်း
ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်နေ ဦးဗဟိန်း-ဒေါ်အေးဝင်းတို့၏သား
မောင်အောင်ဗလဟိန်း
(ဦးစီးအရာရှိ၊ သာသနာရေးဝန်ကြီးဌာန)နှင့်
ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့ နယ်နေ
ဦးဇော်ထွန်း-ဒေါ်စောကြည်တို့၏သမီး
မချောစုမောင်
(ဌာနစုမှူး-၂၊ နိုင်ငံခြားရေးဝန်ကြီးဌာန)
တို့သည် မိဘများ၏ သဘောတူညီချက်အရ ၂၃-၅-၂၀၁၃ ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။
မောင်အောင်ဗလဟိန်း-မချောစုမောင်

Uniteam Marine Training Centre တွင်
ပို့ဆောင်ရေးဝန်ကြီးဌာန D.M.A အသိအမှတ်ပြု
CLASS III OOW (STCW A-II/1) သင်တန်း
ထပ်မံဖွင့်လှစ်ပါမည်။
သင်တန်းစမည့်နေ့ - ဇွန်လ၊ ၂၀၁၃
လူဦးရေ(၄၀)ဦးစီသာ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးနိုင်ပါပြီ။
Uniteam Marine Training Centre
No.94, Pan Hlaing Road, Sanchaung Township, Yangon.
Tel : 01-519112, 519113, 519114, 519115 Ext : 230,231

ပြည်တွင်းသတင်း

ဒလမြို့၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်း၍ အခမဲ့ဆေးကုသပေး

ဒလ မေ ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ပြည်သူများကျန်းမာရေးအတွက် ဒုတိယတိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်မင်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၊ ဆေးကုသရေးအဖွဲ့မှ ဒေါက်တာ ၄၃ ဦးတို့နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆန်းသူရအောင်သိန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မေ ၁၈ ရက်က မြို့ပေါ်ရပ်ကွက်နှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ ရောဂါဝေဒနာရှင်လူနာများကို ဒလပြည်သူ့ဆေးရုံ၌ ကွင်းဆင်း၍ အခမဲ့စမ်းသပ်ဆေးကုသပေးကြသည်။

"ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးက အထူးကုအဖွဲ့ရောက်မယ်လို့ အသိပေးခဲ့လို့ လာတာပါ။

အခုလို အထူးကုဆရာဝန်ကြီးတွေ ကွင်းဆင်းဆေးကုသရေးအဖွဲ့ကို ကျွန်တော်တို့ပြည်သူတွေ မျှော်နေကြတာ အမှန်ပါပဲ ၊ ပျော်ပါတယ်"ဟု သမားတော်ကြီးများအဖွဲ့ထံ ဆေးကုသရန် ရောက်ရှိလာသော ညောင်ကုန်းရပ်ကွက်မှ လူနာရှင်အမျိုးသားတစ်ဦးက ပြောကြားသည်။

"အထူးကုဆရာဝန်ကြီးတွေ စမ်းသပ်ကုသပေးခဲ့တာ အားရကျေနပ်မိတယ်။ ကျွန်မကလေးကို စေတနာအပြည့်နဲ့စမ်းသပ်ပေးပြီး လိုအပ်တဲ့ဆေးဝါးတွေကိုလည်း အခမဲ့ပေးတယ်။ ကျန်းမာရေးအသိပညာလည်း ပြောပြလိုက်သေးတယ်။ ကျေးဇူးပါပဲရှင်" ဟု ကလေးအထူးကုအဖွဲ့မှ ပြသပြီး ထွက်လာသော ကမာကဆစ်ရပ်ကွက်မှ ကလေးမိခင် ဒေါ်ဟန်နီက အပြုံးဖြင့် ပြောပြသည်။

ကလေးအထူးကုဆရာဝန်မကြီး ဒေါက်တာ ဆွေဇင်ဇင်အောင်က "ကျွန်မတို့ အခုလို ကွင်းဆင်းကုသပေးရတဲ့ လူနာတွေထဲမှာ နှစ်ရှည်လများဖြစ်နေတဲ့ နာတာရှည်ရောဂါသည်တွေကို Refer လုပ်ပေးရတယ်။ ထိရောက်တဲ့ ကုသမှုပေးနိုင်အောင်ပေ့ါ။ အဲဒီလူနာအတွက် ပိုပြီးအကျိုးရှိပါတယ်။ ပြည်သူတွေအနေနဲ့ ကျန်းမာရေးအသိရှိရှိနဲ့ ရောဂါမဖြစ်မီကြိုတင်ကာကွယ်ပါ။ ရောဂါဖြစ်ရင်လည်း ထိရောက်တဲ့ကုသမှုခံယူပါ" ဟု ပညာပေးပြောကြားသည်။

အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ကလေးခွဲစိတ်အထွေထွေရောဂါ(သမားတော်ကြီး)၊ မျက်စိ၊ ပြန်လည်သန်စွမ်း၊ တိုင်းရင်းဆေး၊ သားဖွား/မီးယပ်နှင့်နား/နှာခေါင်း၊ လည်ချောင်းဟူ၍ အထူးကုအဖွဲ့ ရှစ်ဖွဲ့ခွဲကာ ဒလမြို့ပြည်သူ့ဆေးရုံ၌ ရောဂါဝေဒနာရှင် အမျိုးသား ၁၃၂ဦး၊ အမျိုးသမီး ၂၉၆ဦး စုစုပေါင်း၄၂၈ ဦးတို့ကို အခမဲ့ စမ်းသပ်ကုသပေးခဲ့ပြီး နာတာရှည်ရောဂါသည် အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၃၇ ဦးတို့ကို ထိရောက်စွာ ကုသပေးနိုင်ရန်လွှဲပြောင်းဆောင်ရွက်ခဲ့သည်။

(အပေါ်ဝဲပုံ) သန်းဌေး(ဒလ)

မော်လမြိုင်မြို့ရှိ ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ဝတွင် ဓာတ်လှေကားအသစ်အတွက် မေ၂၁ ရက်က မွန်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးဇော်လင်းထွန်း-ဒေါ်စန်းစန်းလွင်မိသားစုက အလှူငွေများကို လှူဒါန်းရာ ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၁၀၇)

တရားမဝင် ဖမ်းဆီးရမိလိုင်စင်မဲ့ ဇိမ်ခံကား လေလံတင်ရောင်းချမည်

မော်လမြိုင် မေ ၂၃

မွန်ပြည်နယ်အစိုးရအဖွဲ့၏ညွှန်ကြားချက်အရ တစ်ဖက်နိုင်ငံမှ ခိုးသွင်းခဲ့သည့် ဇိမ်ခံကားများ ဖမ်းဆီးအရေးယူရေးစီမံချက်ဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်း၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းဗိုလ်၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်းဦးနှင့် သထုံခရိုင် ဒုတိယရဲမှူးကြီး အောင်သန်းတို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် မော်လမြိုင်မှ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များသို့ သယ်ဆောင်ရောင်းချလျက်ရှိသော တရားမဝင်လိုင်စင်မဲ့ ဇိမ်ခံကားများကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်က စတင်ဖမ်းဆီးခဲ့ရာ ယနေ့အထိ ကား ၁၄၄စီး ဖမ်းဆီးအရေးယူခဲ့သည်။ အဆိုပါ လိုင်စင်မဲ့ကားများအနက် ဇိမ်ခံကား ၉၂ စီးကို မွန်ပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မကြာမီရက်ပိုင်းအတွင်း လေလံတင်ရောင်းချမည်ဖြစ်ကြောင်း၊ ရောင်းချရာမှ ရရှိသည့်ငွေများကို ပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

လွိုင်လင် မေ ၂၃

ရှမ်းပြည်နယ် လွိုင်လင်ခရိုင်အတွင်းရှိ ဒေသအလိုက်အဖွဲ့များ ဖွဲ့စည်း၍ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို မေ ၂၁ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်၊ မြို့နယ်/မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ခရိုင်နှင့် မြို့နယ်/မြို့နယ်ခွဲများမှ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးမှူး ဒေါ်မာမာဝေက ဒေသအလိုက် အဖွဲ့များဖွဲ့စည်း၍ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ မြို့နယ်/မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မိုးလွင်ဦး (လွိုင်လင်)

မွေးနေ့ဆုမွန်

ဒေါက်တာစိန်စိန်အောင် (ပါမောက္ခ၊ ဌာနမှူး၊ မုံရွာတက္ကသိုလ်)၏ မေ ၂၄ရက်တွင် ရောက်ရှိသော မွေးနေ့မှစ၍ ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် လောကီအကျိုးစီးပွား၊ လောကုတ္တရာ တရားထူးများ ရရှိအောင်မြင်ပျော်ရွှင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါ်ကြည်ကြည်အေး (မုံရွာ)
သား-ဒေါက်တာအောင်ဟိဏ်းကျော်

စစ်တွေတက္ကသိုလ်(နယ်မြေဟောင်း)(နယ်မြေသစ်)ပရဝဏ်(အတွင်း/အပြင်)တွင် ပတ်စ်ပို့ဓာတ်ပုံနှင့် အလှဓာတ်ပုံရိုက်ကူးခြင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ **ခေါ်ယူမည့်တင်ဒါ** - စစ်တွေတက္ကသိုလ် (နယ်မြေဟောင်း) (နယ်မြေသစ်) ပရဝဏ်(အတွင်း/အပြင်)တွင် ပတ်စ်ပို့ဓာတ်ပုံ၊ အလှရိုက်ဓာတ်ပုံ
၂။ **တင်ဒါသက်တမ်း** - ၁-၄-၂၀၁၃ရက်မှ ၃၁-၃-၂၀၁၄ရက်အထိ
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စစ်တွေတက္ကသိုလ်၊ စီမံရေးရာဌာနခွဲ
၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်၊နေရာ** - ၂၇-၅-၂၀၁၃ရက် (တနင်္လာနေ့) ၁၆း၀၀နာရီ၊ ပါမောက္ခချုပ်ရုံးခန်း၊ စစ်တွေတက္ကသိုလ်
၅။ အသေးစိတ်အချက်အလက်များကို လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၄၃-၂၂၃၃၈၊ ၀၄၃-၂၂၃၄၀ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဓာတ်ပုံရိုက်လုပ်ငန်းစိစစ်ခွင့်ပြုကြီးကြပ်ရေးအဖွဲ့
စစ်တွေတက္ကသိုလ်

၂၅ နှစ်ပြည့် ငွေရတုမင်္ဂလာဆုတောင်း

ဖေကြီး ဦးအေးကိုကို (ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး)နှင့် **မေကြီး ဒေါ်ခင်စန္ဒာအောင်** (ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး) တို့၏ ၂၄-၅-၂၀၁၃ ကဆုန်လပြည့်နေ့တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဘဝခရီးကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမီးကြီး - ရတနာကိုကို B.E (IT)
သမီးလတ် - ဆုလာဘ်ကိုကို B.Tech 1st Year (Civil)
သမီးငယ် - ထက်မြက်ကိုကို 1st Year (E.Major)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်စီးပွားရေးတက္ကသိုလ်

ကြေညာချက်

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့ပူးပေါင်းပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်စီးပွားရေးတက္ကသိုလ်) အစီအစဉ်ဖြင့် အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **သင်တန်းအမည်** - အာဆီယံ စီးပွားရေးပညာရပ်ကျွမ်းကျင်မှု လက်မှတ်ရသင်တန်း (Certificate in ASEAN Economics Studies- CAES)
၂။ **သင်တန်းအောင်လက်မှတ်** - အာဆီယံစီးပွားရေးပညာရပ်ကျွမ်းကျင်မှုလက်မှတ် (Certificate in ASEAN Economics Studies- CAES)
၃။ **သင်တန်းဝင်ခွင့်အရည်အချင်း** - (က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ ဖြစ်ရမည်။
(ခ) လက်ရှိ ဝန်ထမ်း/စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူ ဖြစ်ရမည်။ လုပ်သက်အတွေ့အကြုံရှိသူများအတွက် ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားမည်။
(ဂ) သင်တန်းကို အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။
၄။ **သင်တန်းသားရွေးချယ်မှု** - အထက်ပါအချက်အလက်များနှင့်ပြည့်စုံပြီး စီးပွားရေးလုပ်ငန်း အတွေ့အကြုံရှိသူများကို ဦးစားပေးရွေးချယ်မည် ဖြစ်သည်။
၅။ **သင်တန်းကာလ** - (၃)လ
၆။ **သင်တန်းချိန်** - ညနေပိုင်း (၁၇း၃၀နာရီမှ ၁၉း၃၀နာရီအထိ)
၇။ **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၂၇-၅-၂၀၁၃ရက်မှ ၃၁-၅-၂၀၁၃ရက်အထိ
၈။ **သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** - ၂၀၁၃ခုနှစ်၊ ဇွန် ၃ ရက် (တနင်္လာနေ့)
၉။ **ဆက်သွယ်ရမည့်လိပ်စာ** - လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)
၁၀။ **အသေးစိတ်အချက်အလက်များကို သိရှိလိုပါက**

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ကမာရွတ်နယ်မြေ) ဖုန်း-၀၁-၅၃၆၄၃၆၊ ကျောင်းသားရေးရာဌာန ဖုန်း-၀၁-၅၈၅၀၇၂၊ လိုင်းခွဲ-၁၁၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အတွင်းရေးမှူး
သင်တန်းကြီးကြပ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါ(Open Tender)လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့(၁၆)၊ မြိတ်မြို့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တံတားတည်ဆောက်ရေးလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော မြစ်ကျောက်စရစ်၊ မြစ်သဲ၊ ဘိလပ်မြေ၊ စက်သုံးဆီ၊ သံချောင်း စသည့်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါ(Open Tender)စနစ်ဖြင့် ပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ လျှောက်လွှာပုံစံများအား ၁၀-၆-၂၀၁၃ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်မှာ ၂၀-၆-၂၀၁၃ရက် မွန်းလွဲ ၂ နာရီဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက တံတားအထူးအဖွဲ့(၁၆)၊ မြိတ်မြို့၊ ကျွဲကူး-ကျောက်ဖျာ တံတားဆောက်လုပ်ရေးဝင်း ဖုန်း-၀၉-၄၂၁၇၂၂၁၈၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါရွေးချယ်ရေးအဖွဲ့
တံတားအထူးအဖွဲ့(၁၆)
မြိတ်မြို့

မောင်ဝဏ္ဏမျိုးအောင်(ခ)ဖိုးလပြည့်
(၂၉)နှစ်ပြည့် မွေးနေ့အမှတ်တရ

ဟယ်လို မေမေ
နေကောင်းတယ်နော်
အဖေရောပဲ
သားလဲဆင်ပြေ
လွမ်းနေသတိရ
ပီသချိုအေး
ဖုန်းသံလေးလဲ
ဆိုတေးမပြည်
မပီဝိုးဝါး
မကြားရတာ
လများနှစ်သို့ တိုင်ခဲ့ပြီ။

ချစ်သောဖေကြီး-မေကြီး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဃ/၈၄၈၇၂ Jialing 90 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းညွှန့် ၉/မရတ(နိုင်)၀၅၁၄၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

အမည်ပြောင်း

ဦးသိန်းမြင့်-ဒေါ်သီတာကျော်တို့၏သမီး ပင်လောင်းမြို့၊ အထက၊စတုတ္ထတန်းအောင်မှ မမြသက်ချယ်အား မအိဖူးယမုံဟု ပြောင်းလဲခေါ်ပါရန်။

မအိဖူးယမုံ

ဖခင်အမည်မှန်

အထက(ရပ်စောက်)၊ ဆဋ္ဌမတန်းအောင်မှ မောင်ဘီမေး(ခ)ထက်နိုင်ဝင်းနှင့် အောင်ပန်းမြို့၊ ကမ္ဘောဇကိုယ်ပိုင်အထက်တန်းကျောင်း၊တက္ကသိုလ်ဝင်တန်းမှ မောင်ဘီဒီးလ်(ခ)မင်းခန့်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးကစ္စနားဗဟာဒူး ၁၃/ရစန(ပြု)၀၀၀၀၂၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(ခွဲ) အလက(၃)၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်သက်ပိုင်စိုး၏ ဖခင်အမည်မှန်မှာ ဦးချစ်ဝင်း MYK-၀၇၇၉၂၅ ဖြစ်ပါကြောင်း။

ဦးချစ်ဝင်း

မိဘအမည်မှန်

ကျိုင်းတုံမြို့၊ အထက(၂)၊ သတ္တမတန်းအောင်မှ စိုင်းလုံယုံး၏ မိဘအမည်မှန်မှာ အိုက်စန် ၁၃/ကတန(နိုင်)၀၉၆၉၀၃ နှင့် နန်းဝန်းလီး ၁၃/ကတန(နိုင်)၀၉၆၂၅၀ ဖြစ်ပါကြောင်း။

အမည်ပြောင်း

မိုင်းပျဉ်းမြို့နယ်၊ တာကော်ကျေးရွာအုပ်စု ဟွေဟင်(၇)မိုင်ကျေးရွာနေ ဦးအိုက်ထွန်း၏သား မောင်စိုင်းဟောင်ခမ်း ၁၃/မပတ(နိုင်)၀၃၇၅၈၇ အား မောင်စိုင်းမွန်းပန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စိုင်းမွန်းပန်**

အမည်ပြောင်း

ကျိုင်းတုံမြို့၊ မြို့သစ်ရပ်ကွက်(၃)နေ ဦးခင်မောင်ညွန့်-ဒေါ်အေးအေးမြင့်တို့၏သမီး မခင်နီနီအား မခင်နီနီဗိုလ် ၁၃/ကတန(နိုင်)၁၁၆၂၉၂ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မခင်နီနီဗိုလ်

ဆောင်းပါး

ကဆုန်ညောင်ရေသွန်းလောင်းလို့ မြန်မာပြည်တစ်ခွင်အေးစေကြောင်း မေတ္တာဝေဆုမွန်တောင်း

ဒေါက်တာဆုမြတ်ရွှေစင်(နည်းပညာ)

စာရေးသူတို့ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများသုံးစွဲသော ဇန်နဝါရီလအစ ဒီဇင်ဘာလအဆုံး ကမ္ဘာသုံးပြက္ခဒိန်အပြင် တန်ခူးလမှစ၍ တပေါင်းလအဆုံး "မြန်မာ့ဆယ့်နှစ်လရာသီပြက္ခဒိန်ကိုလည်း ဘိုးဘေးစဉ်ဆက် ယနေ့ထက်တိုင် မြတ်မြတ်နိုးနိုး သုံးစွဲကြပါသည်။ ထိုမြန်မာ့ပြက္ခဒိန် ဆယ့်နှစ်လရာသီလုံးလုံး ရိုးရာဓလေ့ယဉ်ကျေးမှု ပွဲတော်များ၊ ဘာသာရေးပွဲတော်များ ကျင်းပကြသည်။ ထိုပွဲတော်များတွင် ကဆုန်ညောင်ရေသွန်းပွဲတော်လည်း ပါဝင်ပေသည်။

ဆယ့်နှစ်လရာသီအစ တန်ခူးလတွင် "တာသင်္ကြန်" နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာ ကျင်းပကြသကဲ့သို့ ဒုတိယလဖြစ်သော ကဆုန်လတွင် ကဆုန်လပြည့်နေ့၌ "ကဆုန်ညောင်ရေသွန်းပွဲတော်"ကို စည်ကားစွာ ကျင်းပကြပါသည်။ နွေနှောင်းကာလ ကဆုန်လသည် နွေဦးထက် အပူချိန်ပိုပြင်းလေသည်။ "ကဆုန်နယုန် ဆွေ့ဆွေ့ခုန်"ဟူ၍ပင် ဆိုကြလေသည်။ ထို့ကြောင့် ကဆုန်လကို ရေပြတ်သောလဟုလည်း ပြောဆိုကြပါသည်။ ထိုသို့သောအခါသမယ ကဆုန်လတွင် ကဆုန်လပြည့်နေ့၌ ဗုဒ္ဓဂေါတမ မြတ်စွာဘုရားပွင့်တော်မူရာ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ ဗောဓိညောင်ပင်၏ ဆင့်ပွားဗောဓိပင်များကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးများက ရေသန့်၊ ရေစင်များဖြင့် သွန်းလောင်းသော ကဆုန်ညောင်ရေသွန်းပွဲတော်ကို စည်ကားစွာဆင်နွှဲကြပါသည်။

ကဆုန်လသည် "ဝိသာခါနက္ခတ်နှင့်စန္ဒာငွေလ"တို့ စန်းယှဉ်သောလဖြစ်လေသည်။ "ပြိဿရာသီ" ဟုလည်းခေါ်ဆိုကြသည်။ ရာသီပန်းအနေဖြင့် စကားပန်းပွင့်သော ရာသီဖြစ်ပေသည်။ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်စဉ်ဗုဒ္ဓဝင်တွင် ထူးခြားမြင့်မြတ်သည့်နေ့ရက် ဖြစ်လေသည်။ "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း" ဆိုသည်နှင့်အညီ ကဆုန်လပြည့်နေ့သည် ဂေါတမမြတ်စွာဘုရား၏ ဗျာဒိတ်ခံယူသောနေ့၊ ဖွားမြင်သောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့တို့ ဖြစ်သဖြင့် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓဘာသာ မြန်မာတို့က နေ့ထူးနေ့မြတ် "ဗုဒ္ဓနေ့" အဖြစ်သတ်မှတ်ကြပါသည်။ ဗုဒ္ဓလောင်းလျာသည် ဒုက္ကရစရိယာအပြင်းအထန်ကျင့်ကြံ အားထုတ်ပြီးနောက်အစွန်းတရားနှစ်ဖက်လွတ်သည့် "မဇ္ဈိမပဋိပဒါ" အလယ်အလတ်လမ်းစဉ်ကိုသာ ကျင့်မည်ဟု တရားဆင်ခြင်ခဲ့သည်။ ဂေါတမသည် ရေချိုးသန့်စင်ပြီး သုဇာတသတို့သမီး လှူဒါန်းသော ဃာနာနို့ဆွမ်းကို ဘုဉ်းပေးပြီးနောက် ညောင်ပင်ရင်းတွင်ထိုင်ကာ တရားရှုမှတ်ပွားများရာမှ "သဗ္ဗညုတရွှေဉာဏ်တော်"ကို ရရှိခဲ့လေသည်။ ပထမမူလ ထိုသစ်ပင်သည် ညောင်ပင်သာဖြစ်သည်။ မြတ်စွာဘုရား ဗောဓိပက္ခိယတရားများကို ရရှိအောင်မြင်ခဲ့သဖြင့် ထိုညောင်ပင်ကို ဗောဓိပင်၊ ဗောဓိညောင်ပင်ဟု ခေါ်ဆိုခဲ့လေသည်။

ဗုဒ္ဓမြတ်စွာဘုရား ရှင်သည် လောကသုံးပါးတွင်အတုမရှိ အနှိုင်းမဲ့ ဗုဒ္ဓအဖြစ် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့တွင် ပွင့်တော်မူခဲ့သည်။ သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရ၍ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူခဲ့သည်။ ဗုဒ္ဓမြတ်ဘုရားသည် မဟာကရုဏာဖြင့် သတ္တဝါအပေါင်းအား လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးငှာ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့ပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုခါနီးအချိန်တွင် ရှင်အာနန္ဒာက "မြတ်စွာဘုရားရှင်တော်မရှိသည့်အခါ မည်သည်ကို ကိုးကွယ်ရပါမည်နည်း"ဟု မြတ်စွာဘုရားအား လျှောက်ထားခဲ့လေသည်။ ထိုအခါ မြတ်စွာဘုရားက "ငါဘုရားမရှိလျှင် ငါဘုရားပွင့်တော်မူခဲ့ရာ ဗောဓိပင်ကို ငါဘုရားကဲ့သို့ပင် ကိုးကွယ်ပူဇော်ပါ"ဟု မိန့်ကြားတော်မူခဲ့ကြောင်း ဆရာတော်ကြီးများ ဟောဖော်ညွှန်ပြခဲ့သည်ကို ဖတ်ရှုနာကြားခဲ့ရပါသည်။ မဟာဗောဓိပင်သည် မြတ်ဗုဒ္ဓနှင့် ဖွားဖက်တော် ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့်အပြင် ဗောဓိဉာဏ်ကိုရရန် အားထုတ်တော်မူရာ၌ အမှီပြုတော်မူသော အပင်ဖြစ်၍ ပရိဘောဂစေတီ ဖြစ်တော်မူပေသည်။

ထိုသို့ ပရိဘောဂစေတီ ထိုက်တော်မူသော ဗောဓိညောင်ပင်ကို မြတ်စွာဘုရား၏ မွေးနေ့ဖြစ်သော ကဆုန်လပြည့်နေ့တွင် မြတ်စွာဘုရားအား အောက်မေ့သတိရသောအားဖြင့် လည်းကောင်း၊ မြတ်စွာဘုရား၏ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ဂုဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ၊ ကျေးဇူးတော်အနန္တတို့အား ရည်မှန်းပူဇော်၍ လည်းကောင်း၊ ဗုဒ္ဓဘာသာသာသနာ ရောင်ဝါထွန်းစေလိုသော အားဖြင့်လည်းကောင်း၊ ပရိဘောဂစေတီ ထိုက်တော်မူသော မဟာဗောဓိညောင်ပင်ကို ရေစင်ရေအေးနံ့သာမွှေးတို့ဖြင့် သွန်းလောင်းကြလေသည်။

ညောင်ရေသွန်း ပွဲတော်သည် ကောင်းမြတ်သော ဘာသာရေးပွဲတော်တစ်ရပ်ဖြစ်လေသည်။ ညောင်ရေသွန်းပွဲတော်ကို ရှေးမြန်မာမင်းများလက်ထက် (ပုဂံခေတ်၊ ပင်းယခေတ်)မှပင် စတင်ကျင်းပလာခဲ့လေသည်။ ယခုခေတ်တွင်လည်း နိုင်ငံတော်အစိုးရအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ကျောင်းသူကျောင်းသားများ၊ ဝတ်အသင်းအဖွဲ့များအလိုက် ညောင်ရေသွန်းပွဲတော်ကို စည်ကားစွာ ကျင်းပကြပါသည်။

ကဆုန်လပြည့် "ဗုဒ္ဓနေ့" ၌ ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပရုံမျှမက ဘုရားများ၊ ဘုန်းကြီးကျောင်းများ၊ ဓမ္မာရုံများ၌ ဆရာတော် သံဃာတော်များက "ဗုဒ္ဓအခါတော်နေ့" တရားများဟောကြားခြင်း၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ရှင်ပြုရဟန်းခံမင်္ဂလာပြုခြင်း၊ သီလရှင်ဝတ်ပွဲများ ကျင်းပခြင်း၊ တရားပွဲများပြုလုပ်၍ တရားနာခြင်း၊ ဝိပဿနာတရားကျင့်ကြံပွားများ အားထုတ်ခြင်းတို့ကို ပြုလုပ်ကြပါသည်။

ရှေးအခါကပင် အိမ်သူသက်ထား၊ ဇနီးသည်များသည် လည်းကောင်း၊ ပျိုမျစ်နုနယ်ချစ်စဖွယ် သမီးကညာများသည် လည်းကောင်း၊ မိမိတို့အရေးကိစ္စ၊ ချစ်သူခင်သူများ၏ အရေးကိစ္စ၊ ခင်ပွန်း၊ သမီး၊ သား၊ မိသားစုများ၏ အရေးကိစ္စ၊ ပညာရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေး၊ နိုင်ငံတော်အရေးကိစ္စ မှန်သမျှကို အောင်ပါစေကြောင်း ဆုမွန်တောင်းကြရာဝယ်"အောင်ပါစေ သပြေပန်းနဲ့ ရေချမ်းကိုလောင်း၊ သွန်းလောင်းညောင်ရေ အားလုံးအောင်ပါစေ၊ သွန်းလောင်းညောင်ရေ အားလုံးအောင်ကြစေ" ဟူ၍ အောင်သပြေနှင့် ညောင်ရေသွန်းလောင်းကာ ဆုတောင်းကြပါသည်။ ရှေးစာဆိုတစ်ဦးကလည်း

"သပြေပန်းနဲ့ သွန်းလောင်းညောင်ရေ အောင်မြင်စေဟု၊ အောင်ကြောင်းပြုသည်"ဟူ၍ စပ်ဆိုခဲ့သည်။

ထို့ကြောင့် ယခုလာမည့် ကဆုန်လပြည့်နေ့ "ဗုဒ္ဓနေ့"တွင် ကဆုန်ညောင်ရေသွန်းရာ၌ပရိဘောဂ စေတီတော် ဖြစ်တော်မူသော မဟာဗောဓိပင် လန်းဆန်းသက်ရှည် ခက်လက်ဝေဖြာသကဲ့သို့ "ကျွန်ုပ်တို့သည်လည်း၊ သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ၊ လိုရာဆန္ဒပြည့် ရပါစေ။ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းနှင့်တကွ ကမ္ဘာသူ ကမ္ဘာသားအားလုံး သဘာဝဘေးအန္တရာယ်များမှ ကင်းဝေးကာ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။ မြန်မာနိုင်ငံအတွင်း ပဋိပက္ခများ ချုပ်ငြိမ်း၍ ထာဝရငြိမ်းချမ်းကာ အေးချမ်းသာယာပါစေ။ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးသည် နှစ်ပေါင်းမြားမြောင် ရှည်မြင့်ကြာအောင် တည်တံ့ပါစေ"ဟူ၍ ဆုမွန်ပတ္ထနာဖြင့် မေတ္တာဝေဆုတောင်းလို့ ကဆုန်ညောင်ရေ သွန်းလောင်းကြပါစို့ဟူ၍ တိုက်တွန်းရေးသားလိုက်ရပါသည်။ "သက်ရှည်ကျန်းမာ စိတ်ချမ်းသာလိုရာဆန္ဒပြည့်ဝကြပါစေ။"

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ ကြေညာခြင်း

၁။ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ၂၀၁၃ခုနှစ် မေ ၈ရက်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၅၇၀/၂၀၁၃-၂၀၁၄ ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

၂။ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အများပြည်သူ ပါဝင်နိုင်စေရန်အတွက် အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်း(၁၀၀၀၀ိ/-)သတ်မှတ်ထားပြီး အများပြည်သူ၏ အစုရှယ်ယာများကို မကြာမီကာလအတွင်း ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့

ညြဂ်နှစ်သစ်မွေး
စိုက်နည်း၊ ပျိုးနည်း
စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
ပျိုးပင်များ လိုသလောက်မှာနိုင်ပါပေးနေပါသည်။
ဝင်းသစ်မွေး 09-5117226

OASIS
ချောင်းသာ(စား/တည်းငြိမ်း)
သောကြာညထွက် တနင်္လာနံနက်ရောက်
ရုံးခွင့်ယူရန်မလို
Ph:09-5038616, 09-73242469
09-73103031

ကိုရီးယားတွင်အလုပ်
လုပ်ကိုင်လိုသူများဖြေဆိုရမည့်
EPS (TOPIK)
EPS(TOPIK)စာမေးပွဲများတွင် အောင်မြင်မှုများရခဲ့သောဆရာမ ဒေါ်ခင်ယုယုစမ်းကိုယ်တိုင် အခြေခံမှ မေးခွန်း၂၀၀၀ စာမေးပွဲကိုအောင်မြင်စွာ ဖြေနိုင်သည်အထိစနစ်တကျလေ့ကျင့် သင်ကြားပေးမည်။ Basic တန်းခွဲစပြီ။
EVER TOP
ဘာသာစကားသင်တန်းကျောင်း
အမှတ်(၆၆/၆ဂ)၊ ၅လွှာ၊ အင်းစိန်လမ်း၊ ကမာရွတ်
(စံရိပ်ငြိမ်မှတ်တိုင်၊ လှည်းတန်းအနီး)
Ph:098770096,0973040610

စာအုပ်စာပေ
လှူမိတ်ဆွေ

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၂ဃ/၄၂၁၈ Toyota Hilux surf ယာဉ်လက်ဝယ်ရှိသူ ဦးသူရဇော် ၁၄/ပေတ(နိုင်)၀၀၃၃၀၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး (တာချီလိတ်)

ရောင်းမည်/ကားနှင့်လဲမည်
မြေတူးစက် - KOMATSU - Pc 200-D-5
မြေထိုးစက် - KOMATSU- D-60-3
မြေထိုးစက် - KOMATSU-D-40
ဖုန်း-၀၉-၄၄၄၀၄၁၈၈၄၊
၀၉-၄၇၀၆၃၃၄၅

အမည်ပြောင်း
တောင်ကြီးမြို့၊ အထက(၆) နဝမတန်းအောင်မှ မေသန္တာအား ယနေ့မှစ၍ မယော်ဖာရှင်ဟု ပြောင်းလဲခေါ်ပါရန်။ မယော်ဖာရှင်

အမည်ပြောင်း
အထက(၂)၊ သင်္ဃန်းကျွန်း ဒုတိယတန်း (A)မှ ဦးအုန်းဖေ၏သမီး မသင်းထက်ထက်အောင်အား မနှင်းထက်မြတ်ဟု ပြောင်းလဲခေါ်ပါရန်။
မနှင်းထက်မြတ်

အမည်မှန်
ဦးတင်ဝင်းထိုက်၏သား မောင်ဘုန်းခန့် (Crane International School) အမည်မှန်မှာ မောင်ဘုန်းပိုင်သ(ခ)ပီတာ ဖြစ်ပါသည်။

အမည်ပြောင်း
ကချင်ပြည်နယ် ရွှေကူမြို့နေ ဦးထက်အောင်ဉာဏ်၏သား အထက(၁) ပဥ္စမတန်း(က)နေ မောင်ဟိန်းထွဋ်လင်းအား မောင်သီဟကျော်သူဟု ပြောင်းလဲခေါ်ပါရန်။
မောင်သီဟကျော်သူ

ဖခင်အမည်မှန်
အထက(၅)၊ ကမာရွတ်၊ အဋ္ဌမတန်း (E)မှ မနန်းဟွမ်လင်း၏ ဖခင်အမည်မှန်မှာ ဦးမူးလိန် ၁/မစန(နိုင်)၀၁၆၇၇၃ ဖြစ်ပါကြောင်း။

'အရွယ်ရောက်သူတိုင်းအတွက်ယာဉ်မောင်းကျွမ်းကျင်မှုသင်တန်း'
Course in driving skills for all adults.
၂၀၁၃-ခု၊ အပါတ်စဉ်(၈) ဇွန်လ (၁) ရက်နေ့ဖွင့်မည်။
ကောင်းဝေ
KAUNG WAI
(ယာဉ်မောင်းစက်ပြင်ထိန်းသိမ်းသင်တန်း)
အမှတ်၇၃၊ သုဓမ္မာလမ်းမကြီး(၂)ရပ်ကွက်၊ (ဘုန်းကြီးလမ်းအနီး)၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၄၃၁၉၂၁၃၉၊ ၀၉-၄၃၁၃၉၀၆၅၊ ၀၉-၄၃၁၅၅၇၉၀၊
၀၉-၄၃၁၅၇၁၉၀၊ ၀၉-၅၁၄၀၁၀၃၊ ၀၉-၇၃၂၁၃၄၁၆
သင်တန်းခွဲ-အမှတ်-၁၀၈/၂၊ သံသုမာလမ်းမကြီး၊ ၁၄/၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၅၇၂၈၃၁၊ ၀၉-၄၃၁၉၂၁၃၈၊ ၀၉-၄၃၁၉၂၁၄၀
(နည်းပြဆရာ၊ ဆရာမများအား အိမ်ကားဖြင့် ခေါ်ယူသင်ကြားလိုပါက သီးခြားစီစဉ်ပေးပါမည်။)

မိဘအမည်မှန်
တောင်ကြီးမြို့၊ အထက(၆)၊ နဝမတန်းအောင်မှ မယော်ဖာရှင်၏ မိဘအမည်မှန်မှာ ဦးရော်ရွှေမြင့်(ခ)ယော်ရှယ်မြင့်နှင့် ဒေါ်ဂျိန်ဂျောင်ဆူ ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်
တောင်ကြီးမြို့၊ အထက(၆)၊ နဝမတန်းအောင်မှ မယော်ဖာရှင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁၁-၁၉၉၄ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း
ယာဉ်အမှတ် ၆ဃ/၂၂၈၂၃၊ ယာဉ်အမျိုးအစား SHIHUAI Dream ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအေးကို ၁၃/ကဟန(နိုင်)၀၀၂၁၁၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(လွိုင်လင်)

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁ဃ/၅၅၉၃၂ ယာဉ်လက်ဝယ်ရှိသူ ဦးစန်းအောင် ၁/မညန(နိုင်)၀၃၆၁၅၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မိုးညှင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၈) မြေကွက်အမှတ်-၁၂၂၄၊ အကျယ်အဝန်း (၄၀ ပေ × ၆၀ ပေ)ရှိ ဒေါ်မြင့်မြင့်စိန် (MDYNW-၀၀၉၈၄၀) အမည်ဖြင့် ရရှိထားသော ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဒေါ်မျိုးမင်းထွန်းလှကြင် (၁၂/ ဗတထ (နိုင်) ၀၀၁၄၁၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။
သို့ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဝင်းနိုင် (LL.B) ဒေါ်ဝတ်ရည်ထွန်း (LL.B,LL.M)
ဒေါ်သွယ်သွယ်စေ (LL.B,LL.M) ဦးနိုင်လင်းထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ
Win & Associates Legal Practitioner Group
(၈၃/အခန်း-၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၇၈၇၉၊ ၀၉- ၅၁၄၃၁၇၃၊ ၀၉- ၅၀၃၅၄၇၆၊ ၀၉- ၇၃၀၄၅၁၆၅၊ P.C No.11182

သဘာဝစိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း အောင်မြင်မှု ဖွင့်ပွဲကျင်းပ

ကလေး မေ ၂၃

ကလေးမြို့နယ် နတ်ချောင်းကျေးရွာအုပ်စု ရေစိုကျေးရွာ သဘာဝစိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းအောင်မြင်မှု ဖွင့်ပွဲအခမ်းအနားကို မေ ၁၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျေးရွာရှိ ဖွင့်ပွဲမုခ်ဦးရှေ့၌ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးနိုထန်ကပ် တက်ရောက်အမှာစကားပြောကြားပြီး ရေစိုကျေးရွာ ရေရရှိရေးကော်မတီဥက္ကဋ္ဌ ဦးဖွန်ဟရဲက ကျေးရွာပြည်သူများအားလုံး သောက်သုံးရန် သဘာဝစိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းအောင်မြင်မှုအတွက် ပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ချင်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ကျေးရွာတာဝန်ခံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းထွန်းက ရေဘားကိုဖွင့်လှစ်ပေးပြီး ရွာလုံးကျွတ် အိမ်တိုင်ရာရောက် ရေလွှတ်ပေးလိုက်သည်။

သဘာဝစိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းကို ချင်းပြည်နယ် ပန်းမွန်ချောင်းကျေးရွာ လယ်ပိုင်ရှင် ဒေါ်မြင့်၏လယ်မှ ပလတ်စတစ်ပိုက်လုံးများဖြင့် အရှည်ပေ ၃၃၅၀ သွယ်တန်းခြင်းဖြစ်ပြီး ရေတိုင်ငါးတိုင်ပြုလုပ်ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၅ ဒသမ ၅ သိန်း အကုန်အကျခံကာ သွယ်ယူပေးခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)ဂျူနိုင်း

မိုဘိုင်းဖုန်းဆင်းကတ် ရမည်းသင်း၌ ခွဲတမ်း ၁၈၀၀ ရရှိ

ရမည်းသင်း မေ ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် မေလအတွက် ဆင်းကတ်ခွဲတမ်းသည် ၁၈၀၀ ဖြစ်ပြီး ဖုန်းလျှောက်လွှာများကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၁ အုပ်စုနှင့် ဌာနဆိုင်ရာခွဲတမ်းများကို ခွဲဝေပေးခဲ့သည်။ ပြီးခဲ့သည့် ဧပြီလက ဆင်းကတ် ၁၃၀၀ သာရရှိခဲ့ပြီး ယခုမေလတွင် ဆင်းကတ် ၁၈၀၀ ရရှိသဖြင့် ဆင်းကတ် ၅၀၀ တိုးတက်ရရှိလာခြင်း ဖြစ်ကြောင်း သိရသည်။

ဇော်ဝင်းအောင်

လှိုင်လင်ရေကန်အနီး၌ လူသေအလောင်း တွေ့ရှိ

လှိုင်လင် မေ ၂၃

လှိုင်လင်မြို့ အမှတ်(၁)ရပ်ကွက် မြကန်သာ ရေကန်အနီး ကန်စပ်ကုန်းပေါ်၌ မေ ၂၀ရက် ညနေ ၆ နာရီ မိနစ် ၅၀က ကွတ်ချိုးကျေးရွာနေ ဦးဆူနီ၊ဦးမောင်အေးနှင့်ဦးဆန်းဖေတို့ သုံးဦးသည် ငါးမျှားရန် ရောက်ရှိလာစဉ်လူတစ်ဦးတည်းသာ သွားလာ၍ရသောကျဉ်းမြောင်းသော လမ်းပေါ်၌ အသက်၃၀ ခန့်အမျိုးသားတစ်ဦး သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ မြို့နယ်ရဲစခန်း စခန်းမှူး ရဲအုပ်ကျော်မျိုးထက် တာဝန်ထမ်းဆောင်စဉ် လာရောက်တိုင်တန်းသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊စခန်းမှူးနှင့်ရဲတပ်ဖွဲ့ဝင်များသည် အသိ သက်သေများနှင့်အတူအခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ အမည်မသိ အမျိုးသားတစ်ဦး ပက်လက်အနေအထားဖြင့် သေဆုံးပြီး ခန္ဓာကိုယ်အပေါ်ပိုင်း၌ အကျီမပါ၊ ခန္ဓာကိုယ်အောက်ပိုင်းတွင် အညိုရောင်ရှမ်းဘောင်းဘီ ဝတ်ဆင်ထားကြောင်း စစ်ဆေးတွေ့ရှိရသည်။ သေဆုံးသူအား ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် ရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

မိုးလွင်ဦး(လှိုင်လင်)

ပြည်တွင်းသတင်းနှင့်မှုခင်း

ငွေကျပ်သိန်း ၈၆၀ တန်ဖိုးရှိ ဘိန်းစိမ်း၊ ဘိန်းဖြူ ဖမ်းဆီးရမိ

သီပေါ မေ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုး မူးယစ်(အထူး)တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မေ ၁၀ရက် နံနက် ၉ နာရီခွဲက လားရှိုးမူးယစ်အထူးအဖွဲ့နှင့် မိုင်းယော်ရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ လားရှိုးမြို့နယ် နောင်ဝိုးကျေးရွာအုပ်စု နောင်ကျန်ကျေးရွာနေ လောက်ရှီး၏ နေအိမ်တွင် မူးယစ်ဆေးဝါးများ သိုလှောင်ပြီး သုံးစွဲရောင်းချနေကြောင်း သတင်းရရှိသဖြင့် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ မှိုင်းကိုင်စက္ကူဖြင့် ထုပ်ထားသော အလေးချိန်၇၈ ကီလိုဂရမ်ရှိ ဘိန်းစိမ်း ၃၁ထုပ် တန်ဖိုးငွေကျပ် ၆၂၄သိန်းကိုလည်းကောင်း၊ ရောင်စုံဆပ်ပြာခွက် ၆၆ ခွက်အတွင်းမှ ဘိန်းဖြူ အလေးချိန် ၈၀၃ဂရမ် တန်ဖိုး ငွေကျပ်၁၅၂သိန်းကိုလည်းကောင်း၊ အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇ပြားပါ တစ်ထုပ်၊ (88)နှင့်(1)စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ် ဆေးပြား၂၀၀ပါ အထုပ်၂၀၊ ၁၁၀ ပြားပါ တစ်ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ် ဆေးပြား ၄၂၃၅ပြား၊ အလေးချိန်၃၀၁ဒသမ ၁၅ ဂရမ်၊ တန်ဖိုးငွေကျပ် ၈၄ သိန်း စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၈၆၀ တို့ကို တွေ့ရှိသိမ်းဆည်း ရမိသဖြင့် လောက်ရှီး (၅၅ နှစ်)နောင်ကျန့်ကျေးရွာ လားရှိုးမြို့နယ်နေသူကို လားရှိုးအမှတ်(၂) ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၇၂)

အလင်းသစ်စာပေတိုက်မှ ထုတ်လုပ်ဖြန့်ချိသည်၊
လော့ဂရမ်သမ်ဇယားများနှင့်အတူ လော့ဂရမ်သမ်၏ အဓိပ္ပာယ်၊ ဂုဏ်သတ္တိ၊ သဘောတရားများကို နားလည်စေရန်နှင့် လော့ဂရမ်သမ်ဇယားများအား လွယ်ကူစနစ်ကျစွာ အသုံးပြုတတ်စေရန် နည်းလမ်းကောင်းများကို ဖော်ပြထားသော ...
အလင်းသစ်စာပေ
အလင်းသစ်လော့ဂရမ်သမ်
အလင်းသစ်စာတည်းအဖွဲ့
ဆိုင်များတွင်ရပြီ
အလင်းသစ်စာပေတိုက် ၊ ဖုန်း-၀၉ ၅၄၀၀၃၀၂၊ ၀၉ ၈၇၀၃၈၄၈

ပြင်ဆင်ဖတ်ရှုပါရန်

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၃၊ မြေကွက်အမှတ် ၂၃၇၆ အမည်ပေါက် ဦးလှကြည် TTE-၀၃၁၂၄၄ က မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဆရာကောင်းမှ တပည့်ကောင်းမည်

မူလတန်း၊ အထက်တန်းကျောင်း

- **ရည်ရွယ်ချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက် တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီး ဖြစ်သည်ဟု ယုံကြည်သည်။
- **အခြေခံမူကြီးများ** စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ စည်းကမ်း ကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။
- **ကျောင်းမှန်မှန်တက် စာမခက်** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့်ဆရာ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိကြပြီးဖြစ်၍ ကျောင်းသူကျောင်းသားများသည် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။
- **ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။
- **ဝိဇ္ဇာပညာသင်ဆု** နဝမတန်းနှင့် ဒသမတန်းတွင် (ပထဝီ၊ ဘောဂ၊ သမိုင်း)ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

ခြံအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ သုဝဏ္ဏ။ Ph : 01-577605

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၉/၀၁၀

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

ဦးစီးတည်ထောင်သော

ပညာနန်းတော် အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

အထူးအဆင့်မြင့်ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း

ကန့်သတ်လူဦးရေပြည့်သွားပါသဖြင့် လက်မခံတော့ပါ။

၂၀၁၄-၁၅ ပညာသင်နှစ်အတွက် ကြိုတင်စာရင်းသွင်းနိုင်ပါသည်။

စေတနာကောင်းမှ ပညာရေးကောင်းမည်

မူလတန်း၊ အထက်တန်းကျောင်း

- ကျူရှင်လောက်ပင်ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးကို နိုင်ငံကျော် ဆရာ၊ ဆရာမကြီးများက ဂုဏ်ယူစွာ သင်ကြားပေးသည်။

အတန်း	ကျောင်းချိန်	ကျောင်းလခ	ဝင်ကြေး
မူလတန်း	ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ	၃၅၀၀၀	၂၀၀၀၀
၅ တန်း	ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ	၃၅၀၀၀	။
၆ တန်း	။	၃၅၀၀၀	။
၇ တန်း	။	၃၅၀၀၀	။
၈ တန်း	။	၄၀၀၀၀	။
၉ တန်း	နံနက် ၆း၄၅ မှ ၁၁း၄၅ နာရီ	၄၅၀၀၀	။
၁၀ တန်း	။	၅၅၀၀၀	။

- လူဦးရေ ကန့်သတ်ထားခြင်းကြောင့် ကြိုတင်အပ်နှံမှ စိတ်ချရပါမည်။ (ကျောင်းပြောင်း လက်မှတ်ကို နောက်လမှပေးပါ)
- အဆောင်မှူး ဘွဲ့ရ ဆရာ၊ ဆရာမများ အလိုရှိသည်။

ဇွန် ၆ ရက် ဖွင့်မည်

A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်။ Ph : 09 730 36827

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၁၀၉၆)၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအကျယ်(၄၀ပေ × ၆၀ပေ)မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နှစ်(၆၀)ဂရမ်အမည်ပေါက် ဦးမြင့်စိန်၏ဇနီးဒေါ်ခင်အေးဝင်းထံမှ မှတ်ပုံတင်စာချုပ်(၉၇၉/၂၀၁၂)ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသော ဒေါ်သောင်းသောင်းဖြူ (၁၂/ဥကတ(နိုင်)၁၃၇၄၈၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် တန်ဖိုးငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် စာချုပ်စာတမ်း အထောက်အထား (မူရင်း)များနှင့်အတူ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်သန်း	ဒေါ်ရှောစုအောင် (LLB, DBL)
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၁၀)	အထက်တန်းရှေ့နေ(စဉ်-၂၅၀၂၅)

အမှတ်(၈၈၈)၊ ဓမ္မာကျောင်းလမ်း၊(ည)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း- ၀၁-၆၉၁၆၉၃၊ ၀၁-၇၀၄၅၄၉

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နီဗွာန်လမ်း၊
အမှတ်(၅၀) ၁၄ပေ×ပေ၆၀ (လေးထပ်)(ဇယား-B)
ဒေါ်သူဇာသန်းပိုင်ဆိုင်သည့်(RC)တိုက်ခန်းနှင့်အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍

အများသိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအား ဒေါ်သူဇာသန်း ၁၂/ကမတ(နိုင်)၀၁၀၁၈၉ထံမှ ဝယ်ယူရန်အတွက် **ဇလွန်မြို့နယ်အသင်း(ရန်ကုန်)**မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်ပါက ဖော်ပြပါတိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခိုင်ဌေး (LL.B,DBL,DIL)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၈၇၊ ဈေးကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၅၈၈၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ် ၃၁၊ မြေကွက်အမှတ် (၈၅၀/က)၊ လှိုင်စံပယ်လမ်းရှိ အကျယ်အဝန်း ပေ(၁၈×၆၀)ရှိ ဦးအောင်မင်း အမည်ပေါက် နှစ် ၆၀မြေငှားဂရန် အိမ်နှင့်မြေကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် ဦးကျော်ကျော်သန်း ၁၂/ဗတထ(နိုင်)၀၃၄၂၁၈က မိမိသာတရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာ ၆/ထဝန(နိုင်)၀၁၁၅၂၆က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူများ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်သီတာ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ထွန်း LLB., LLM	ဒေါ်မြင့်မြင့်သန်း LL.B
(မဟာဥပဒေဘွဲ့) (စဉ်-၇၇၀၉)	(စဉ်-၈၄၈၉)

တရားလွှတ်တော်ရှေ့နေများ
အမှတ် (၆)၊ ပြည်ထောင်စုလမ်းမကြီး၊ ၂၄ရပ်ကွက်၊ ဒဂုံတောင်တရားရုံးရှေ့၊
ဖုန်း-၀၉-၄၉၂၅၅၆၀၇

ကြော်ငြာ

ပြင်ဆင်မှုကိုချိန်းဆိုသည့်ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ အကြောင်းကြားစာ

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၃ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၄

ဦးအောင်ကြည်နိုင်	နှင့်	၁။ ကိုချစ်ဦးမောင်
		၂။ ဦးဝင်းသန်း
		၃။ ဒေါ်လဲ့လဲ့ဝင်း
လျှောက်ထားသူ		**လျှောက်ထားခံရသူများ**

ကြို့ပင်ကောက်မြို့၊ မြရတနာလမ်း၊ ဈေးချိုတောင်ရပ်ကွက်နေ ဦးဝင်းသန်း၊ ဒေါ်လဲ့လဲ့ဝင်း (ယခုနေရပ်လိပ်စာမသိသူ) လျှောက်ထားခံရသူအမှတ်(၂)၊ (၃)သိစေရမည်။

ပြင်ဆင်မှုလျှောက်ထားသူက သာယာဝတီခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ်-၂၃/၂၀၁၂၏၂၀၁၂ခုနှစ်၊ နိုဝင်ဘာ(၂၉)ရက်စွဲပါ အမိန့်အပေါ်ပြင်ဆင်မှုတင်သွင်းရာ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီးဖြစ်၍ ဤပြင်ဆင်မှုကို ၂၀၁၃ခုနှစ်၊ ဇွန် ၃ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ရက်) နံနက်၁၀ နာရီတွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုပြီးဖြစ်ကြောင်း အကြောင်းကြားပါသည်။ အဆိုပါလျှောက်ထားမှုနှင့်စပ်လျဉ်း၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား တရားလွှတ်တော်ရှေ့နေကဖြစ်စေ (သို့မဟုတ်)သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရအာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့လာရောက်ရန်နှင့် မလာရောက်ခဲ့လျှင် သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ အမှုစီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် မေ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

ယဉ်ယဉ်ဟန်
လက်ထောက်ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုခဥပဒေပုဒ်မ-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၄

ဦးသန်းဇော်ထွန်း	နှင့်	ဒေါ်ဥမ္မာသန်း
အမှတ် ၃၀၊ သုမင်္ဂလာလမ်း၊		အမှတ် ၆၄၊ ဈေးကြီးလမ်း၊
သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊		ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်
ရန်ကုန်မြို့။		မြို့နယ်၊ ရန်ကုန်မြို့၊ (ယခုနေရပ်လိပ်စာမသိ)
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ဈေးကြီးလမ်း၊ အမှတ် ၆၄ နေ ဒေါ်ဥမ္မာသန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ဈေးကြီးလမ်း၊ အမှတ် ၆၄ ဟုခေါ်တွင်သော ငါးထပ်တိုက်၊ ညာဘက်ငါးလွှာ၊ အလျား ၂၅ ပေ×အနံ ၅၈ ပေအကျယ်ရှိတိုက်ခန်းအား လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးစကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၃ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ရက်) နံနက် ၉:၃၀ နာရီတွင် အထက်က အမည်ပါရေးသားပါရှိသူသည် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။

၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်ရမည်။

၂၀၁၃ ခုနှစ် မေ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းဝင်း
ဒုတိယခရိုင်တရားသူကြီး(၁)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ထားဝယ်ခရိုင်တရားမရုံးတော်၌
၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂

ဒေါ်နီနီခိုင်(ခ)မီးမီး	နှင့်	ဒေါ်သန်းစိန်
ဒီကရီအနိုင်ရသူ		တရားရှုံး

ဒေါ်သန်းစိန်၊ ကျောက်ပုံရွာ၊ သကျက်တောကျေးရွာအုပ်စု၊ လောင်းလုံးမြို့နယ်၊ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဘက်က လျှောက်သည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ ဇွန်လ ၃ရက် (၁၃၇၅ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၃ခုနှစ်၊ မေလ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(သိန်းဝင်း)
ဒုတိယခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

အများသိစေရန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ရှမ်းကုန်းကျေးရွာအုပ်စု စီပင်ကုန်းရွာနေ ကျွန်တော် မောင်ဆန်းလွင်(ခ)ကိုမောင်မောင်(ဘ)ဦးသောင်း ၇/မလန(နိုင်) ၀၇၈၈၁၅ နှင့်မင်းလှမြို့နယ် သင်တောရိုးကျေးရွာအုပ်စု သင်တောရိုးရွာနေ မအိမွန်ကျော်(ဘ) ဦးတင်ဝင်းတို့သည် ၂၄-၄-၂၀၁၀ရက်တွင် ရှမ်းကုန်းအုပ်စု စီပင်ကုန်းရွာတွင် နှစ်ဖက်မိဘများ၏သဘောတူညီမှုဖြင့် မင်္ဂလာဆောင်ထားပြီး ယနေ့အချိန်ထိကျွန်တော်၏ တရားဝင်ဇနီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မောင်ဆန်းလွင်(ခ)ကိုမောင်မောင်
၇/မလန(နိုင်)၀၇၈၈၁၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကျွန်စစ်သားရိပ်မွန်စက်မှုဇုန်အပိုင်း (၁)၊ စက်မှုမြေကွက်အမှတ်(၂၁+၂၂)အတွက် ဦးဌေးဦး ၁၀/ကတန(နိုင်) ၀၀၉၃၂၅ အမည်ဖြင့် စက်မှုမြေတန်ဖိုး(ပထမ)အရစ်ငွေကျပ်(သိန်းခြောက်ဆယ်တိတိ)ကို ၁၈-၂-၂၀၁၁ရက်စွဲပါ ငွေသွင်းချလန်အမှတ် ၂၃၅ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ပေးသွင်းခဲ့ပါသည်။ အဆိုပါငွေသွင်းချလန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ငွေသွင်းချလန်မိတ္တူမှန်ကို ဦးစိုးရ ၁၄/ဝခမ(နိုင်)၁၄၁၅၁၉က မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဆရာချမ်းဇော်ထက်
4 Skills & IELTS for High-Flyers
၃၁(၅လွှာ)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း 09 73109446
OPEN YOUR MIND AND MOUTH HERE!

ဆရာချမ်းဇော်ထက် ထွက်ပြီ 09 73109446
လျှပ်တစ်ပြက် အင်္ဂလိပ်စကားပြော
Speak up, Speak out
ချမ်းဇော်ထက် စာပေ ၃၁(၅လွှာ)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိန်ဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း)ဆည်မြောင်းဦးစီးဌာန
အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ အမှတ် ၁၃၂၀၊ သရဖီလမ်းနေ ဒေါ်ခင်ခင်စိန်၏ခင်ပွန်း ဦးစိန်ဝင်း (ညွှန်ကြားရေးမှူး-ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာနသည် ၂၁-၅-၂၀၁၃ရက် ည ၉:၅၅ နာရီတွင် ဗဟိုစည်ဆေးရုံကြီးတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစု
ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိန်ဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း)ဆည်မြောင်းဦးစီးဌာန
အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ အမှတ် ၁၃၂၀၊ သရဖီလမ်းနေ ဒေါ်ခင်ခင်စိန်၏ခင်ပွန်း ဦးစိန်ဝင်း (ညွှန်ကြားရေးမှူး-ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာနသည် ၂၁-၅-၂၀၁၃ရက် ည ၉:၅၅ နာရီတွင် ဗဟိုစည်ဆေးရုံကြီးတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်ဇော် ဒုညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး
ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိန်ဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း)ဆည်မြောင်းဦးစီးဌာန
အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ အမှတ် ၁၃၂၀၊ သရဖီလမ်းနေ ဒေါ်ခင်ခင်စိန်၏ခင်ပွန်း ဦးစိန်ဝင်း (ညွှန်ကြားရေးမှူး-ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာနသည် ၂၁-၅-၂၀၁၃ရက် ည ၉:၅၅ နာရီတွင် ဗဟိုစည်ဆေးရုံကြီးတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးမြင့်ထွန်း ဒုညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး
ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိန်ဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း)ဆည်မြောင်းဦးစီးဌာန
အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ အမှတ် ၁၃၂၀၊ သရဖီလမ်းနေ ဒေါ်ခင်ခင်စိန်၏ခင်ပွန်း ဦးစိန်ဝင်း (ညွှန်ကြားရေးမှူး-ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာနသည် ၂၁-၅-၂၀၁၃ရက် ည ၉:၅၅ နာရီတွင် ဗဟိုစည်ဆေးရုံကြီးတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု
တည်ဆောက်ရေး(၉)၊ ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိန်ဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း)ဆည်မြောင်းဦးစီးဌာန
အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ အမှတ် ၁၃၂၀၊ သရဖီလမ်းနေ ဒေါ်ခင်ခင်စိန်၏ခင်ပွန်း ဦးစိန်ဝင်း (ညွှန်ကြားရေးမှူး-ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာနသည် ၂၁-၅-၂၀၁၃ရက် ည ၉:၅၅ နာရီတွင် ဗဟိုစည်ဆေးရုံကြီးတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု
တည်ဆောက်ရေး(၆)၊ ဆည်မြောင်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာဦးမျိုးမြင့်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့
ဦးဆောင်နာယက၊ ဗဟိုရိုးစည်ဆေးရုံ

ဗဟိုရိုးစည်ဆေးရုံ၏ ဦးဆောင်နာယကကြီးဖြစ်သော ပါမောက္ခဦးမျိုးမြင့် ပါမောက္ခချုပ်(ငြိမ်း) (ဆေး-၁)သည် ၁၅-၅-၂၀၁၃ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗဟိုရိုးစည်ဆေးရုံမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

၁၃-၅-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇:၁၅နာရီတွင် ကွယ်လွန်သွားသည့် ချစ်လှစွာသော ခင်ပွန်း ကျေးဇူးရှင်ဖခင်ကြီး (ဆရာကြီးဦးလှကျော် -ငြိမ်း) ပညာရေးမှူး အသက် (၈၁)နှစ်အား အထူးဂရုစိုက်ကုသပေးသော S.S.C ဆေးရုံမှ ဆရာဝန်ကြီးများနှင့် ဆရာမများ နာရေးကိစ္စတွင် အဘက်ဘက်မှ ပြည့်စုံအောင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများဆွေမျိုးများအား အထူးကျေးဇူးတင်ရှိပါသည်။

ဇနီး- ဒေါ်တင်ညွန့်ကျော်
သမီးကြီး-မြသီတာကျော်
သမီးငယ်-ဒေါက်တာခင်ဥမ္မာကျော်
(သားဖွားမီးယပ်အထူးကု၊ လားရှိုး)
သားကြီး- သူရလှကျော်

အထူးဝမ်းနည်းကြေကွဲခြင်း

ဇေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင် (ငြိမ်း)
ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သမ္မတရုံးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး(ငြိမ်း) အမှတ်(၁)စက်မှုဝန်ကြီးဌာန
ဒုတိယဝန်ကြီး(ငြိမ်း) အမှတ်(၂)စက်မှုဝန်ကြီးဌာန
ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်(ငြိမ်း)
ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန
အသက်(၆၅)နှစ်

ဇေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း)သည် ၁၆-၅-၂၀၁၃ ရက် (ကြာသပတေးနေ့) ည ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကျန်ရစ်သူမောင်နှမများ
ဦးတင်မောင်လွင်၊ ဒေါ်ဆုဇီခိုင် (အငြိမ်းစားကျောင်းဆရာမ)
(ဦးအောင်ကြိုင်)၊ ဒေါ်ကေသီခိုင်
ဦးရဲညွန့်ခိုင် (PHOTO EMPEROR STUDIO)
ဦးအေးသောင်း (A.B AZIMUTH SHIPPING AGENCY)-
ဒေါ်လဲ့လဲ့ထွန်း
ဦးကျော်လွင်(အုပ်ချုပ်မှုဒါရိုက်တာ)-
ဒေါ်သင်းသင်းအေး(အုပ်ချုပ်မှုဒါရိုက်တာ) ရွှေသရဖီရိပ်မွန်

အထူးဝမ်းနည်းကြေကွဲခြင်း

ဇေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင် (ငြိမ်း)
ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သမ္မတရုံးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး(ငြိမ်း) အမှတ်(၁)စက်မှုဝန်ကြီးဌာန
ဒုတိယဝန်ကြီး(ငြိမ်း) အမှတ်(၂)စက်မှုဝန်ကြီးဌာန
ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်(ငြိမ်း)
ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန
အသက်(၆၅)နှစ်

ဇေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း)သည် ၁၆-၅-၂၀၁၃ ရက် (ကြာသပတေးနေ့) ည ၇:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

SCOMPLE INTERNATIONAL ENTERPRISE CO.,LTD.
ဦးဇော်နေထွန်း(ဥက္ကဋ္ဌ)၊ ဒေါ်သင်းသင်းအေး (Managing Director)နှင့် ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာဦးမျိုးမြင့်
အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး
ဥက္ကဋ္ဌ(မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့)ဥက္ကဋ္ဌ (မြန်မာနိုင်ငံဆေးကောင်စီ)
အသက်(၇၀)

ဆရာကြီး ပါမောက္ခဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နား၊ နှာခေါင်း၊ လည်ချောင်းရောဂါပညာအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်လှလှဝင်း(ဒုတိုင်းဥပဒေအရာရှိ၊ ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး)၏မိခင် ဒေါ်တင်တင်ဦး(ခ)ဒေါ်ထွန်းရီ အသက်(၈၈)နှစ်သည် ၁၉-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဥပဒေချုပ်၊ တိုင်းဥပဒေအရာရှိ၊
ဥပဒေအရာရှိများနှင့်ရုံးဝန်ထမ်းများ
ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး

ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရီရီ
အသက်(၈၀)

ညီအစ်မအရင်းတွေလို ချစ်ခင်ရပါသော ယယ်သူငယ်ချင်း နုနုရီ၏မိခင် ဒေါ်ရီရီသည် ၈-၅-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

မီမီတိုး၊ မို့မို့၊ သီတာလွင်
မသင်းနွယ်(ခ)မသီတာ၊ ချစ်ချစ်(ခ)မနီလာ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ယမင်းဆွေ
အသက်(၃၈)နှစ်

ဒေါ်ယမင်းဆွေ (ဆေးဘက်ကျွမ်းကျင်-၂၊ ဓာတ်မှန်)၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ဓာတ်မှန်ဌာနသည် ၂၁-၅-၂၀၁၃ရက် နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဟာဂျီဦးစိုးမြင့်-ဒေါက်တာခိုင်ခိုင်ကျော်
မန္တလာဆေးရုံမိသားစု

24-5-2013 (22).pmd 1 5/22/2013, 8:05 AM

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဝင်းမောင်(ခ)လင်ချင်ဟုတ် (ပုသိမ်မြို့)

B.Sc (Chemistry)

Managing Director Diamond Dragon Industry Co.,Ltd.

Director Diamond Dragon Co.,Ltd.

အသက်(၇၀)

ဦးဝင်းမောင်(ခ)လင်ချင်ဟုတ်သည် ၂၂-၅-၂၀၁၃ရက် နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးချစ်ခိုင်-ဒေါ်ခင်စိုးဝေ(မိသားစု)
ဒေင်အုပ်စု ကုမ္ပဏီလီမိတက်

ဦးမြင့်ရှိန်

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ မေဃဝတီကျောင်းလမ်း၊ မေခအိမ်ရာ၊ အမှတ် C-3နေ (ဦးဟန်ရှိန်-ဒေါ်မြင့်မြင့်)တို့၏သား၊ [ဒုတိယဗိုလ်မှူးကြီးလှဝင်း(ငြိမ်း)-ဒေါ်မြင့်မြင့်ဝင်း]တို့၏သားသမက်၊ ဒေါ်ပုလဲ(ခ)ဒေါ်ချောမ၏ခင်ပွန်း၊ ဦးစိန်ဝင်း-ဒေါ်ခင်မင်းဟန်တို့၏အစ်ကို၊ မောင်မြင့်ဝင်းဟန်၊ မပန်းအိဖြူ-မောင်သက်ဇော်လွင်တို့၏ဖခင်သည် ၂၂-၅-၂၀၁၃ရက် နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးမြင့်ရှိန်

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊ အမှတ် C-3၊ မေဃဝတီကျောင်းလမ်းနေ (ဒုတိယဗိုလ်မှူးကြီးလှဝင်း-ဒေါ်မြင့်မြင့်ဝင်း)တို့၏သားသမက်၊ ဒေါ်ပုလဲ(ခ)မချောမ၏ခင်ပွန်း၊ ဦးချစ်သန်းထွဋ်၏ညီ၊ ဦးကိုဝင်း-ဒေါ်နွယ်နီခင်၊ ဒေါ်မိုမိုဝင်း(ခ)မိငယ်တို့၏အစ်ကို၊မောင်ဇင်ဝင်းထိုက်(ခ)ကိုတွတ်၏ဘကြီးသည် ၂၂-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်ချစ်သိန်း (သထုံ)

(သိန်းသန်း ဇာဘော်လီ)

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၊ ပထပ်(ယာ)၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်းနေ (ဦးမောင်လွန်း-ဒေါ်စောမျှင်)တို့၏သမီးကြီး၊ (ဦးသန်း-ဒေါ်ကြည်)တို့၏ညီမ၊ (ဒေါ်ခင်သိန်း)၊ ဒေါ်ခင်သန်း၊ ဒေါ်တင်သန်း၊ (ဦးသန်းထွန်း)၊ (ဦးမြင့်အေး)-ဒေါ်သန်းတင်၊ ဦးသိန်းထွန်း-ဒေါ်စန်းမြင့်၊ ဦးမြင့်သိန်းတို့၏အစ်မကြီး၊ တူ/တူမ ၁၇ယောက်တို့၏ကြီးကြီး၊ မြေး ၂၆ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၅-၂၀၁၃ရက် ည ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ဓမ္မစိန္တာလမ်းနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်သန်းမူ

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ တော်ဝင်အိမ်ရာ၊တိုက် ၂၄၊အခန်း ၇နေ(ဦးအောင်မူ-ဒေါ်ညွန့်ညွန့်)တို့၏သမီး၊ ဦးအောင်စိုးဝင်း-မစုလတ်လှိုင်၊ ဦးကျော်စိုးသန်း-ဒေါ်ချောစုလှိုင်၊ ဦးထင်ရဲလှိုင်-ဒေါ်စောယုနှင်းတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား၊ ဦးမြလှိုင်(မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ ငြိမ်း)၏ဇနီးသည် ၂၃-၅-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၅-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ချစ်သိန်း (သထုံ)

(သိန်းသန်း ဇာဘော်လီ)

အသက်(၈၇)နှစ်

သထုံမြို့နေ ဦးမျိုးမြင့်ဦး-ဒေါ်စန်းစန်းမြင့်၊ဒေါ်အေးအေးမြင့်၊ ဦးဝင်းသိန်း-ဒေါ်ငွေငွေမြင့်၊ ဦးတင်ထွန်း-ဒေါ်သန်းသန်းငွေ၊ ဒေါ်သန်းသန်းထွေး၊ ဦးတင်လှ-ဒေါ်စန်းပွင့်၊ဦးဇော်ဇော်-ဒေါ်တင်နွဲ့၊ ဦးသိန်းဇော်-ဒေါ်မူမူအောင်၊ ဦးအောင်ကျော်ထူး-ဒေါ်လှလှကြည်၊ ရန်ကုန်မြို့နေ ဆရာဒွေး - ဒေါ်ကြည်ကြည်ဝင်း၊ ဦးစန်းလွင်-ဒေါ်ချိုချိုမြင့်၊ (ဦးအေးကိုကို) ဒေါ်အေးလှိုင်၊ ဦးတင်ကိုကို-ဒေါ်နီနီအောင်၊ ဦးအုန်းရွှေ-ဒေါ်ဖြူဖြူသိန်း၊ ဦးသက်ထွန်း-ဒေါ်ကေခိုင်ငွေ၊ ဦးတင့်လွင်-ဒေါ်နီနီသိန်း၊ ဦးမင်းမောင်တိုး-ဒေါ်ဝါဝါသိန်းတို့၏ကြီးကြီး၊ မြေး ၂၆ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၅-၂၀၁၃ရက် ည ၇း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [အမှတ် ၄၊ ပထပ်(ယာ)၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်းကြီး နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူ တူ၊ တူမများ

မောင်မောင်မျိုးသွယ်

အထက(၂)ဗဟန်း

ကျောင်းသားဟောင်း

အသက်(၃၄)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊အောင်သိဒ္ဓိလမ်း၊မဥ္ဇူလမ်းသွယ်၊အမှတ် ၂၂၂နေ ဦးမောင်မောင်တင်(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မြင့်မြင့်ရီ(အလပြ၊ ငြိမ်း၊ အထက-၂၊ စမ်းချောင်း)တို့၏သား၊ (ဦးတင်-ဒေါ်ပု)၊ (ဦးမောင်မောင်) - ဒေါ်သန်းသန်းဝင်းတို့၏မြေး၊ (ဦးမြသောင်း)-ဒေါ်လှဆင့်၊ (ဦးတင်ရှိန်)-ဒေါ်ခင်သန်းတင်၊ ဦးသိန်းဇော်-ဒေါ်သိန်းဟံ၊ ဦးတင်ကြူး-ဒေါ်စန်းစန်းတင်၊ ဦးစိန်မင်း-ဒေါ်ညွန့်ညွန့်တင်တို့၏တူ၊ (ဦးစိုးညွန့်-ဒေါ်မြင့်မြင့်ဝင်း)၊ ဦးသန်းဦး-(ဒေါ်မြင့်မြင့်ကြည်)၊ ဦးကိုကိုရီ-ဒေါ်မြင့်မြင့်သန်း၊ဦးခင်မောင်အုန်း-ဒေါ်မြင့်မြင့်သီ၊ ဦးမျိုးအောင်-ဒေါ်သီသီတင်၊ ဦးမြင့်အောင်-ဒေါ်မြင့်မြင့်ကြူ၊ ဦးမြင့်အောင်-ဒေါ်မြင့်မြင့်စိန်တို့၏တူသည် ၂၃-၅-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူဆွေမျိုးများ

ဒေါ်သောင်း (ဖျာပုံ)

ငွေစာရင်းအရာရှိ(ငြိမ်း)၊ ဆသရ

အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ ရတနာအိမ်ရာ၊ အခန်း ၅၀၅နေ (ဦးဘတင့်-ဒေါ်ထွေး)တို့၏သမီးကြီး၊ (ဦးငြိမ်းမောင်)၏ဇနီး၊ (ဦးလှမိုင်းဦး)-ဒေါ်အေးအေးသိန်း၊ ဦးလှမိုင်းပြည့်-ဒေါ်မေသန်းနွယ်၊ ဦးဇော်ထွန်းအောင်-ဒေါ်လှမိုင်းကျော့တို့၏မိခင်၊ ကျော်ကျော်ဦး-သူသူအောင်၊ ဝေဖြိုးလှမိုင်း-Clair Mine၊ Christopher Green-ဝတ်ရည်လှမိုင်း၊ ဝဏ္ဏလှမိုင်း၊ အေးဇော်ထွန်းအောင်-မေသန္တာကျော်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၁-၅-၂၀၁၃ရက် ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃ရက် နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်သောင်း(ဖျာပုံ) ငွေစာရင်းအရာရှိ(ငြိမ်း)၊ ဆသရ

အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ ရတနာအိမ်ရာ၊ အခန်း ၅၀၅နေ (ဦးဘတင့်-ဒေါ်ထွေး)တို့၏သမီးကြီး၊ (ဦးငြိမ်းမောင်)၏ဇနီး၊ (ဦးဘလှအောင်-ဒေါ်သန်း)၊(ဒေါ်လှတင်)၊ (ဦးထွန်းမောင်)-ဒေါ်လှခင်၊ (ဦးလှသိန်း)-ဒေါ်အုန်းရင်၊ (ဦးတင့်အောင်)-ဒေါ်စိန်စိန်၊ (ဒေါ်တင်တင်မေ)၊ ဦးမြင့်စိုး-ဒေါ်မေမေစန်း၊(ဦးခင်တင့်မောင်-ဒေါ်ခင်သန်းနွယ်)၊ (ဦးစွန်အိ)-ဒေါ်စန်းစန်းအိတို့၏အစ်မကြီးသည် ၂၁-၅-၂၀၁၃ရက် ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃ရက် နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်ကူးမွေး(ခ)ဒေါ်ကင်း

(ကျောက်စိမ်းမိသားစု)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁၃)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ် ၂၉၄နေ ဦးအံ့ကူ၊ ဦးနိုင်း၊ ဦးမြခဲ၊ ဒေါ်သိန်းသိန်း၊ ဒေါ်တင်တင်ကြိုင်၊ ဒေါ်ထွေးယုံတို့၏မိခင်ကြီးသည် ၂၂-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်ရွှေ (တောင်ငူ)

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃လမ်း၊ (၃)ရပ်ကွက်၊ ငွေကြာယံအိမ်ရာ၊ အမှတ် ၃၉၁နေ (ဦးတင်ကို)၏ဇနီး၊ ဦးကျော်သန်း-(ဒေါ်မြတ်မြဝင်း)၊ ဦးမောင်မောင်ဝင်း-ဒေါ်လွင်လွင်ဦး၊ ဒေါ်သန်းသန်းဝင်း၊ (ဦးအောင်ကျော်ဦး) ဒေါ်သန်းသန်းအေး၊ ဦးဝင်းဇော်-ဒေါ်ခင်စောအောင်၊ဦးသက်ခိုင်-ဒေါ်သန်းသန်းစိုးတို့၏မိခင်၊ မောင်လင်းထွန်းဦး၊ မနှင်းသက်ထား၊ မောင်သန့်စင်အောင်၊ မောင်နေသက်ခိုင်၊ မောင်သော်တာသက်ခိုင်တို့၏အဘွားသည် ၂၂-၅-၂၀၁၃ရက် ည ၁၀း၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

သိက္ခာတော်ရ ဆရာမကြီး ဒေါက်တာမေမေခင်

လွတ်လပ်သော မက်သဒစ်အသင်းတော်များအဖွဲ့ချုပ်ဥက္ကဋ္ဌ

လွတ်လပ်သော မက်သဒစ်အသင်းတော်(ရန်ကုန်)သင်းအုပ်ဆရာ

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၆လမ်း၊ အမှတ် ၁၃၁နေ (ဦးဘခင်-ဒေါ်သိန်းညွန့်)တို့၏သမီးကြီး၊ (ဦးဆယ်မြူရယ်-ဒေါ်မရီ)တို့၏ညီမ၊ (ဦးဒယ်နီရယ်)-ဒေါ်ဂျူလီတို့၏အစ်မ၊ တူ/တူမ ၁၁ယောက်၊ မြေး ၂၈ယောက်တို့၏အဖီးသည် ၂၂-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၅-၅-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် လွပ်လပ်သောမက်သဒစ်အသင်းတော်၊ အမှတ် ၂၅၆၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးဆန်းခိုင်ထွန်း(ခ) ဦးဖက်တီး

CDC-23670

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၁၁/က(မြေညီ)နေ ဒေါက်တာဦးထွန်းလင်း(ဆေးရုံအုပ်၊ ငြိမ်း၊ ကူးစက်ဆေးရုံ)-(ဒေါ်ခင်သီကြွယ်၊ ကျောင်းအုပ်ကြီး၊ ငြိမ်း၊ ထ-၂၊ သင်္ဃန်းကျွန်း)တို့၏သားငယ်၊(ဦးအောင်စိုး) - ဒေါ်တင်မြိုင်တို့၏သားသမက်၊ တိုက် ၂၁/က (ငါးလွှာ)၊ အောင်ဇေယျလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဒေါ်လှလှစိုး၏ခင်ပွန်း၊ မမြတ်နိုးဦး (Grade-4၊ အမက-၁၈၊ တာမွေ)၏ဖခင်၊ဒေါ်ခိုင်သီထွန်း(TNS)၊ (ဦးအောင်ခိုင်ထွန်း)-ဒေါ်စီစီယု(အမက-၉၊ အရှေ့ဒဂုံ)၊ ဦးဝင်းမြတ်ထွဋ်၊ ဒေါ်မဉ္ဇူအောင်တို့၏မောင်/ညီ/အစ်ကို၊ ဦးဝင်းမောင်-ဒေါ်သန်းသန်းနု၊ ဦးသိန်းစိုး-ဒေါ်သန်းသန်းအေး၊ ဦးကျော်စိုး-ဒေါ်သန္တာဝင်းတို့၏ညီ၊ တူ၊ တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၂၃-၅-၂၀၁၃ရက် နံနက် ၅နာရီတွင် SSC ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(တောင်မြင်းပြိုင်ကွင်းလမ်း နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်အာလ်ဖာဘီ(ခ) ဒေါ်အေးကြည်

သုခနာရေးကူညီမှု

အသင်းဝင်အမှတ်(၇၆)

အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်နေ(ဦးစီကံဒါရ်-ဒေါ်ဇူးဇံ)တို့၏သမီးချွေးမ၊(ဦးမူရာရတ်အလီ-ဒေါ်တင့်)တို့၏သမီး၊ ဇရာဝတီလမ်း၊ ခြံအမှတ် ၂၃/Aနေ (ဆရာဦးလတစ်)၏ဇနီး၊(ဦးသိန်းအောင်) Tour Guide (Chinese & English)-ဒေါ်သန်းသန်းနု၊ ဟာဖိဇ်မော်လဝီဟာဂျီဦးဂျလီ-ဒေါ်လှမြိုင်၊ဦးတင်ဝင်း(ခေတ္တ-မလေးရှား) - ဒေါ်ယဉ်ယဉ်အောင်၊ ဦးသိန်းအောင် - ဒေါ်မချို (အလီဘိုင်ဒ်ပေါက်)၊ ဦးတင်အောင်-ဒေါ်ခင်အေး၊ မော်လဝီဘေလား၊ ဦးကိုနီ(မြန်မာဟိန်းထက် ဆောက်လုပ်ရေး) - ဒေါ်မြမြချစ်၊ မသန်းသန်းငွေ(ခ)မခွန်ရှစ်၊(ဦးခင်မောင်လွင်)-ဒေါ်ကြည်ကြည်လွင်၊ကိုမင်းသိန်း(ရာအိမ်မှူး၊ သစ်ဆိမ့်ကုန်းရပ်ကွက်)တို့၏မိခင်၊ မြေး ၂၂ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၉-၅-၂၀၁၃ရက်(ကြာသပတေးနေ့)နံနက် ၉နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အစ္စရ်နမာဇ်အပြီးတွင် ခလောက်ကွန်ဒိုင်ရပ်ကွက်ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့် (ရခိုင်ချောင်)

အသက်(၈၉)နှစ်

သုဝဏ္ဏမြို့၊ (၂၅)ရပ်ကွက်၊ ချယ်ရီလမ်း၊ တိုက်အမှတ် ၂၀၆၊ အခန်း ၈နေ (ဦးဘသွင် - ဒေါ်ဖွား)တို့၏သမီး၊ (ဦးသိန်းကြည်)၏ဇနီး၊ ဦးသာဟန်-ဒေါ်လှသောင်း၊ ဦးစိုးမြင့်-ဒေါ်မာလာလှိုင်၊ ဦးစိုးဆင့်-ဒေါ်ဥမ္မာသိန်း၊ ဦးစိုးတင့်-ဒေါ် ဝင်းငွေ၊ ဦးထွန်းခင်-ဒေါ်သစ်သစ်ကြည်၊ဦးအောင်မြင့်-ဒေါ်နီနီမာ၊ဦးဇော်ဝင်း-ဒေါ်ယဉ်ယဉ်ကြည်၊ ဦးဝင်းမော်-ဒေါ်စန်းစန်းမော်၊ ဦးမောင်မောင်ဝင်း-ဒေါ်မြတ်လေးနွယ်၊ (ဦးကျော်လင်း)၊ ဦးအောင်ခိုင်-ဒေါ်မာမာစန်းတို့၏ မိခင်၊ မြေး ၁၈ယောက်၊ မြစ် ၁၀ယောက်တို့၏အဘွားသည်၂၃-၅-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများမွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြမောင်

ဘူမိဗေဒ ပုံဆွဲ(ငြိမ်း)

(ရန်ကုန်တက္ကသိုလ်)

အသက်(၈၀)

ရန်ကုန်မြို့၊အမှတ် ၂၈(က)၊တကောင်း၂လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးကျော်ခင်-ဒေါ်ကျင်ဆင့်)(ဒေးဒရဲမြို့နယ်)တို့၏သား၊ (ဦးပါငယ်)-ဒေါ်မြရီတို့၏မောင်၊ ဒေါ်အေးအေးမူ(ဦးစီးအရာရှိ၊ DBE 1)၏ခင်ပွန်း၊ ဦးဝင်းရှိန်-ဒေါ်သိန်းသိန်းမြင့်၊ မကြည်ကြည်နွယ်၊ မဝါဝါမောင် (အမက၊ တလုတ္တော်ကျေးရွာ၊ ကော့မှူးမြို့နယ်)၊ မောင်သက်နိုင်မောင်၊ မသန္တာမောင်တို့၏ဖခင်သည် ၂၀-၅-၂၀၁၃ရက် ည၈နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၄၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှမောင်

လေးတောင်တိုက်နယ်၊ရွာဟောင်းရွာ

အသက်(၅၉)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ ရွာဟောင်းကျေးရွာနေ (ဦးကောင်းစံ - ဒေါ်ငွေအောင်မ)တို့၏သား၊(ဦးဝေလှအောင်-ဒေါ်မဲကျီခဲ)တို့၏သားသမက်၊မဇင်ဇင်ခိုင်၊ဗိုလ်ကြီးနေဖြိုး၊မသက်မြတ်နိုးတို့၏ဖခင်၊ ဒေါ်လှဝင်းကြည်၏ခင်ပွန်းသည် ၂၂-၅-၂၀၁၃ရက် ညနေ ၅း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တိုက် ၁၁၊ အခန်း ၂၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးအိမ်ရာ၊ မရမ်းကုန်းမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်မွေး

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ အမှတ် ၇၉-A၊ မြို့ပတ်လမ်းနေ (ဦးတက်ဆွယ်)-ဒေါ်ကျင်ရီတို့၏သမီး၊ ဦးမောင်မောင်သိန်း-ဒေါ်ညွန့်ညွန့်ရီ၊ဦးမြင့်ဝင်း-ဒေါ်ခင်မြင့်ဆွေတို့၏ညီမ၊ ဦးခိုင်ဇော်ဝင်း(လ/ထ ဌာနမှူး၊ အင်ဂျင်နီယာဌာန၊ လမ်းနှင့်တံတား၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်မျိုးသီတာမြင့်တို့၏အစ်မ၊ ဦးစောငွေးအောင်၏ဇနီး၊ ဒေါက်တာသိမ့်ဆုလာဘ်မွေး၏မိခင်သည် ၂၃-၅-၂၀၁၃ရက်(ကြာသပတေးနေ့)နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးထွန်းလှိုင်

အသက်(၉၉)နှစ်

မွန်ပြည်နယ်၊ တောင်စွန်းရွာနေ(ဦးသာဝ-ဒေါ်မေဥ)တို့၏သား၊ (ဦးဘရင်-ဒေါ်ကြင်ဟုန်)တို့၏သားသမက်၊ သိမ်ဇရပ်မြို့နယ်နေ (ဒေါ်ခင်မြ)၏ခင်ပွန်း၊ (ဦးကြင်ထိန်)-ဒေါ်ခင်စန်းကြူ၊ (ဦးမောင်ကို)-ဒေါ်ခင်ပြုံးကြည်၊ ဦးလှဘော်သူ-ဒေါ်ကြင်ကြင်မြိုင်၊ ဦးငွေဝင်း(မန်နေဂျာ၊ စစ်တောင်းစက္ကူစက်)-ဒေါ်မိမိခိုင်(ကျောင်းအုပ်ကြီး၊ အလကခွဲ၊ နဝရတ်)၊ ဦးထိန်ဝင်း-ဒေါ်ခင်ငွေးကြူ၊ (ဦးစောဟန်သိန်း)-ဒေါ်ခင်စန်းဝေ(အထက၊ သိမ်ဇရပ်)၊ ဦးမြင့်စိုး-ဒေါ်ခင်အုန်းသန့်၊ ဦးစောဝင်းသိန်း(တောအုပ်ကြီး၊ ငြိမ်း)-ဒေါ်ခင်သီတာလှိုင်တို့၏ဖခင်၊ မြေး ၂၈ယောက်၊ မြစ် ၂၁ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၃ရက်(သောကြာနေ့)တွင် သိမ်ဇရပ်၊ မြို့မ(၁)ရပ်ကွက်၊ အမှတ် ၁၀၀နေအိမ်မှ မွန်းလွဲ ၁နာရီတွင် သိမ်ဇရပ်မြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၃ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊ ဇရပ် ဒါယကာကြီး

ဗိုလ်ကြီးစောဖေ (ငြိမ်း)

(ကြည်း-၉၄၈၀)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ အမှတ် ၁၀၈၊ ခွန်နီ ၃လမ်းနေ ဒေါ်ကြွယ်ကြွယ်၏ခင်ပွန်း၊ ဆရာလေး ဒေါ်တိသထေရ်ရီ(သဲအင်း)၊ ဒေါ်မမကြီး၊ ဒေါ်မမလေးတို့၏အစ်ကိုကြီး၊ ဦးချစ်ညွန့်-ဒေါ်ခင်နွဲ့နွဲ့ရီ၊ ဒေါ်ခင်စန်းစန်းရီ(D.T.V.E၊ ရုံးခွဲ၊ ရန်ကုန်)၊ ဦးသက်လွင်ဦး-ဒေါ်ခင်နှင်းအေး၊ ဦးဉာဏ်ဝင်း(M.P.E၊ ဌာနမှူး)-ဒေါ်နွယ်နီဝင်း၊ ဦးဇော်မင်း-ဒေါ်လဲ့ရည်ဝင်းတို့၏ဖခင်၊ မောင်စိုင်းနေမွန်၊ မောင်နေလွင်(Miraco)၊ ခင်ဇော်ဦး၊ ခင်ဂျက်မောင်-မနှင်းမုံဝင်း၊ မောင်ထက်ဝေယံ(M.P.E, M.T ရွှေပြည်သာ)-မချိုချိုလွင်၊ မောင်ရန်နောင်ဉာဏ်ဝင်း(B.S.C Geal)၊ မောင်ဖွဲ့ပြည့်သျှန်(အထက၊သုဝဏ္ဏ၊ X)တို့၏အဘိုး၊ မရွှေမှုံချယ်၏အဘိုးသည် ၂၂-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၂၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၃ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ယဉ်ပြုံး

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

စလင်းမြို့

အသက်(၈၄)နှစ်

စလင်းမြို့၊ မြင်ဒင်ရပ်၊ စိတ္တာသုခလမ်း၊ အမှတ် ၅နေ (ဦးစိန်ကြွယ်-ဒေါ်ချော)တို့၏သမီး၊ (ဦးမောင်မောင်မြ)၊ ဒေါ်မြသီ၊ ဦးမောင်မောင်လှ(ငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်)၊ ဒေါ်ခင်ကြည်၊ (ရှင်နောင်း)တို့၏အစ်မ၊ ဒေါက်တာလှမာလာ[မျက်စိအထူးကုဆရာဝန်၊ပျဉ်းမနားမြို့(ခုတင်-၂၀၀)ဆေးရုံ]၊ ဦးလှသူရိန်၊ ဦးစောကျော်ရှိန်(CO/Uniteam)၊ ဒေါ်ကလျာတို့၏အဒေါ်၊ အိန္ဒြာသဇင်မင်းတို့၏အဘွားသည် ၂၃-၅-၂၀၁၃ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၁၃ရက် ညနေ ၃နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးထွန်းကြိုင် (ကမာစ)

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၈၊ ဗဟိုလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ်နေ(ဦးရွှေခ-ဒေါ်တင်)တို့၏သား၊ (ဒေါ်ရီရီ)၏ခင်ပွန်း၊ဒေါ်ခင်ညွန့်၊ဦးငွေးအောင်-ဒေါ်တင်တင်ဝင်း၊ (ဦးဘုန်းမြင့်နိုင်)-ဒေါ်အေးအေးသန်း၊ ဦးသန့်ဇင်၊ ဦးသန့်လွင်၊ ဦးမောင်-ဒေါ်အေးအေးခိုင်၊ Mr. Rond Choung - ဒေါ်နုနုလွင်၊ ဦးသန်းအောင်-ဒေါ်နီနီအောင်၊ ဦးဝင်းနိုင်-ဒေါ်မူမူတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၃-၅-၂၀၁၃ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်မေရီ

ဦးစီးအရာရှိ(ငြိမ်း)

နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန

(M.E.I.S ဝန်ထမ်းဟောင်း)

အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ (ဦးဘိုကြီး-ဒေါ်တင်)တို့၏သမီးကြီး၊ (ဦးမင်းဒင်-ဒေါ်နှင်းရီ)တို့၏သမီးချွေးမ၊ အမှတ် ၉၂၊ ၁၂၃လမ်းနေ (ဦးအောင်ကြွယ်၊ စက်မှု-၁၊ ငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၁၀၉(လေးလွှာ)၊သမိန်ဗရမ်းလမ်းနေ (ကိုအောင်ဇင်ဦး)၊ ကိုငွေးလွင်-မသက်သက်အောင်၊ ကိုအောင်သင်းမောင် - မမိုးပပအောင်၊ မဖြူဖြူအောင်တို့၏မိခင်ကြီး၊ မောင်နေလင်း၊ မောင်ကျော်ဇော၊ မောင်မြတ်သုတတို့၏အဘွားသည် ၂၂-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၁၀၉၊ လေးလွှာ၊ သမိန်ဗရမ်းလမ်း၊တာမွေမြို့နယ်နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မောင်မောင်မျိုးသွယ်

အထက(၂)ဗဟန်း

ကျောင်းသားဟောင်း

အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိလမ်း၊မဥ္ဇူလမ်းသွယ်၊ အမှတ် ၂၂၂နေ ဦးမောင်မောင်တင် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မြင့်မြင့်ရီ(အလပြ၊ ငြိမ်း၊ အထက-၂၊ စမ်းချောင်း)တို့၏သား၊ ကျော်ဝင်းထွန်း(မြန်မာမဟာထွန်းကုမ္ပဏီ)၊ စိမ့်ရီရီတင်(ရွှေနေဝန်းကုမ္ပဏီ)တို့၏ညီ/မောင်သည် ၂၃-၅-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

မြန်မာ-အမေရိကန်စာချုပ်များအရ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မည်

နေပြည်တော် မေ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ပထမစာချုပ်မှာ မေ ၂၁ ရက် ဒေသစံတော်ချိန်နံနက် ၉ နာရီတွင် ဝါရှင်တန်မြို့ရှိ အမေရိကန်ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ်ရုံး၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် အမေရိကန်ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ်ရုံး ယာယီအကြီးအကဲ Mr.Demetrious J. Marantis တို့ ချုပ်ဆိုခဲ့သည့် မြန်မာ-အမေရိကန်နှစ်နိုင်ငံအစိုးရတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင်သဘောတူညီချက် (Trade and Investment Framework Agreement Between Government of Myanmar and Government of United States -TIFA) ဖြစ်သည်။

လက်မှတ်ရေးထိုး

ထို့နောက် ဝါရှင်တန်မြို့ရှိ ပင်လယ်ရပ်ခြားပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (Overseas Private Investment Corporation-OPIC) ရုံး၌ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် အဆိုပါ OPIC ကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ် Mrs. Elizabeth L. Littlefield တို့က မြန်မာ-အမေရိကန် နှစ်နိုင်ငံအစိုးရတို့အကြား ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးဆိုင်ရာ သဘောတူစာချုပ် (Investment Incentive Agreement Between Government of Myanmar and Government of United States- IIA) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

သဘောတူစာချုပ်များ ချုပ်ဆိုခဲ့မှုနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းအား မေးမြန်းခဲ့ရာ ပထမစာချုပ်အရ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ ဒုတိယစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့်လည်း မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ အသေးစားငွေကြေးလုပ်ငန်းကဏ္ဍ၊ ငွေကြေးဆိုင်ရာ အခြေခံအဆောက်အအုံများကဏ္ဍ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများကဏ္ဍတို့အပါအဝင် ကဏ္ဍများစွာတွင် အကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၄ ❐

အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲ မြန်မာအသင်းယှဉ်ပြိုင်မည်

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

အာဆီယံဒေသအတွင်းမှ လူငယ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲကို မလေးရှားဘောလုံးအဖွဲ့ချုပ်နှင့် FAM-FRENZ ဘောလုံးအကယ်ဒမီတို့ ပူးပေါင်းကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို မေ ၂၅ ရက်မှ စတင်ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များမှ ဗိုလ်လုပွဲအထိ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် နှစ်ကျော့ကစားသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို မြန်မာလူငယ်အသင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အသင်း ၁၂ သင်းကို ခြောက်သင်း၊ နှစ်အုပ်စုခွဲကာ ကျင်းပသွားမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ တီမော၊ စင်ကာပူ၊ မလေးရှား(က)၊ အုပ်စု(ခ)တွင် မလေးရှား(ခ)၊ မြန်မာ၊ လာအို၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ အင်ဒိုနီးရှားတို့ပါဝင်ကြသည်။ ထိုင်း၊ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့မှာ လူငယ်ကလပ်အသင်းများနှင့်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကျန်အသင်းများမှာ သက်ဆိုင်ရာ ဘောလုံးအဖွဲ့ချုပ်များ၏ ဘောလုံးအကယ်ဒမီအသင်းများနှင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာလူငယ်အသင်းမှာ မန္တလေးဘောလုံးအကယ်ဒမီမှ ယူ-၁၅ ကစားသမားများဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နည်းပြအဖြစ် ဘရာဇီးလူမျိုးမားကို့စ်က ကိုင်တွယ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာလူငယ်အသင်း။

ပြိုင်ပွဲဝင်မည့် မြန်မာလူငယ်အသင်းတွင် နည်းပြချုပ် မားကို့စ်၊ လက်ထောက်နည်းပြ ဦးအောင်အောင်ထွန်း **ဂိုး**-စောဌေး၊ ပိုးမင်းခန့်ဘုန်း၊ သဉ္ဇာမင်း၊ **နောက်တန်း**-ကျော်ဇင်စိုး၊ ဟိန်းဖြိုးဝင်း၊ ရဲရင့်ဘို၊ မင်းမြတ်ကျော်၊ သက်ဇော်မင်း၊ မင်းသူ၊ ရဲရင့်အောင်၊ စိုးမိုးထွန်း၊ နိုင်ဝင်းထွဋ်၊ **အလယ်တန်း**-နေဦးလွင်၊ ကျော်ဇင်ဦး၊ မျိုးသက်နောင်၊ သီဟထွန်းကျော်၊ ကျော်လွင်မိုး၊ **ရှေ့တန်း**- ရွှေဘို၊ ဥက္ကာဗိုလ်၊ မိုးမင်းဇော်၊ အောင်ကောင်းဟန်၊ ဇွဲသက်ပိုင်၊ စအောင်ပြည့်ကိုတို့

စာမျက်နှာ ၈ ကော်လံ ၁ ▲

ယနေ့ မာတိကာ

ကွန်ဂိုနိုင်ငံသို့ ဘန်ကီမွန်း သွားရောက် စာ - ၄
ဆီးဂိမ်းအတွက် လေ့ကျင့်နေသည့် မြန်မာယူ-၂၃ နှင့် MNL ညွှန့်ပေါင်းအသင်းတို့ ခြေစမ်းမည် စာ - ၇
မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးအပေါ် သူတို့အမြင် စာ - ၁၀
အင်းတော်မြို့နယ် နားနောင်ကျေးရွာတွင် ဂျပန်စစ်သား တစ်ဦး၏ ရုပ်ကြွင်းအရိုးစု တွေ့ရှိ စာ - ၁၁
ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း စာ - ၁၂
ပေကုန်းရွာ နန့်သဲလိမ်ချောင်း လူကူးတံတားဟောင်း အဆင့်မြှင့်ပြုပြင် စာ - ၁၃
စီရီနယ်ဒိုနှင့် မော်ရင်ဟို နှစ်ပွဲပိတ်ပင်ခံရ စာ - ၁၄

ထီးခီးစစ်ဆေးရေးဂိတ်အနီးတွင် ထိုင်းနိုင်ငံသားနှစ်ဦးအား မြန်မာငွေစက္ကူအတုများနှင့် ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၃

မေ ၂၁ ရက် နံနက် ၁၀ နာရီခန့်က ထိုင်းနိုင်ငံမှ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိလာသော ထိုင်းနိုင်ငံ လှဘော်လီမြို့ ဇွန်ဖွီမြို့နယ်ခွဲ ဒန်တက်တထိုကျေးရွာနေ မစ္စတာ တာဟူး ၅၇ နှစ်နှင့်ဇနီးဖြစ်သူ မစ္စချန် ၄၁ နှစ်တို့ နှစ်ဦးသည် ထီးခီးစစ်ဆေးရေးဂိတ်အနီး၌ မြန်မာငွေနှင့် ထိုင်းဘတ်ငွေလဲလှယ်ရန်ဆောင်ရွက်နေစဉ် မသင်္ကာသဖြင့် ထီးခီးကုန်သွယ်ရေးစခန်းတာဝန်ကျအဖွဲ့က ခေါ်ယူစစ်ဆေးခဲ့ရာ မစ္စတာ တာဟူးနှင့်အတူ ပါလာသော အညိုရောင်ချည်ထည်ဖြင့် ရက်လုပ်ထားသည့် ရှမ်းလွယ်အိတ်အတွင်းမှ မြန်မာငွေစက္ကူအတု ၁၀၀၀ ကျပ်တန် ရွက် ၁၀၀၊ ၅၀၀၀ ကျပ်တန် ၁၉၄ ရွက်တို့အား စစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

ဖမ်းဆီးရမိသည့် ငွေကျပ် ၅၀၀၀ တန် မြန်မာငွေစက္ကူအတု။